# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 2 May 2018 ၉၂၇၄


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

သတင်းထုတ်ပြန်ချက်

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအသိုက်အဝန်း၏အကူအညီကို ကြိုဆိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ၎င်းတို့နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခွင့် ရရှိခဲ့ခြင်းကိုလည်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို အဖြေရှာဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် ကုလသမဂ္ဂလက်အောက်ခံအေဂျင်စီများနှင့် ရခိုင်ပြည်နယ်တွင် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ဒုက္ခသည်များ လုံခြုံစွာဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့ မောင်တောဒေသအခြေအနေများအား လိုက်လံကြည့်ရှု

**စစ်တွေ မေ ၁**

နေပြည်တော်တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ဦးဆောင်ပြီး မောင်တောဒေသအခြေအနေများကို ကြည့်ရှုရန် ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့အား လေဆိပ်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့က ခရီးစဉ်အတွင်း သွားရောက်မည့်နေရာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာ၌ အစ္စလာမ်ဘာသာဝင်မိသားစုများနှင့် လွတ်လပ်စွာ တွေ့ဆုံကြစဉ်။




# ကြေးမုံ

## ကောင်းမြတ်သည့်စေတနာဖြင့် လုပ်ငန်းတာဝန် ကျေပွန်စွာထမ်းဆောင်

လူတို့၏အပြုအမူ အပြောအဆို အလုပ်အကိုင်ဟူသမျှတို့၌ စေတနာသည် ပါရစမြဲဖြစ်သည်။ စေတနာဟုဆိုရာ၌ ကောင်းမွန်သည့်စေတနာရှိသလို ဆိုးယုတ်သည့် စေတနာလည်း ရှိသည်။ အလုပ်တစ်ခုကို လုပ်ကိုင်ရာ၌ စေတနာမှန်သော အလုပ်ဖြစ်နိုင်သလို စေတနာမမှန်သော အလုပ် သို့တည်းမဟုတ် စေတနာမပါသော အလုပ်လည်းဖြစ်နိုင်သည်။ စေတနာမပါသော အလုပ်ဖြစ်ပါက မည်သည့်နည်းနှင့်မျှ ကောင်းသောရလဒ်ကို မဖြစ်ပေါ်နိုင်ချေ။

ဤလောက၌ အများနှင့်သက်ဆိုင်သော အလုပ်ဟူသမျှကို လုပ်ကိုင်ရာတွင် ကောင်းမြတ်သောစေတနာပါရှိနိုင်ရန် လိုအပ်သည်။ လူတစ်ဦးတစ်ယောက်သည် အလုပ်တစ်ခုအား အခကြေးငွေရရှိမှုကြောင့် လုပ်ရသည်ဖြစ်စေ၊ စေတနာ့ဝန်ထမ်း လုပ်ကိုင်ရသည်ဖြစ်စေ အလုပ်တစ်ခုအတွက် ဆောင်ရွက်ရပါက ထိုအလုပ်နှင့်ထိုက်တန်သော ကောင်းမွန်သည့် စိတ်စေတနာများ ထားရှိဖို့လိုအပ်ပေသည်။

လူတစ်ဦးတစ်ယောက်သည် အများသူငါ သောက်သုံးရေအတွက် သန့်ရှင်းသောရေကို ဖြည့်တင်းလဲလှယ်ခြင်းသည် ကောင်းမွန်သည့် စေတနာ နှလုံးသွင်းကာ ဆောင်ရွက်ခြင်းဖြစ်သည်။ အစားအသောက် ရောင်းချသော ဈေးသည်တစ်ဦးသည် ဝင်ငွေရလို၍ ဈေးရောင်းခြင်းဖြစ်သော်ငြားလည်း မိမိရောင်းချသည့် ရောင်းကုန်ပစ္စည်းကို ဝယ်ယူစားသုံးသူတို့အပေါ်တွင် စေတနာထားကာ ဆောင်ရွက်ရသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးရသူများ ဖြစ်သည်။ အများပြည်သူနှင့် ဆက်ဆံရသော ဝန်ထမ်းများအနေဖြင့် မိမိအလုပ်ကို ပေးအပ်ထားသော တာဝန်အရ ဆောင်ရွက်ကြရာ၌ ဝတ်ကျေတန်းကျေ ဆောင်ရွက်ခြင်းမပြုဘဲ မွန်မြတ်သောစေတနာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝန်ထမ်းများရရှိခံစားသော လစာရိက္ခာများသည် ပြည်သူ့ဘဏ္ဍာငွေများဖြစ်၍ ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်ရာ၌ ပို၍ပင် စေတနာကောင်းထားသင့်သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် စိတ်ကောင်း စေတနာကောင်းထား၍ ဆက်ဆံလုပ်ကိုင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ကျေးဇူးကို သိတတ်ရာလည်း ရောက်ပေသည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သော၊ အများပြည်သူနှင့်သက်ဆိုင်သော အလုပ်များကို လုပ်ကိုင်ရာ၌ နိုင်ငံ့ဝန်ထမ်းများအားလုံး ကောင်းမွန်သော စေတနာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက ထိုနိုင်ငံသည် မုချကြီးပွားတိုးတက်လာမည်မှာ မလွဲဧကန်အမှန်ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်းရှိ ပြည်သူလူထုအနေဖြင့်လည်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံစေနိုင်သည်။

နိုင်ငံ့ဝန်ထမ်းများက နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်များကို ကျေပွန်စွာ ထမ်းရွက်ကြသလို နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအတွက် ရပိုင်ခွင့်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး၊ စားဝတ်နေမှု ချောင်လည်စေရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအပါအဝင် ဝန်ထမ်းများအားလုံးကို လုပ်ခလစာများ တိုးမြှင့်သတ်မှတ်ပေးကာ ခံစားခွင့်ပြုခဲ့သည်။ ပြင်ပအလုပ်သမားများကိုလည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန်စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ လုပ်ခလစာကို ခေတ်အဆက်ဆက် တိုးမြှင့်ပေးခဲ့ရာ ယခုလစာ တိုးမြှင့်မှုမှာ ၁၅ ကြိမ်မြောက်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ဝန်ထမ်းများ၏အကျိုးစီးပွားကို နိုင်ငံတော်အစိုးရက မျက်ခြည်မပြတ်ကြည့်ရှုလေ့လာကာ ဆောင်ရွက်ပေးခြင်းဖြစ်သည်နှင့်အညီ ဝန်ထမ်းများကလည်း နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို စေတနာထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အများအကျိုးကို ဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် လူတိုင်းလူတိုင်းသည် ဖြူစင်သောစိတ်ထား၊ မွန်မြတ်သောစေတနာဖြင့် ဆောင်ရွက်ကြခြင်းဖြင့် စေတနာကောင်း၊ အလုပ်ကောင်းများဖြစ်လာကာ နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုး တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ဒုတိယဝန်ကြီး ဦးကျော်လင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဧပြီ ၂၉ ရက်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (မြစ်ကြီးနား-ဆွမ်ပရာဘွမ်အပိုင်း) လမ်း တံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် လမ်းမိုင် (၆၃/၀) အနီး ပူတာအို၊ဆွမ်ပရာဘွမ်မြို့တို့မှ ဆင်းလာသော ကုန်ကားများနှင့် မိုင်တိုင် (၆၄/၃) တွင် မြစ်ကြီးနားမှ ပူတာအို အတက်ကုန်ကားများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ကုန်စည်ပို့ဆောင်မှု အခြေအနေနှင့် လမ်းအခြေအနေများကို တွေ့ဆုံ မေးမြန်းသည်။ ယင်းနောက် မိုင်တိုင်(၇၇/၂-၇၇/၃) ကြားရှိ (၂/၇၇) ဒရုခ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေ အနေများကိုလည်းကောင်း၊ မိုင်တိုင် (၅၃/၀) တီယန်ဇွပ်ရွာအနီး ကတ္တရာ လမ်းခင်းခြင်း လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မိုင်တိုင် (၄၉/၀) နှင့် မိုင်တိုင်(၄၅/၀) တို့တွင် ပုဂ္ဂလိကကုမ္ပဏီများမှ ကတ္တရာလမ်းခင်းနေမှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်(၄၆/၆) ရှိ အင်ဂျစ်သံကူကွန်ကရစ် တံတား တံတားအမှတ် (၃/၄၁) အင်စွပ်တံတားနှင့် တံတားအမှတ် (၂/၃၆) ဖုန်အင်တံတားများ ကြံ့ခိုင်မှု အခြေအနေများကို လည်းကောင်း၊ မိုင်တိုင် (၄၂/၆) အနီးရှိ စက်၊ ယန္တရားများနှင့် ၃၄ပေအကျယ် လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုင် (၃၇/၀-၃၇/၁) အကြား မလိခမြစ်ရေ တိုက်စားမှုကြောင့် လမ်းသား ပြိုကျသည့် နေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက လမ်းပိုင်းတွင် ကုမ္ပဏီ ခုနစ်ခုမှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းများကို ယခုနှစ် မိုးစတင်ရွာနေပြီဖြစ်၍ မိုးမများမီ လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီစွာဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ လမ်းခင်းကျောက်များ သတ်မှတ် အရွယ်အစားအတိုင်းရအောင် ခွဲစိတ်၍ဆောင်ရွက်သွားရေးတာဝန်ခံ အင်ဂျင်နီယာများက အနီးကပ် ကြီးကြပ်သွားကြရန်၊ အင်စွပ်တံတားနှင့် ဖုန်အင်တံတားတို့ တံတားဟောင်းသံပေါင်များအား အမြန် ဖြုတ်သိမ်းထားရန်၊ ဖုန်အင်တံတား၏ မြစ်ကြီးနားဘက်ခြမ်း ကမ်းကပ်ခုံအနီး ရေမြောင်းအား ရေထုတ်ပိုက် စနစ်တကျ ဆောင်ရွက်သွားရန်၊ မလိခ မြစ်ရေ တိုက်စားသော နေရာတွင် မြေထိန်းနံရံ ဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ကို စနစ်တကျ တွက်ချက်ဆောင်ရွက် သွားကြ ရန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး တိုင်းအဆင့် ကင်းထောက်အခြေခံသင်တန်းဖွင့်

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ပညာရပ်များကို မြို့ပြတွင်သာမက နိုင်ငံအနှံ့ ဒေသအသီးသီးအထိ ပြည်သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပို့ချ သင်ကြားပေးရေး အစီအစဉ်အရ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းအဆင့်အခြေခံ ကင်းထောက်သင်တန်းဖွင့်ပွဲကို သာယာဝတီခရိုင် အုတ်ဖိုမြို့ အခြေခံ ပညာ အထက်တန်းကျောင်း၌ ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းနှင့် ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးကျော်ဆင့်တို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံကင်းထောက်သမိုင်းနှင့် ၂၀၁၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် ကင်းထောက်ပြန်လည် ဖွဲ့စည်းလာပုံ၊ ကင်းထောက်သင်တန်းများ၊ တွေ့ဆုံပွဲများ၊ နိုင်ငံတကာ ကင်းထောက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာပုံနှင့် ပြည်သူ့အကျိုးပြု ကင်းထောက်လှုပ်ရှားမှုများ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ ဦးစားပေးလုပ်ငန်းဖြစ်သည့် ငြိမ်းချမ်းရေး သံတမန်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပုံများ၊ အုတ်ဖိုမြို့နယ် ပညာရေးမှူး ဒေါ်စုစုကြည်က ကင်းထောက် သင်တန်းစီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



အဆိုပါ ကင်းထောက်သင်တန်းသို့ သင်တန်းသားများအဖြစ် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ၁၄ မြို့နယ်မှ ဆရာ ဆရာမ ၇၀၊ အထက အုတ်ဖို၊ အထက(ခွဲ) လသာကုန်းနှင့် အလက ချမ်းမြသာမြေတို့မှ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလ ငါးရက်အတွင်း ကင်းထောက်ကတိကျင့်ဝတ်နှင့် ကင်းထောက်အတတ်ပညာ၊ ရှေးဦးသူနာပြု၊ တောစခန်းထွက်ခြင်းနှင့် ငြိမ်းချမ်းရေးသံတမန်လုပ်ငန်းများကို ကင်းထောက်ကြီးများ၊ ကင်းထောက်ဆရာများ၊ တက္ကသိုလ်ကင်းထောက် ခေါင်းဆောင်များက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်သင်တန်းများကို ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင် သုံးခရိုင်တွင် ပို့ချပေးခဲ့ပြီး မကြာမီ တိုင်းလုံးကျွတ် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

### မှူခင်းကျဆင်းရေး၊ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး

**ဝေါ မေ ၁**။ ။နယ်လှည့်ပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်ပိုစတာပြသခြင်းကို မေ ၁ ရက်က ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ ၂-လမ်းထိပ်၌ ပြုလုပ်ရာ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နှင့် ဝေါမြို့မစခန်းမှူး ဒု-ရဲမှူး တင့်ဆွေတို့က မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ကြသည်။ ခင်းကျင်းပြသထားသည့် နံရံကပ်ပိုစတာများကို တက်ရောက်လာကြသူ ၁၅၀ ကျော်ခန့်က လေ့လာခဲ့ကြကာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က
ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင်
ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လှိုင်သာယာမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားတွင် အလုပ်သမား ၅၀၀၀ ကျော် ချီတက်လမ်းလျှောက်

**ရန်ကုန် မေ ၁**

လှိုင်သာယာမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အခမ်းအနားကျင်းပရာနေရာသို့ အလုပ်သမား ၅၀၀၀ ကျော် ချီတက်လမ်းလျှောက်ကြသည်။

စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၅၀၀၀ ကျော်သည် ယနေ့နံနက် ၇ နာရီခန့်က အဆိုပါ မြို့နယ်အတွင်းရှိ နဝဒေးမှတ်တိုင်အနီးတွင် စတင်စုဝေးကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနား ကျင်းပမည့် လှိုင်သာယာမြို့နယ်(မိုးလုံလေလုံ) အားကစားရုံဝင်းအတွင်းသို့ သက်ဆိုင်ရာကဏ္ဍအလိုက် သမဂ္ဂအလံများကို ကိုင်ဆောင်ကာ ချီတက်လမ်းလျှောက်ကြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကိုစတင်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အလုပ်သမားနေ့ သဝဏ်လွှာအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးချုပ် ဆက်ဆံရေးအရာရှိ မစ္စတာရိုရီမန်ဂိုဗန်၊ မြန်မာနိုင်ငံ လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အထွေထွေ အတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသွေးစည်းညီညွတ်ရေးအတွက် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။



အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ CTUM ဥက္ကဋ္ဌ ဦးမောင်မောင်က "အလုပ်သမားတွေဆိုတာ ရရှိပြီးသား အခွင့်အရေးတွေနဲ့ ကျေနပ်လို့မရဘူး၊ ပြောင်းလဲနေတဲ့ လုပ်ငန်းသဘောတရားအရဆိုရင် အလုပ်ချိန်ဟာ တစ်ခုနဲ့တစ်ခု တူညီမှုမရှိတာမျိုးတွေရှိပါတယ်၊ အဲဒါမျိုးတွေကို ပြင်ဆင်ဖို့လိုမယ်၊ ကျွန်တော်တို့ဟာ အမြဲတမ်း ရုန်းကန်လှုပ်ရှားနေရမယ်ဆိုတာကို သတိပေးတဲ့ အနေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

လှိုင်သာယာမြို့နယ်ရှိ SJY ဖိနပ်စက်ရုံမှ အလုပ်သမား မဇင်မာစိုးက "တစ်နှစ်တစ်ခါ လုပ်တဲ့ပွဲမှာ အလုပ်သမားတစ်ယောက်အနေနဲ့ ပါဝင်ပြီး အလုပ်သမားထုအင်အား ပြသခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်၊ အခုလိုလုပ်တဲ့အတွက်ကြောင့် အလုပ်သမားတွေတစ်ဦးနဲ့ တစ်ဦး ရင်းနှီးလာကြမယ်၊ စိတ်ဓာတ်တွေ တက်ကြွလာမယ်၊ စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်မျိုးတွေအပြင် အလုပ်နဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်၊ အခုဆိုရင်တိုင်းပြည်က အရက်ကထက် အများကြီး ပွင့်လင်းမြင်သာလာတယ်၊ အနည်းဆုံးလုပ်ခလစာကို ဒီထက်ပိုရဖို့ မျှော်လင့်နေတဲ့ အလုပ်သမား အများကြီးရှိပါတယ်၊ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေရဲ့ အားနဲ့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)က ကြီးမှူး၍ ခြောက်ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အနုပညာရှင်များ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားဥပဒေဆိုင်ရာ အသိပညာပြခန်းများ၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်အကြောင်းအရာ၊ အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေး၊ အမျိုးသမီးအကြမ်းဖက်မှုကာကွယ်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ စိုက်ပျိုးရေးတို့နှင့်ပတ်သက်သည့် အသိပညာပေး ပြခန်းများကိုလည်း ဖွင့်လှစ်ပြသခဲ့သည်။

ယနေ့ အခမ်းအနားတွင် CTUM အနေဖြင့် "ထိရောက်သော လုပ်သားဈေးကွက်စီမံခန့်ခွဲမှုမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့" ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် အလုပ်သမားနေ့ ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# နေပြည်တော်ဘူတာကြီး၌ မြန်မာ့မီးရထား၏ (၁၄၁)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုများ ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၁) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီးရှိ ဘဝသံသရာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ မြန်မာ့မီးရထား တိုင်း ၁၁ ခုမှ တိုင်းအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ၂၀၁၇-၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း အကောင်းဆုံး တိုင်းပထမရရှိသော တိုင်းအမှတ်(၂) ရွှာထောင်၊ ဒုတိယအကောင်းဆုံးရရှိသော တိုင်းအမှတ်(၄) ကလော၊ တတိယအကောင်းဆုံးရရှိသော တိုင်းအမှတ်(၈) မော်လမြိုင်တို့အား မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း အကောင်းဆုံးစက်ရုံဆုရရှိသော လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)အား အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်)က လည်းကောင်း၊ အကောင်းဆုံးစက်ရုံဆုရရှိသော ကွန်ဖားစက်ရုံ(ဥဿစ်ပင်)အား အထွေထွေမန်နေဂျာ(မြို့ပြ)က လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)ရှိ ဌာနများမှ သန့်ရှင်းရေးအကောင်းဆုံးဆုရရှိသော စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနအား အထွေထွေမန်နေဂျာ(စစ်ဆေးရေး) ဦးဘမြင့်က လည်းကောင်း၊ အကောင်းဆုံးဆေးရုံဆုရရှိသည့် (ရွှာထောင်)ဆေးရုံအား အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ)က လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ကြေးမုံ

မေ ၂၊ ၂၀၁၈

# တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်ရန် ဒိုမီနီကန်ဆုံးဖြတ်ချက်ကို တရုတ်တိုင်ပေ ဝေဖန်



**ဆန်တိုဒိုမင်ဂို မေ ၁**

ကာရစ်ဘီယန်ဒေသရှိ ဒိုမီနီကန်သမ္မတနိုင်ငံသည် မေ ၁ ရက်မှ အစပြု၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်လိုက်ပြီဖြစ်ကြောင်း၊ ယင်းနိုင်ငံသည် တရုတ်တိုင်ပေနှင့် တည်ဆောက်ခဲ့သော သံတမန်ဆက်ဆံရေးကို ဖြတ်တောက်ကာ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**ဝမ်းနည်းဖွယ်**

မိမိတို့နှင့် သံတမန်ဆက်ဆံရေးထားရှိမှုကို အဆုံးသတ်ရန် ဒိုမီနီကန်သမ္မတနိုင်ငံ၏ဆုံးဖြတ်ချက်မှာ အလွန်အမင်း ဝမ်းနည်းဖွယ်ရာကောင်းကြောင်း တရုတ်တိုင်ပေ တာဝန်ရှိသူများက ပြောကြားကြသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဇာတ်ခုံပေါ်တွင် စီးပွားရေးနှင့် နိုင်ငံရေးတို့အရ အင်အားကြီးထွားမှုကို ပြသလာချိန်အတွင်း ဒိုမီနီကန်သမ္မတနိုင်ငံက တရုတ်နိုင်ငံဘက်မှ ရပ်တည်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားကြသည်။

**စေလွှတ်မည်**

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်းဖြင့် မိမိတို့၏အနာဂတ်ဘဝမှာ အပေါင်းလက္ခဏာများ ပြသလာမည်ဖြစ်ကြောင်း ဒိုမီနီကန်အစိုးရအဖွဲ့က ပြောကြားသည်။ ဒိုမီနီကန်သမ္မတနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မြန်နိုင်သမျှအမြန်ဆုံး သံအမတ်ကြီးများကို အပြန်အလှန်စေလွှတ်ကြမည်ဟု ဆိုသည်။

ထိုစဉ်အတွင်း တရုတ်တိုင်ပေအစိုးရအဖွဲ့က အရေးပေါ်ခေါ်ယူသည့်သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ဒိုမီနီကန်အစိုးရအဖွဲ့၏ သံတမန်ရေးဘက်ပြောင်းမှုနှင့်ပတ်သက်၍ အလွန်အမင်းဝမ်းနည်းမိကြောင်း ထုတ်ဖော်ပြောဆိုသည်။ တရုတ်နိုင်ငံ စီးပွားရေးနှင့် နိုင်ငံရေးတို့အရ ကမ္ဘာ့အလယ် အင်အားကြီးထွားမှုကို ပြသလာချိန်တွင် 'ဒေါ်လာသံတမန်ရေးဆက်ဆံမှု'အရ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်လိုက်ခြင်းဖြစ်ကြောင်း တရုတ်တိုင်ပေ နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ဝူးက ဝေဖန်ပြောကြားသည်။

ဒိုမီနီကန်သမ္မတနိုင်ငံနှင့် ၇၇ နှစ်ကြာမျှ မဟာမိတ်ပြုခဲ့ရမှုမှာ အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးဝူးက ပြောကြားသည်။

ထိုစဉ်အတွင်း ဒိုမီနီကန်အစိုးရအဖွဲ့က ပြောကြားရာတွင် တရုတ်နိုင်ငံသည် တစ်နိုင်ငံတည်းသာရှိကြောင်း၊ တရုတ်တိုင်ပေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နယ်မြေတစ်စိတ်တစ်ပိုင်းသာလျှင် ဖြစ်ကြောင်း အကြောင်းပြသည်။ **အေအက်ဖ်ပီ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးမှု စစ်မဲ့ဇုန်တွင် ကျင်းပရန် သေချာ

ဝါရှင်တန် မေ ၁

တောင်ကိုရီးယား သမ္မတ မွန်းဂျယ်အင်း၏ စည်းရုံးနားချမှုအရ မကြာမီပြုလုပ်မည့် မြောက်ကိုရီးယား-အမေရိကန် တွေ့ဆုံဆွေးနွေးပွဲကို တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအား ပိုင်းခြားထားသည့် စစ်မဲ့ဇုန်တွင် ကျင်းပရန် သေချာသလောက်ဖြစ်ကြောင်း အမည်မဖော်သူ အမေရိကန်တာဝန်ရှိသူတစ်ဦးက မေ ၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားသမ္မတမွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအွန်းတို့သည် ဧပြီ ၂၇ ရက်က စစ်မဲ့ဇုန် အတွင်းရှိ ပန်မွန်ဂျုံကျေးရွာတွင် တွေ့ဆုံခဲ့ကြပြီး ယင်းတို့နှစ်ဦးတွေ့ဆုံမှုအား ထူးခြားဆန်းကြယ်သည့် သမိုင်းဝင်ဖြစ်ရပ် တစ်ခုအဖြစ် ရုပ်မြင်သံကြားသတင်းဌာနများက ကမ္ဘာတစ်ဝန်းထုတ်လွှင့်ပြသခဲ့သည်။ ၎င်းတို့နှစ်ဦးတွေ့ဆုံမှုသည် ကိုရီးယားစစ်ပွဲတရားဝင် အဆုံးသတ်ရေးနှင့် ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ကင်းစင်ရေးဇုန်ထူထောင်ရေးကို ဦးတည်စေခဲ့သည်။

အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယား ခေါင်းဆောင်တို့ ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် ဖြစ်နိုင်ခြေအကောင်းဆုံးနေရာ တောင်နှင့်မြောက် နှစ်နိုင်ငံကြားရှိ စစ်မဲ့ဇုန်ဖြစ်သည်။ အေအက်ဖ်ပီ




# ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် အထပ်မြင့်တိုက် မီးလောင်ပြိုကျ လူတစ်ဦးထက်မနည်းသေဆုံး

**ဆော်ပေါ်လို မေ ၁**

ဘရာဇီးနိုင်ငံမှ အကြီးဆုံးမြို့ကြီးဖြစ်သည့် ဆော်ပေါ်လိုမြို့တွင် ၂၆ ထပ်ရှိသည့် အဆောက်အအုံ တစ်ခု၌ မီးလောင်ကျွမ်းမှု ပြင်းထန်စွာဖြစ်ပွားပြီး ပြိုကျခဲ့ရာ လူတစ်ဦးထက်မနည်း သေဆုံးကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

မီးလောင်ကျွမ်းမှု မြင်ကွင်းအား ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရာတွင် ပြိုကျလုဆဲ အဆောက်အအုံတွင် တွဲလောင်းခိုနေသော လူတစ်ဦးအား မီးသတ်သမားများက ကယ်တင်ရန် ကြိုးပမ်းနေသည့် ထိတ်လန့်တုန်လှုပ်ဖွယ် မြင်ကွင်းကို ပြသခဲ့သည်။

အခြားကပ်လျက် အဆောက်အအုံများသို့ မီးကူးစက်လောင်ကျွမ်းမှု မရှိစေရေးအတွက် မီးသတ်သမားများက အဆက်မပြတ် မီးငြိမ်းသတ်မှုများပြုလုပ်နေကြောင်းနှင့် အဆောက်အအုံ ပြိုကျခြင်းအန္တရာယ်မရှိမီ လူအများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဆော်ပေါ်လို မီးသတ်တပ်ဖွဲ့ မီးသတ်ဗိုလ် အင်ဒရေးအဲလိယက်စ်က ဂလိုဘိုရုပ်မြင်သံကြားသို့ ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၃၀ ခန့်တွင် အဆောက်အအုံ၏ ဆဋ္ဌမထပ်မှစ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရှိရသေးကြောင်းနှင့် ဘေးဒုက္ခရောက်သူအများအပြား ထိခိုက်ကာ လူသုံးဦး ပျောက်ဆုံးနေကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အဆောက်အအုံမှာ ယခင်က ရုံးလုပ်ငန်းဌာနများ အဆောက်အအုံဟောင်းဖြစ်ပြီး စွန့်ပစ်ထားသည့် အဆောက်အအုံဖြစ်သည်။ လွန်ခဲ့သည့် ခုနစ်နှစ်အတွင်းက ၎င်းအဆောက်အအုံအား စည်းမျဉ်းနှင့်မညီသော ကျူးကျော်သိမ်းယူမှုများ ဖြစ်ပွားပြီး အဆောက်အအုံ၏ အောက်ဘက်ပိုင်းအထပ် ၁၀ ထပ်တွင် လူပေါင်း ၁၅၀ ခန့် နေထိုင်ခဲ့ကြောင်း ဂလိုဘိုရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# ဥရောပ၏ကာကွယ်ရေး နယ်ပယ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် စပိန်လိုလား

**ရိုတာ(စပိန်) မေ ၁**

ဥရောပသမဂ္ဂ(အီးယူ)မှ အပြီးအပိုင် နုတ်ထွက်လုဆဲဆဲ အနေအထားသို့ ဗြိတိန်နိုင်ငံရောက်ရှိနေချိန်တွင် ဥရောပနိုင်ငံများ၏ ပင်လယ်ကမ်းရိုးတန်းဒေသများအား ကာကွယ်စောင့်ရှောက်ပေးမည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာစေရန် စပိန်နိုင်ငံက ပြင်ဆင်လာကြောင်း၊ စပိန်နိုင်ငံသည် ဥရောပ၏ ကာကွယ်ရေးနယ်ပယ်တွင် အရေးပါသောအခန်းမှပါဝင်လှုပ်ရှားရန် လိုလားကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ခြင်း၏ ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ချိန်အတွင်း ဥရောပနိုင်ငံများ၏ သွေးစည်းညီညွတ်မှုကို ပြသနိုင်စေရေးအတွက် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်စေရန် အီးယူက မျှော်မှန်းထားစဉ် စပိန်နိုင်ငံက ယင်း၏ ရေတပ်အခန်းကဏ္ဍမြှင့်တင်ရန် ကြိုးပမ်းလာသည်။

ဥရောပသမဂ္ဂ၏ကျန်ရှိနေသော နိုင်ငံပေါင်း ၂၇ နိုင်ငံတို့သည် အီးယူတပ်မတော်ကို သန္ဓေတည်ဖွဲ့စည်းနိုင်မည့် အစီအစဉ်အတွက် စတင်ခဲ့ပြီဖြစ်သည်။

အာဖရိကဦးချိုဒေသတစ်လျှောက် ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ရေးမစ်ရှင်လုပ်ငန်းဖြစ်သော 'အတ္တလန္တာ စစ်ဆင်ရေး'၏ စစ်ဦးစီးကွပ်ကဲမှုအခန်းကဏ္ဍကို စပိန်နိုင်ငံကရယူရန် ယင်းနိုင်ငံက အဆိုပြုထားသည်။ ယင်းစစ်ရေးမစ်ရှင်လုပ်ငန်းအတွက် စစ်ဦးစီးကွပ်ကဲမှုကို စပိန်နိုင်ငံ ရိုတာမြို့ရှိ အင်ဒူလူရှန်း ရေတပ်စခန်းတွင် ထားရှိသင့်သည်ဟု စပိန်အစိုးရအဖွဲ့က ဆိုသည်။

မျက်မှောက်ကာလတွင် အတ္တလန္တာ စစ်ဆင်ရေး၏ စစ်ဦးစီးကွပ်ကဲမှုကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ မြောက်ဘက်၌ အခြေစိုက်ထားသည်။ ဥရောပသမဂ္ဂ၏ ပဋ္ဌမမြောက် စစ်ဆင်ရေးဌာနချုပ်ကို ဗြိတိန်က ထိန်းချုပ်ထားရာမှ စပိန်နိုင်ငံက လွှဲပြောင်းရယူပြီး ရိုတာမြို့ရှိ ရေတပ်အခြေစိုက်စခန်းသို့ ရွှေ့ပြောင်းရန်လည်း စပိန်အစိုးရအဖွဲ့က အဆိုပြုထားသည်။

ဥရောပသမဂ္ဂ၏စစ်ရေးမစ်ရှင်လုပ်ငန်းအမျိုးမျိုးအတွက် ဌာနချုပ်ရုံးကို စပိန်က ရယူနိုင်ရန် အဆိုပြုထားကြောင်း စပိန်ရေတပ်ဗိုလ်ချုပ် အန်သော်ချူးမာကိုရဲလ်လာကော့ဇ်က ကုန်းရေနှစ်သွယ်မောင်းနှင်နိုင်သော 'ပထမမြောက် ယွန်ကာလို့စ်' အမည်ရှိ စစ်ယာဉ်ပေါ်တွင် သတင်းထောက်များအား ပြောကြားသည်။

**အေအက်ဖ်ပီ**



# ၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ညောင်ရွှေ မေ ၁**

၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် အပန်းဖြေစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းမှူး ဦးသန်းအေးတို့က စခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယခုကဲ့သို့ ထူးချွန်ထက်မြက်သည့် လူငယ်မောင်မယ်များကို လက်ခံဂုဏ်ပြုခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို လာရောက်အပန်းဖြေကြမည့် လူရည်ချွန်များအတွက် အသင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ လူမှုရေး၊ စီးပွားရေး၊ ရိုးရာဓလေ့ထုံးစံများနှင့် သဘာဝအလှတရားများကို လေ့လာကြည့်ရှု ခံစားခွင့်များရရှိကြမည်ဖြစ်ကြောင်း၊ တောင်ကြီးဒေသ၊ အင်းလေးဒေသ၊ ပင်းတယဒေသများနှင့် ဒေသန္တရဗဟုသုတများ၊ ရိုးရာဓလေ့ထုံးစံများကို ထဲထဲဝင်ဝင် လေ့လာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဋ္ဌမတန်းမှ လူရည်ချွန် ၁၇၆ ဦး၊ နဝမတန်းမှ



၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အမှာစကားပြောကြားစဉ်။

လူရည်ချွန် ၁၇၆ ဦး၊ ဒသမတန်းမှ လူရည်ချွန် ၁၇၆ ဦး စုစုပေါင်း ၅၂၈ ဦးကို ပြုစုပျိုးထောင်နိုင်ပြီး အင်းလေးစခန်း၊ ပုဂံစခန်း၊ ငွေဆောင်စခန်းတို့ကို စေလွှတ်ကာ ဒေသန္တရဗဟုသုတများကိုရရှိရန်၊ အချင်းချင်း အတွေ့အကြုံများဖလှယ်ခြင်းနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို လေ့လာနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စခန်းချနေစဉ် ပညာရေးဆိုင်ရာ ဟောပြောပွဲများ၊ စာပေဗဟုသုတနှီးနှော ဆွေးနွေးခြင်းများ၊ ဒေသလုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုများ၊ လက်မှုပညာများကိုလည်း လေ့လာဆည်းပူး သင်ယူခွင့်ရကြမည်ဖြစ်ကြောင်း၊ ကာယဖွံ့ဖြိုးမှု၊ ဉာဏ်ပညာထူးချွန်မှုတို့ကြောင့် လူရည်ချွန်ဖြစ်လာသည့်အတွက် ကျန်းမာသန်စွမ်းပြီး စာရိတ္တကောင်းသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ဆက်လက်နေထိုင်သွားရန် တိုက်တွန်းပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို ယခုထက်ပိုမိုပါဝင်ပြီး နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု လုပ်ငန်းများကို ယှဉ်ပြိုင်ဆောင်ရွက်စေလိုကြောင်း၊ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အများနှင့် စုပေါင်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရေး၊ ဒေသန္တရဗဟုသုတများရရှိစေရေး ကျောင်းသားကျောင်းသူများ၏ စံနမူနာပြုလူငယ်များ ပေါ်ထွက်လာစေရေး စသည့်အချက်များဖြင့် ပြည့်စုံအောင် နေထိုင်ဆောင်ရွက်သွားကြရန်၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အနာဂတ်၏ နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ဘဝတစ်သက်တာလုံး ဆက်လက်သင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဦးသန်းအေးက လူရည်ချွန် စီမံကိန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ရင်ထိုးတံဆိပ်များတပ်ဆင်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား ၂၀၁၈ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များနှင့် လူရည်ချွန်(၁၉၆၄ မှ ၁၉၈၈ ထိ) အဖွဲ့က လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက အင်းလေးခေါင်တိုင်စခန်းတွင် ဖွင့်လှစ်ထားသည့် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**နိုင်လင်းကြည်**




# ပုဂံလူရည်ချွန်အပန်းဖြေစခန်း ဖွင့်လှစ်၊ လူရည်ချွန်လူငယ်မောင်မယ်များ ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်လေ့လာ

**ပုဂံ မေ ၁**

၂၀၁၈ ခုနှစ် အဋ္ဌမတန်းလူရည်ချွန် (ပုဂံလူရည်ချွန် အပန်းဖြေလေ့လာရေးစခန်း)ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက ပုဂံမြို့ရှိ မြနန်းဘုံ Royal Emerald River View Resort ဟိုတယ်ရှေ့မုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ပုဂံလူရည်ချွန် အပန်းဖြေစခန်းမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များပေးအပ်ရာ လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးစီက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် လူရည်ချွန်ကြီးများက ၂၀၁၈ ခုနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များတပ်ဆင်ပေးကြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပုဂံလူရည်ချွန်စခန်း နှစ်စဉ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "အဋ္ဌမတန်းလူရည်ချွန်စခန်းကို ပုဂံမှာဖွင့်တာ ခြောက်ကြိမ်မြောက်ရှိပါပြီ၊ ဒီမှာဖွင့်တဲ့ ရည်ရွယ်ချက်က ပထမမြန်မာနိုင်ငံတော် ထူထောင်ခဲ့တဲ့နေရာဖြစ်တယ်၊ ဒီမှာလူရည်ချွန်လူငယ်မောင်မယ်လေးတွေ ဒီပထမ မြန်မာနိုင်ငံတော် ထူထောင်ခဲ့တဲ့နေရာကို လေ့လာပြီး နိုင်ငံတော်ကိုချစ်စေချင်၊ အကျိုးပြုစေချင်လို့ ဒီမှာ လူရည်ချွန်စခန်းတွေဖွင့်တာဖြစ်ပါတယ်၊ ဒီကလေးတွေအားလုံးဟာ အနာဂတ်အတွက် ခေါင်းဆောင်တွေ မလွဲမသွေ ဖြစ်လာကြမှာပါ၊ တိုင်းရင်းသားတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက လာတာဆိုတော့ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်၊ တည်ဆောက်လိုစိတ်တွေ ဖြစ်ပေါ်လာမယ်၊ နောက်ပြီး နိုင်ငံ့ခေါင်းဆောင်တွေ မလွဲမသွေဖြစ်လာကြမယ့် ကလေးတွေက ကြိုတင်ပြီး ရင်းနှီးမှုတွေရှိထားကြရမယ်၊ ကျွန်တော်တို့မှာလည်း တာဝန်ရှိတယ်၊ ဘာလဲဆိုတော့ လူငယ်တွေကိုနေရာပေးဖို့ လူငယ်တွေကလည်းပေးတဲ့ နေရာမှာ ကြိုးစားပြီးတော့

စာမျက်နှာ ၇ သို့ »»

# ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ငွေဆောင် မေ ၁**

၂၀၁၈ ခုနှစ် ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ပုလဲငွေဆောင်ဟိုတယ်၌ကျင်းပရာ လူရည်ချွန်မောင်မယ်များက ဘက်စုံထူးချွန်လူရည်မွန်တေးသီချင်းဖြင့်သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ဘက်စုံထူးချွန်သည့် လူရည်ချွန်လူငယ်မောင်မယ်များကို စိစစ်ရွေးချယ်၍ ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ လူရည်ချွန်မောင်မယ်များအနေဖြင့် ငွေဆောင်အပန်းဖြေစခန်း၌ ရောက်ရှိနေချိန်တွင် ကျန်းမာရွှင်လန်းစွာ အပန်းဖြေနိုင်ကြပြီး ဒေသန္တရဗဟုသုတများရရှိကြကာ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိ၍ နိုင်ငံတော်အကျိုးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြသူများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသားများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသူများအား လည်းကောင်း လူရည်ချွန်တံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့ထံ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဒေါ်မြင့်မြင့်သန်းက စခန်းဖွင့်ပွဲ မော်ကွန်းတံဆိပ်နှင့် လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့မှ တာဝန်ရှိသူများက အမှတ်တရတံဆိပ်တို့ကို ပေးအပ်ကြသည်။

စာမျက်နှာ ၇ သို့ »»



# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာဘာသာရပ် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာ

ဒေါက်တာအောင်မြင့်ဦး(မြန်မာစာဌာန)

ယခုဆောင်းပါးသည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာဘာသာရပ် မေးခွန်းပုံစံသစ်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြမည့် ဆောင်းပါး ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မြန်မာစာမေးခွန်းပုံစံသစ်သည် ကျောင်းသား ကျောင်းသူတို့ သင်ခန်းစာကို နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းထက် သင်ယူလေ့လာဆည်းပူးထားသော သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မည့် ပုံစံသို့ ဦးတည်ပြောင်းလဲထားခြင်း ဖြစ်ပါသည်။ ထိုသို့ပြောင်းလဲရာတွင် အလုံးစုံပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ကျောင်းသား ကျောင်းသူတို့၏ အားသာချက် အားနည်းချက်၊ ဆရာ ဆရာမများ၏ သင်ကြားမှုအတွေ့အကြုံ၊ စာစစ်အတွေ့အကြုံ၊ မြန်မာစာဘာသာရပ်၏ သဘောသဘာဝ၊ ဘာသာရပ်လိုအပ်ချက်တို့အပေါ် အစစအရာရာ ချိန်ထိုးကာ ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်တို့အတွက် အသင့်လျော်ဆုံးနှင့် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည့် အပိုင်းကဏ္ဍအချို့ကိုသာ မွမ်းမံပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

မေးခွန်းပုံစံသစ်ကို ပြောင်းလဲထားသော်လည်း ကျောင်းသား ကျောင်းသူများ လေ့လာသင်ယူရမည့် ပြဋ္ဌာန်းချက်နှင့် သင်ခန်းစာတို့မှာ ပြောင်းလဲခြင်းမရှိပါ။ တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားသည့်စာအုပ် လေးအုပ်ရှိပါသည်။ ယင်းတို့မှာ မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာကဗျာလက်ရွေးစင်၊ ပင်ရင်းမြန်မာစကားပြေ လက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့ဖြစ်ပါသည်။ စာစီစာကုံးမှာ ပြဋ္ဌာန်းစာအုပ် သတ်မှတ်မထားသော်လည်း ကျောင်းသား ကျောင်းသူများ လေ့လာဆည်းပူးရမည့် သင်ခန်းစာတစ်ခုအဖြစ် ပါဝင်ပါသည်။ ယခုမေးခွန်းပုံစံသစ်တွင် စာစီစာကုံးနှင့်အတူ ကျောင်းသား ကျောင်းသူတို့၏ ပင်ကိုဉာဏ်ရည်ဉာဏ်သွေးနှင့် အစွမ်းအစကို ဖော်ထုတ်ပြသနိုင်မည့် အဆိုဆွေးနွေးသည့်မေးခွန်းတစ်ပုဒ် ပါဝင်လာမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာမေးခွန်းပုံစံသစ်ကို ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထိ ကျင့်သုံးခဲ့သော မေးခွန်းပုံစံနှင့် မေးခွန်းနံပါတ် တစ်ခုစီအလိုက် ဆက်လက်ရှင်းလင်းတင်ပြသွားပါမည်။

**မေးခွန်း နံပါတ် ၁** တွင် ယခင်က မေးခွန်းပုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ မေးခွန်းပုဒ်ခွဲ သုံးပုဒ်ပါဝင်ပြီး မေးခွန်းပုံစံသစ်တွင် မေးခွန်းပုဒ်ခွဲ (က) နှင့် (ခ) နှစ်ပုဒ်သာ ပါဝင်မည် ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၁။ (က)သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းကို ပြောင်းလဲခြင်းမပြုပါ။ သို့ရာတွင် ရွေးချယ်ရန်အတွက် ယခင်က ငါးခုပေးသော်လည်း မေးခွန်းပုံစံသစ်တွင် သုံးခုသာ မေးပါမည်။

ယခင် မေးခွန်းနံပါတ် ၁။ (ခ)သည် ပေးထားသော စကားလုံးများကို သဒ္ဒါအမျိုးအစား ဖော်ပြစေသောမေးခွန်း ဖြစ်ပါသည်။ ခြောက်ခုမေး၍ လေးခုဖြေဆိုရပါသည်။ မေးခွန်းနံပါတ် ၁။ (ဂ) တွင်ပေးထားသော စကားလုံးကို ဝါကျတွင် သုံးပြစေခြင်း ဖြစ်ပါသည်။ ငါးခုမေးပြီး သုံးခုဖြေဆိုရပါသည်။

ပြောင်းလဲသည့် မေးခွန်းပုံစံသစ်တွင် မေးခွန်းနံပါတ် ၁။ (ခ) နှင့် ၁။ (ဂ) သဘောတရားနှစ်ခုကို ပေါင်းစပ်ကာ ၁။ (ခ)တစ်ပုဒ်တည်းအဖြစ် သဒ္ဒါလက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးကို မေးမြန်းနိုင်ရန် ပြောင်းလဲထားပါသည်။ မြန်မာသဒ္ဒါ ပြဋ္ဌာန်းချက်ပါ သင်ခန်းစာအသီးသီးမှ ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ ယခင်က ၁။ (ခ) သည် သဒ္ဒါစကားလုံးများပေးထားပြီး သဒ္ဒါအမျိုးအစားကို ဖော်ပြစေခြင်းဖြစ်သည်။ ၁။ (ဂ) သည် ပေးထားသော သဒ္ဒါစကားလုံးကို သဒ္ဒါမှန်စွာ ဝါကျဖွဲ့စေခြင်းဖြစ်သည်။ ပြောင်းလဲသည့်မေးခွန်းတွင် ၁။ (ခ) နှင့် ၁။ (ဂ) သဘောတရားနှစ်ခုကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ မြန်မာသဒ္ဒါကို ကောင်းစွာနားလည်သဘောပေါက်ပြီး ပြဋ္ဌာန်းစာပါ လေ့ကျင့်ခန်းများကို မှန်မှန်လေ့ကျင့်ထားပါက အလွတ်ကျက်မှတ်ရန်မလိုဘဲ အလွယ်တကူ ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါသည်။

ယခင်က ၁။ (ခ) လေးမှတ်ပေးသည့် မေးခွန်းနှင့် ၁။ (ဂ) ခြောက်မှတ်ပေးသည့် မေးခွန်း ပုဒ်ခွဲနှစ်ခုကို ပေါင်းစပ်ကာ ၁။ (ခ) ၁၀ မှတ်ပေးသည့် မေးခွန်းအဖြစ် စုစည်းလိုက်သည့်အတွက် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစားမေးခွန်းသာမက သဒ္ဒါစကားလုံးဖွဲ့စည်းရေးသားစေခြင်း (ဥပမာ - ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာစကားလုံး၊ ကြိယာဝိသေသနစကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်း ပုဒ်အထားအသို ပြင်ဆင်ရေးဖွဲ့စေခြင်း၊ ပေးထားသောဝါကျတွင် ဆီလျော်သောသဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်း စသည့် သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုးကို တိုးချဲ့မေးမြန်းနိုင်မည် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အထိ ကျင့်သုံးခဲ့သော မေးခွန်းနှင့် နှိုင်းယှဉ်ပါက မေးခွန်းပုံစံသစ်သည် ၁။ (ခ) သဒ္ဒါမေးခွန်းများတွင် သဒ္ဒါကို အလွတ်ကျက်မှတ်ခြင်းထက် သဒ္ဒါအကြောင်း နားလည်သဘောပေါက်ပြီး မှန်ကန်စွာ လက်တွေ့ရေးသားအသုံးပြုနိုင်သည့် မေးခွန်းမျိုးကို ပြောင်းလဲသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် မြန်မာစာ မှန်ကန်စွာ ရေးသားအသုံးပြုနိုင်မှုအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂ တွင် မေးခွန်း ပုဒ်ခွဲ သုံးပုဒ် ပါဝင်ပါသည်။ ပုဒ်ရေအရေအတွက် အပြောင်းအလဲမရှိပါ။

မေးခွန်းနံပါတ် ၂။ (က) သည် ခက်ဆစ်ဖွင့်ဆိုခိုင်းခြင်း ဖြစ်ပါသည်။ မေးခွန်းပုံစံ အပြောင်းအလဲမရှိသော်လည်း ရွေးချယ်ရန်ပေးသည့် စကားလုံး ရှစ်ခုအစား စကားလုံး ခုနစ်ခုပြောင်းလဲပါမည်။ ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ်ပြဋ္ဌာန်းစာအုပ်များတွင် အနက်ဖွင့်ဆိုပေးထားသော ဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို သိရှိခြင်း ရှိ၊ မရှိ စစ်ဆေးသည့် မေးခွန်း ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၂**။ (ခ) တွင် လက်ရှိစစ်မေးလျက်ရှိသောပုံစံမှာ ပေးထားသည့် ဝေါဟာရကို ဝါကျအသီးသီးတွင် အသုံးပြုစေခြင်း ဖြစ်ပါသည်။ အဆိုပါမေးခွန်းအစား လက်ရှိတွင် ကျောင်းသား ကျောင်းသူများ၏ အားနည်းချက်ဖြစ်နေသည့် စာလုံးပေါင်းသတ်ပုံ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အမှား အမှန် စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်စေခြင်းကို ပြောင်းလဲစစ်မေးပါမည်။ မြန်မာစာအရေးအသားအခြေခံတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် အဓိကကျသည့်အလျောက် ဤမေးခွန်းသည် မြန်မာစာအခြေခံ မှန်ကန်ရေးအတွက် လေ့ကျင့်ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံမေးရာတွင် ပြဋ္ဌာန်းစာအုပ်များပါ ဝေါဟာရများကို အခြေခံ၍ တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသား ကျောင်းသူတို့ သိသင့်သိထိုက်သည့် စာလုံးပေါင်းများကို ရွေးချယ်စစ်မေးမည် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ အနေဖြင့် မြန်မာဝေါဟာရများ၏ စာလုံးပေါင်းအမှန်ကို ဂရုတစိုက် မှတ်သားထားပါက အထူးတလည် အလွတ်ကျက်မှတ်နေရန် မလိုဘဲ မှန်ကန်စွာ ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂။ (ဂ)သည် အလင်္ကာမေးခြင်းဖြစ်ပါသည်။ လက်ရှိမေးနေသည့် အလင်္ကာမေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည်ဖော်ပြလျက် ပေးထားပြီး သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ပြောင်းလဲမည့်မေးခွန်းပုံစံတွင် အလင်္ကာ အမျိုးအမည်ကို မဖော်ပြတော့ဘဲ ပေးထားသော ဝေါဟာရအသုံးအနှုန်းကို အလင်္ကာ အမျိုးအစားဖော်ပြစေခြင်းနှင့် အဘယ့်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ဖော်ပြစေခြင်း တို့ကို မေးမြန်းပါမည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို သတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသား ကျောင်းသူတို့၏ အမှန်တကယ် နားလည် ဖြေဆိုနိုင်သည့် ဖြေဆိုချက်အပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ ပေးထားသော ဝေါဟာရအရေအတွက်ကိုလည်း ရှစ်ခုမှ ခုနစ်ခုသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၂၀၁၉ ခုနှစ် မတ်လတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်နှင့်<br>၂၀၁၈ ခုနှစ်အထိ ကျင့်သုံးလျက်ရှိသည့် မေးခွန်းပုံစံတို့<br>နှိုင်းယှဉ်ဇယား | | | | | |
| လက်ရှိမေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
| မေးခွန်း နံပါတ် | သင်ခန်းစာ | ပေးမှတ် | မေးခွန်း နံပါတ် | သင်ခန်းစာ | ပေးမှတ် |
| ၁၊ (က) | သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်<br>၅ ခုမေး ၁ ခုဖြေ၊ | (၅ မှတ်)<br>(၂၅မှတ်ဖိုးမေး) | ၁၊ (က) | သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်<br>၃ ခုမေး ၁ ခုဖြေ၊ | (၅ မှတ်)<br>(၁၅မှတ်ဖိုးမေး) |
| (ခ) | ပေးထားသောစကားလုံးများကို သဒ္ဒါအမျိုးအစား ဖော်ပြစေခြင်း။<br>၆ ခုမေး ၄ ခုဖြေ၊ | (၄ မှတ်)<br>(၆မှတ်ဖိုးမေး) | (ခ) | သဒ္ဒါလေ့ကျင့်ခန်းအမျိုးမျိုး သာဓက -<br>ပေးထားသော စကားလုံးကို ဝါကျတစ်ခုစီတွင် အသုံးပြုပြီး သဒ္ဒါအမျိုးအစား ဖော်ပြစေခြင်း။<br>၇ ခုမေး ၅ ခုဖြေ၊ | (၁၀ မှတ်)<br>(၁၄မှတ်ဖိုးမေး) |
| (ဂ) | သဒ္ဒါစကားလုံးကို ဝါကျဖွဲ့စေခြင်း။<br>၅ ခုမေး ၃ ခုဖြေ၊ | (၆ မှတ်)<br>(၁၀မှတ်ဖိုးမေး) | | | |
| ၂၊ (က) | ပြဋ္ဌာန်းစာပါဝေါဟာရများကို ခက်ဆစ်ဖွင့်ဆိုခြင်း။<br>၈ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၂၊ (က) | ပြဋ္ဌာန်းစာပါဝေါဟာရများကို ခက်ဆစ်ဖွင့်ဆိုခြင်း။<br>၇ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | ပြဋ္ဌာန်းစာပါ ခေတ်သုံးဝေါဟာရများကို ဝါကျအသီးသီးတွင် အသုံးပြုစေခြင်း။<br>၈ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၈ မှတ်ဖိုးမေး) | (ခ) | ပြဋ္ဌာန်းစာပါဝေါဟာရများကို စာလုံးပေါင်းအမှားအမှန် ရွေးချယ်ခြင်း။<br>၅ ခုမေး ၅ ခုဖြေ၊ | (၅ မှတ်)<br>(၅မှတ်ဖိုးမေး) |
| (ဂ) | အလင်္ကာ<br>- အလင်္ကာအမျိုးအစား ဖော်ပြထားသော ဝေါဟာရကို မည်သည့်သင်ခန်းစာတွင် မည်သို့သုံးထားကြောင်း၊ အဘယ်ကြောင့် ဤအလင်္ကာမြောက်ကြောင်း ရှင်းပြစေခြင်း။<br>မှတ်ချက်။ ။ အလင်္ကာ အမျိုးအစား ပေးထားသည့်အတွက် ကျောင်းသူ ကျောင်းသားက စဉ်းစားရန် မလိုဘဲမည်သည့် သင်ခန်းစာတွင် မည်သို့သုံးထားသောကြောင့် ဤအလင်္ကာ မြောက်ကြောင်းကို ရှင်းပြရသည့်အတွက် အလွတ်ကျက်မှတ်မှုကို အားပေးသကဲ့သို့ ဖြစ်နေပါသည်၊<br>၈ ခု မေး ၅ ခု ဖြေ၊ | (၁၀ မှတ်)<br>(၁၆မှတ်ဖိုးမေး) | (ဂ) | အလင်္ကာ<br>- အလင်္ကာအမျိုးအစားဖော်ပြစေခြင်း<br>- မည်သည့်သင်ခန်းစာတွင်မည်သို့ သုံးထားသည့်အတွက်ဤအလင်္ကာမြောက်ကြောင်းရှင်းပြခြင်း။<br>မှတ်ချက်။ ။ အလင်္ကာ အမျိုးအစား မပေးထားတော့ဘဲ ကျောင်းသူကျောင်းသားက စဉ်းစား ဖြေဆိုရပါမည်၊ မည်သည့်အလင်္ကာဖြစ်ကြောင်း၊ နားလည်သဘောပေါက်ပါက မည်သည့်သင်ခန်းစာ တွင် မည်သို့သုံးထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်း ဆက်စပ်တွေးခေါ်ကာ ဆက်လက် ရှင်းပြနိုင်မည် ဖြစ်ပါသည်၊<br>၇ ခု မေး ၅ ခု ဖြေ၊ | (၁၀ မှတ်)<br>(၁၄မှတ်ဖိုးမေး) |
| ၃၊ (က) | ကဗျာမေးခွန်းတို<br>၈ ပုဒ် မေး ၅ ပုဒ် ဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၃၊ (က) | ကဗျာမေးခွန်းတို<br>၇ ပုဒ် မေး ၅ ပုဒ်ဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | ကဗျာမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) | (ခ) | ကဗျာမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၄၊ (က) | စကားပြေမေးခွန်းတို<br>၈ ပုဒ် မေး ၅ ပုဒ် ဖြေ၊ | (၅ မှတ်)<br>(၈မှတ်ဖိုးမေး) | ၄၊ (က) | စကားပြေမေးခွန်းတို<br>၇ ပုဒ် မေး ၅ ပုဒ်ဖြေ၊ | (၅ မှတ်)<br>(၇မှတ်ဖိုးမေး) |
| (ခ) | စကားပြေမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) | (ခ) | စကားပြေမေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၅၊ (က) | ရေသည်ပြဇာတ်စကားစပ် | (၇ မှတ်)<br>(၇ မှတ်ဖိုးမေး) | ၅၊ (က) | ရေသည်ပြဇာတ်မှ အဖွဲ့အနွဲ့ကောက်နုတ်ချက်ကို ဆိုလိုရင်း ဖြေဆိုစေခြင်း။ | (၅ မှတ်)<br>(၅မှတ်ဖိုးမေး) |
| (ခ) | ရေသည်ပြဇာတ်မေးခွန်းရှည်<br>- အကြောင်းအရာ<br>မှတ်ချက်။ ။အကြောင်းအရာ ပိုင်းကိုသာမေးပါသည်၊ ၈ မှတ် ပေးပါသည်၊<br>၂ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၈ မှတ်)<br>(၁၆မှတ်ဖိုးမေး) | (ခ) | ရေသည်ပြဇာတ်မေးခွန်းရှည်<br>- အကြောင်းအရာ<br>- အရေးအသား/အတတ်ပညာ<br>မှတ်ချက်။ ။ အကြောင်းအရာ ပိုင်းနှင့် အရေးအသားပိုင်းကို တစ်ပုဒ်စီမေး ပြီး နှစ်သက်ရာ တစ်ပုဒ် ဖြေဆိုစေပါမည်၊ ၁၀ မှတ် ပေးပါမည်၊<br>၂ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| ၆၊ | စာစီစာကုံး<br>- သရုပ်ဖော်<br>- ဖြစ်စဉ်ပြ<br>- ကျိုးကြောင်းပြ<br>- ဖွင့်ဆိုရှင်း<br>၃ ပုဒ် မေး ၁ ပုဒ် ဖြေ၊ | (၂၀ မှတ်)<br>(၆၀မှတ်ဖိုးမေး) | ၆၊ (က)<br>(ခ) | စာစီစာကုံး<br>- သရုပ်ဖော်/ဖြစ်စဉ်ပြ<br>- ကျိုးကြောင်းပြ/ဖွင့်ဆိုရှင်း<br>၂ ပုဒ် မေး ၁ ပုဒ်ဖြေ၊<br>(အချက်အလက် ၅ ချက်)<br>အဆိုဆွေးနွေးခြင်း<br>၂ ပုဒ်မေး ၁ ပုဒ်ဖြေ<br>၂ ပုဒ် မေး ၁ ပုဒ်ဖြေ၊ | (၁၀ မှတ်)<br>(၁၀ မှတ်)<br>(၂၀မှတ်ဖိုးမေး) |
| | စုစုပေါင်းမေးအမှတ်ပေါင်း | ၂၁၂ | | | ၁၇၄ |

ပြောင်းလဲအသုံးပြုမည့်မေးခွန်းပုံစံအရ မေးခွန်းနံပါတ် ၂ ဝေါဟာရများကို လေ့လာရာတွင် ပြဋ္ဌာန်းစာအုပ်များမှ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို သိရှိစေခြင်း၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုကို အလေးထားလာစေခြင်း၊ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝ နားလည်သဘောပေါက်စွာ ဖြေဆိုနိုင်မှုကို ဦးတည်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ❂

စာမျက်နှာ ၇ သို့

❂ စာမျက်နှာ ၆ မှ

**မေးခွန်းနံပါတ် ၃** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။

နံပါတ် ၃။ (က) မှာ ကဗျာမေးခွန်းတို ဖြစ်ပါသည်။ မေးခွန်းပုံစံ အပြောင်းအလဲ မရှိသော်လည်း မေးမည့်မေးခွန်းကို ပိုမို ကျယ်ပြန့်စေရန် ပြင်ဆင်ထားပါသည်။ ကဗျာစာသား ကောက်နုတ်ချက်အတိုကို ပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး တိုးချဲ့မေးမြန်းသွားမည် ဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေ အရေအတွက်ကို ရှစ်ပုဒ်မှ ခုနစ်ပုဒ်သို့ ပြောင်းလဲသတ်မှတ်ပါသည်။ ကဗျာမေးခွန်းတိုများကို မေးခွန်းပိုမိုကျယ်ပြန့်လာစေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ကဗျာလေ့လာမှုကိုလည်း ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပါသည်။ ရွေးချယ်ရန် ပုဒ်ရေကို လျှော့ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပိုမိုကြိုးစားလိုစိတ် ဖြစ်လာစေပါမည်။ နံပါတ် ၃။ (ခ) ကဗျာမေးခွန်းရှည် ဖြစ်ပါသည်။ အပြောင်းအလဲမရှိပါ။ ဤမေးခွန်းသည် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၄** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေအပြောင်းအလဲ မရှိပါ။

နံပါတ် ၄။ (က)မှာ စကားပြေမေးခွန်းတို ဖြစ်ပါသည်။ မေးခွန်းပုံစံလည်း အပြောင်းအလဲမရှိပါ။ သို့ရာတွင် ဖြေဆိုရန် မေးထားသည့် ပုဒ်ရေအရေအတွက်ကို ရှစ်ပုဒ်မှ ခုနစ်ပုဒ်သို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ မေးခွန်းနံပါတ် ၄ ။ (ခ) သည် စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ အပြောင်းအလဲမရှိပါ။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၅** တွင် မေးခွန်း ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေအပြောင်းအလဲ မရှိပါ။ နံပါတ် ၅။ (က)သည် ရေသည်ပြဇာတ် စကားစပ်မေးခွန်း ဖြစ်ပါသည်။ ယခင် ခုနစ်မှတ်ပေးသည့်မေးခွန်းပုံစံအစား ငါးမှတ်ပေးသည့်မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင် စကားစပ်ဆိုင်ရာ အချက် ခြောက်ချက်အတွက် သုံးမှတ်၊ ဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် နှစ်မှတ်သတ်မှတ်ထားရာ ဖြေဆိုရသည့် အချက်အလက်နှင့် အမှတ်ခွဲဝေမှုမှာ ပိုမိုရှင်းလင်းပြတ်သားလာမည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၅။ (ခ)သည် ရေသည် ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။ လက်ရှိမေးခွန်းတွင် အကြောင်းအရာပိုင်းကိုသာ မေးပြီး ပေးမှတ်မှာ ရှစ်မှတ်ဖြစ်ပါသည်။ ပြောင်းလဲမည့် မေးခွန်းပုံစံတွင် ပြဇာတ်အကြောင်းအရာတစ်ပုဒ်နှင့် ပြဇာတ်အတတ်ပညာ၊ အရေးအသားတစ်ပုဒ်မေးမြန်းပြီး နှစ်သက်ရာကို ရွေးချယ်ဖြေဆိုစေမည် ဖြစ်ပါသည်။ ပေးမှတ်ကိုလည်း ရှစ်မှတ်အစား ၁၀ မှတ်သို့ ပြောင်းလဲသတ်မှတ်ပါမည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ အရေးအသား အတင်အပြနှင့် ပြဇာတ်ဖန်တီးမှုအတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့ကိုလည်း ပြဇာတ်မေးခွန်းတွင် ထည့်သွင်းမေးမြန်းသွားမည်ဖြစ်ပါသည်။

ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံအရ မေးခွန်းနံပါတ် ၅ (ခ) ရေသည်ပြဇာတ်မေးခွန်းရှည်တွင် ပြဇာတ်၏ အကြောင်းအရာသာမက ပြဇာတ်စာပေ၏ သဘောလက္ခဏာများ၊ ပြဇာတ်ဖန်တီးမှု အတတ်ပညာများကို ကျောင်းသား ကျောင်းသူများ ပိုမိုနားလည်သိရှိလာစေမည်ဖြစ်ပြီး ပြဇာတ်လေ့လာရာတွင် ပိုမိုစိတ်ဝင်စားလာမည် ဖြစ်ပါသည်။ ရေသည် ပြဇာတ်မေးခွန်းရှည်၏ သဘောသဘာဝသည်လည်း ကဗျာမေးခွန်းရှည်နှင့် စကားပြေမေးခွန်းရှည်တို့ကဲ့သို့ပင် လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျ ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၆** သည် ယခင်က စာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် မေးခွန်း ဖြစ်ပါသည်။ ပေးမှတ်မှာ အမှတ် ၂၀ ဖြစ်ပါသည်။ သုံးပုဒ်မေး၍ တစ်ပုဒ် ဖြေဆိုရပါသည်။ ပြောင်းလဲမည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ် ၆ ကို (က) နှင့် (ခ) ခွဲ၍ မေးခွန်းပုဒ်ခွဲနှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆။ (က) ကို ၁၀ မှတ်ပေးသည့် စာစီစာကုံး မေးခွန်းအဖြစ်လည်းကောင်း၊ ၆။ (ခ) ကို အဆိုတစ်ခုဆွေးနွေးစေသည့် ၁၀ မှတ်ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။

ယခင်က နံပါတ် ၆ စာစီစာကုံးမေးခွန်းတွင် သုံးပုဒ်ပေး တစ်ပုဒ်ဖြေသတ်မှတ်ခဲ့သော်လည်း ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံ ၆။ (က) တွင် နှစ်ပုဒ်ပေး တစ်ပုဒ်ဖြေ အဖြစ်လည်းကောင်း၊ ပုံကြမ်းအချက်အလက်ကို ယခုပုံစံတွင် အချက် ငါးချက်သာပေး၍ အချက်တစ်ချက် နှစ်မှတ်နှုန်းဖြင့် ဖြေဆိုစေရန်လည်းကောင်း၊ စာစီစာကုံးပေးမှတ်ကို အမှတ် ၂၀ အစား ၁၀ မှတ်သို့လည်းကောင်း ပြောင်းလဲသတ်မှတ်ပါသည်။ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ ပုံကြမ်းအချက်အလက်ကို အခြေခံကာ မိမိစိတ်ကူးစိတ်သန်းဖြင့် ရေးသားရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရရှိနိုင်သည့်ပုံစံသို့ ပြောင်းလဲထားခြင်း ဖြစ်ပါသည်။ ပေးထားသည့် စာစီစာကုံးနှစ်ပုဒ်တွင် သရုပ်ဖော်နှင့် ဖြစ်စဉ်ပြရေးနည်းကိုအခြေခံသည့် ခေါင်းစဉ်တစ်ပုဒ်နှင့် ကြောင်းကျိုးပြနှင့် ဖွင့်ဆိုရှင်းပြရေးနည်းကို အခြေခံသည့် ခေါင်းစဉ်တစ်ပုဒ်ကို မျှ၍ ပေးထားမည်ဖြစ်ပါသည်။

၆။ (ခ) သည် အသစ်ဖြည့်စွက်ထည့်သွင်းထားသောမေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကို ဆွေးနွေးစေသောမေးခွန်းသည် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်၊ ပင်ကိုအရည်အသွေး ဖော်ထုတ်ပြသနိုင်သော မေးခွန်းပုံစံဖြစ်ပါသည်။ ဖြေဆိုရာတွင် စာဟန် အရေးအသားဖြင့်သာ ဆွေးနွေးတင်ပြကာ ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်း ဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။ သာဓကအားဖြင့် "နွေရာသီသည် ဆောင်းရာသီထက် ပို၍သာယာလှပသည်"၊ "ကွန်ပျူတာကို အလွန်အကျွံအသုံးပြုခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်"၊ "ရေဒီယိုနားထောင်ခြင်းသည် သတင်းစာဖတ်ခြင်းထက် ပို၍အကျိုးရှိသည်" စသည့်အကြောင်းအရာမျိုး ဖြစ်ပါသည်။ အဆိုကို မှန်သည် မှားသည် အဆုံးအဖြတ်ပေးစေခြင်းမျိုးမဟုတ်ဘဲ မိမိအမြင်အတိုင်း၊ မိမိထင်မြင်ယူဆချက်အတိုင်း ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ အကျိုးသင့် အကြောင်းသင့် ဆွေးနွေးတင်ပြရန် ဖြစ်ပါသည်။

ယခင်နံပါတ် ၆ စာစီစာကုံး မေးခွန်းသည် အမှတ် ၂၀ ပေးထားရာ ပေးမှတ်များပြားသည့်အလျောက် စစ်ဆေးအကဲဖြတ်ရာတွင် အမှတ်ကွာဟချက်ကို ကြီးမားစေပါသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်ပိုင်ရေးသားတင်ပြမှုထက် အလွတ်ကျက်မှတ်မှုကိုသာ အားပြုဖြေဆိုလျက်ရှိကြပါသည်။ ပေးထားသော ပုံကြမ်းအချက်အလက်နှင့် ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ အလွတ်ကျက်မှတ်ထားသည်ကို များများရေးနိုင်လျှင် အမှတ်များများရနိုင်သည်ဟု ထင်မြင်ယူဆလျက်ရှိကြသည့်အလျောက် ဤမေးခွန်းပုံစံသည် ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုရန် အားသန်သည့် မေးခွန်းပုံစံဖြစ်နေပါသည်။ ဤမေးခွန်းပုံစံကို လျှော့ချ၍ ပုံကြမ်းပါအချက်အလက် ငါးချက်ကိုသာ အခြေခံပြီး ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတင်အပြဖြင့် တိတိကျကျဖြေဆိုနိုင်မည့် စာစီစာကုံးမေးခွန်းနှင့် ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းဖြင့် ဖြေဆိုနိုင်မည့်အဆို ဆွေးနွေးသည့် မေးခွန်းကို ဖြည့်စွက်လိုက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ယခု ပြောင်းလဲအသုံးပြုမည့်မေးခွန်းပုံစံသည် အလွတ်ကျက်မှတ်သည့် မေးခွန်းပုံစံထက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်နှင့် တစ်နှစ်ပတ်လုံး ပုံမှန်လေ့လာသင်ယူလေ့ကျင့်မှုအပေါ်တွင် အားပြုဖြေဆိုနိုင်မည့် မေးခွန်းပုံစံသို့ ပြောင်းလဲထားပါသည်။ ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာရပ်ကို ကောင်းစွာနားလည်သဘောပေါက်ပြီး မှန်ကန်စွာ လက်တွေ့ရေးသားအသုံးပြုနိုင်သည့် မေးခွန်းပုံစံသို့ ပြောင်းလဲထားသည့်အလျောက် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် မြန်မာစာ မှန်ကန်စွာရေးသား အသုံးပြုနိုင်မှုအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ယခုမေးခွန်းပုံစံတွင် ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုနိုင်မည့် ရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်း၊ ကျောင်းသား ကျောင်းသူများ တစ်နှစ်ပတ်လုံး လေ့လာဆည်းပူးမှုမှ ရရှိထားသည့် မြန်မာစာဆိုင်ရာ အသိပညာနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစားမှု၊ ကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်တို့ဖြင့် ဖြေဆိုရမည့် ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းတို့ဖြင့် အချိုးညီမျှစွာ ဖွဲ့စည်းထားပါသည်။

ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသစ်သည် ယခင်အသုံးပြုခဲ့သည့် မေးခွန်းပုံစံ၏ အားသာချက် အားနည်းချက်များ၊ ကျောင်းသား ကျောင်းသူတို့၏ အားသာချက် အားနည်းချက်များ၊ သင်ကြားပို့ချလျက်ရှိကြသည့် ဆရာ ဆရာမတို့၏ ထိရောက်စွာ သင်ကြားနိုင်ရေး၊ မြန်မာစာဘာသာရပ်၏ သဘောသဘာဝနှင့် အနှစ်သာရ၊ စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူတို့ နစ်နာမှုမရှိစေရေး စသည့်ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ကာ ပြုပြင်ပြောင်းလဲထားခြင်းဖြစ်ရာ လေ့လာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားသည့် ဆရာ ဆရာမများအတွက် အကျိုးဖြစ်ထွန်းစေမည်သာမက စစ်ဆေးအကဲဖြတ်ရာတွင် အမှတ်ခွဲဝေမှုစနစ် ပို၍ရှင်းလင်းပြတ်သားတိကျမှု ရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်နိုင်စွမ်းထက်မြက်လာမှု၊ မြန်မာစာ ထိရောက်မှန်ကန်စွာ ရေးသားအသုံးချနိုင်မှု စသည့် လက်တွေ့ဘဝအတွက် ပိုမိုအသုံးဝင်မည့် သင်ကြားသင်ယူမှုအခြေအနေများ တိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> "ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသစ်သည် ယခင်အသုံးပြုခဲ့သည့် မေးခွန်းပုံစံ၏ အားသာချက် အားနည်းချက်များ၊ ကျောင်းသား ကျောင်းသူတို့၏ အားသာချက် အားနည်းချက်များ၊ သင်ကြားပို့ချလျက်ရှိကြသည့် ဆရာ ဆရာမတို့၏ ထိရောက်စွာ သင်ကြားနိုင်ရေး၊ မြန်မာစာဘာသာရပ်၏ သဘောသဘာဝနှင့် အနှစ်သာရ၊ စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူတို့ နစ်နာမှုမရှိစေရေး စသည့် ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ကာ ပြုပြင်ပြောင်းလဲထား . . ."

---

»» စာမျက်နှာ ၅ မှ

တိုင်းပြည်အတွက် တည်ဆောက်မယ်ဆိုတဲ့ စိတ်ဓာတ်တွေရဖို့အရေးကြီးပါတယ်၊ လူငယ်တွေအတွက် ကျွန်တော့်အမှာစကားကတော့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ခေါင်းဆောင်ဖြစ်မယ့်သူတွေအတွက် ကျွန်တော်တို့လူကြီးတွေ အစစအရာရာ ပြင်ဆင်ပေးခဲ့မယ်၊ ကျွန်တော်တို့လူကြီးတွေကိုယ်တိုင် မြေတောင်မြှောက်ပေးရမယ်၊ အဲဒီလိုမြေတောင်မြှောက်ပေးမှုတွေကို ခံယူရင်းနဲ့ နိုင်ငံကို တည်ဆောက်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ရွှေစည်းခုံ၊ အာနန္ဒာ၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ လောကနန္ဒာ အစရှိသည့် တန်ခိုးကြီးဘုရား ၁၀ ဆူ အပါအဝင် ယူနက်စကိုကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ၂၀၁၅ ခုနှစ်က သတ်မှတ်ခံခဲ့ရသည့် မြစေတီ ကျောက်စာ(ရာဇကုမာရ်ကျောက်စာ)ကိုလည်း လေ့လာခဲ့ကြသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မှအဌမတန်းလူရည်ချွန် မရှင်မင်းသွဲ့က ပုဂံအပန်းဖြေခရီးနှင့် ပတ်သက်၍ "အခုလိုလူရည်ချွန်အဖြစ်နဲ့ လေ့လာရေးခရီးလာရောက်ရတာ အလွန်ပျော်ပါတယ်၊ ဂုဏ်လည်းယူတယ်၊ ဒီလိုဘုရားဖူးခရီးကို အရင်တုန်းကတော့ မိသားစုနဲ့လာဖူးတယ်၊ ဒါပေမယ့် အခုလိုမျိုးလာတာနဲ့တော့ ဘယ်လိုမှမတူပါဘူး၊ ဒါကတော့ ကိုယ့်ကြိုးစားမှုရဲ့ ရလဒ်အဖြစ်နဲ့လာရတာဆိုတော့ ပိုပြီးပျော်ပါတယ်၊ လူရည်ချွန်တစ်ယောက်အနေနဲ့ကတော့ မွန်မြတ်တဲ့စိတ်ထားရမယ်။ သူများအပေါ် ကောင်းတဲ့စိတ်ပဲ ထားရမယ်။ သူများထက်ပိုပြီးတော့ ကြိုးစားရမယ်လို့ ခံယူထားပါတယ်"ဟု ပြောပြသည်။

ပညာရေးဝန်ကြီးဌာနသည် စံနမူနာပြလူငယ်များ ပေါ်ထွန်းစေရန် ရည်ရွယ်ချက်များဖြင့် လူရည်ချွန်ရွေးချယ်ချီးမြှင့်ခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်က စတင်ခဲ့သည့် ဘက်စုံပညာ ထူးချွန်လူငယ်စီမံကိန်းအနေဖြင့် ယခုနှစ်တွင် ခြောက်ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အဆက်ဆက်က လူငယ်မောင်မယ်တို့ကို လူရည်ချွန်၊ လူရည်မွန် လူတော်လူကောင်းများ ဖြစ်လာစေရန် အစဉ်တစိုက် ပြုစုပျိုးထောင်ပေးခဲ့ရာ ထူးချွန်လူငယ်စီမံကိန်းကို တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၁၉၈၈ ခုနှစ်အထိ ပထမမျိုးဆက် လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခဲ့ရာ ၂၄ နှစ်တာကာလအတွင်း လူရည်ချွန်ပေါင်း ၇၉၀၈ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ၎င်းလူရည်ချွန်များအနေဖြင့် အဆင့်မြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီး ထမ်းဆောင်ဆဲပုဂ္ဂိုလ်များအဖြစ် ပါဝင်ခဲ့ကြကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**

»» စာမျက်နှာ ၅ မှ

ယင်းနောက် လူရည်ချွန်မောင်မယ်များကိုယ်စား သုံးထပ်ကွမ်းလူရည်ချွန်ကျောင်းသူ မပန်းဖြူဖြူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက ကျွန်တော့်ရည်မှန်းချက် တေးသီချင်းဖြင့်လည်းကောင်း၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ ဧရာဝတီရဲ့အလှ တေးသီချင်းဖြင့် လည်းကောင်း၊ လူရည်ချွန်မောင်မယ်များက စခန်းနွေမွန် လူရည်ချွန်တေးသီချင်းဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင်ကမ်းခြေတွင် ပျော်ရွှင်စွာရေကစားကြပြီး ညပိုင်းတွင် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသံရှင်များက အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

**❂ မြန်မာ-ဘင်္ဂလားဒေ့ရှ်မှ**

အစိုးရ၏ဆောင်ရွက်ချက်များကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)တို့နှင့် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွားနိုင်ရန် ဆွေးနွေးလျက်ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် ရခိုင်ပြည်နယ်ရှိ လူထုအားလုံးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သင့်လျော်သောအချိန်ရောက်ပြီဟု မြန်မာနိုင်ငံအစိုးရက ယုံကြည်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် ယခုအချိန်သည် အရေးကြီးသည့် ပြောင်းလဲမှုအချိန်အခါဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုအတွက်နေရာမရှိကြောင်း၊ မိမိတို့အနေဖြင့် နေအိမ်များဆုံးရှုံးခဲ့သည့်သူများ ပြန်လည်ဝင်ရောက်လာစေရေးနှင့် အကြမ်းဖက်မှုများ၏ အခြေခံအကြောင်းအရင်းများကို အဖြေရှာဆောင်ရွက်သွားနိုင်ရေးအတွက် အားသွန်ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တာဝန်ပေးအပ်ထားခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည်လည်း အထက်ပါအချက်များကို အကောင်အထည်ဖော်နိုင်ရန် အကြံပြုချက်များကို အဆိုပြုထားခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဝင်ရောက်ရာတွင် အဓိကအချက်မှာ လုံခြုံမှု၊ သိက္ခာရှိမှုနှင့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှုပင်ဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လက်တွေ့ဆောင်ရွက်သွားရမည့် အကြံပြုချက်များ ပါဝင်ကြောင်း၊ ယင်းအချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့အပေါ် အခြေခံထားကြောင်း၊ ယင်းအကြံပြုချက်များသည် အစိုးရမှ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေလ ၁ ရက်**

**❒ အိမ်နီးချင်းနိုင်ငံများမှ**

နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ဖြစ်ပေါ်လာပုံ၊ UEHRD ၏ လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



**အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ ရွှေဇားကျေးရွာ၌ ရခိုင်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံကြစဉ်။**

**သဘောတူညီချက်အတိုင်းလက်ခံမည်**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပဋိပက္ခဖြစ်ပွားပြီးနောက် ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ပုံမှန် အခြေအနေသာမက ရေရှည်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ပဋိပက္ခဖြေရှင်းရာတွင် သမိုင်းကြောင်း ရှည်လျားသည့်အတွက် သိမ်မွေ့နက်နဲသည့် အခြေအနေရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**တောင်ပြိုလက်ဝဲ**

ထို့နောက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်တို့ ဦးဆောင်ကာ စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှုနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအား လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရေးတံတားအား လည်းကောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား NVC ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို လည်းကောင်း လိုက်လံကြည့်ရှုကြသည်။

**လှဖိုးခေါင်**

ဆက်လက်၍ အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာသူများ ခေတ္တနေထိုင်ရန် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

**ရွှေဇားကျေးရွာ**

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာသို့ရောက်ရှိပြီး ရခိုင်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းကြသည်။



**အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအား ကြည့်ရှုစဉ်။**

**အတူတကွ နေထိုင်မည်**

တွေ့ဆုံမေးမြန်းစဉ် ရခိုင်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များက ၎င်းတို့အနေဖြင့် ရှေးယခင်ကပင် အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပါကြောင်း၊ သဟဇာတမျှတစွာ နေထိုင်ခဲ့ကြပါကြောင်း၊ နောင်တွင်လည်း အတူတကွ နေထိုင်သွားကြမည်ဖြစ်ကြောင်း ပြောကြားကြသည်။

**မိသားစုဝင်များအား တွေ့ဆုံ**

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ပဋိပက္ခဖြစ်ပွားစဉ် သေဆုံးခဲ့ရသူများ၏ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြပြီး ပဋိပက္ခဖြစ်ပွားချိန်တွင် သေဆုံးသွားကြသူများ၏ မိသားစုဝင်များအား တွေ့ဆုံသည်။

**စိတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့**

တွေ့ဆုံစဉ် ရခိုင်မိသားစုဝင်များက ၎င်းတို့အတွက်နေအိမ်အခက်အခဲနှင့် အလုပ်အကိုင်လိုအပ်ချက်များကို ပြောကြားကြပြီး ဟိန္ဒူဘာသာဝင်များကလည်း ၎င်းတို့အား အကြမ်းဖက်သမားများက သတ်ဖြတ်မည်ဟု ပြောကြားထားသည့်အတွက် ၎င်းတို့မှာ ကြောက်လန့်နေကြရပါကြောင်း၊ သတ်ဖြတ်မှုများကို တွေ့မြင်ခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့ရပါကြောင်း၊ ၎င်းတို့မှာ စားသောက်နေထိုင်ရေးနှင့် အလုပ်အကိုင်အခက်အခဲရှိပါကြောင်း ပြောကြားကြသည်။

**ပန်းတောပြင်ကျေးရွာ**

ထို့နောက် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်မိသားစုများနှင့် တွေ့ဆုံကြပြီး ကျေးရွာသားများက အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ကြုံတွေ့ခဲ့ရမှုများနှင့် လိုအပ်ချက်များကို လွတ်လပ်စွာ ပြောဆိုကြသည်။

**လွတ်လပ်စွာတွေ့ဆုံ**

ယင်းနောက် အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ လူမှုရေးအသင်း အဖွဲ့အစည်းများနှင့် လွတ်လပ်စွာ သီးခြားတွေ့ဆုံကြသည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ညနေပိုင်းတွင် စစ်တွေမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

# မောင်တောဒေသဖွံ့ဖြိုးရေး မဟာဗျူဟာအရအရေးပါသည့် အငူမော်-ကိုးတန်ကောက်လမ်းပိုင်း ဖွင့်ပွဲကျင်းပ

**စစ်တွေ မေ ၁**

မောင်တော-အငူမော်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အငူမော်-ကိုးတန်ကောက်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အငူမော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ဘူးသီးတောင်-မောင်တောကားလမ်းကောင်းမွန်လာပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ဒေသအနှံ့မှ ပြည်သူများအနေဖြင့် မောင်တောသို့ အချိန်မရွေး သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ယခုလမ်းသည် မောင်တောဒေသဖွံ့ဖြိုးရေးအတွက် အရေးပါပြီး မဟာဗျူဟာအရလည်း အရေးပါကြောင်း။

ပြည်သူများမျှော်လင့်ခဲ့သည့် လမ်း၊ တံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံများ ကောင်းမွန်လာပါက ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦးနှင့် မောင်တောဒေသခံ ဦးအောင်မြင့်သိန်းတို့က လမ်းအဆင့်မြှင့်တင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားကြသည်။



ယင်းနောက် Asia World Foundation ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လမ်းအဆင့်မြှင့်တင် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တော-အငူမော် လမ်းမကြီးအား အဆင့်မြှင့်တင် ပြုပြင်လှူဒါန်းသည့်အတွက် Asia World Foundationအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရာ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လက်ခံရယူသည်။

ယင်းနောက် Asia World Foundation မှ မောင်တောဒေသရှိ ကျေးရွာရှစ်ရွာမှ စာသင်ကျောင်းရှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၂၀ စီ လှူဒါန်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံသည်။

ထို့နောက် မောင်တော-အငူမော်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အငူမော်-ကိုးတန်ကောက်လမ်းပိုင်းအား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးဟန်ဇော်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ Asia World Foundation ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် အငူမော် - ကိုးတန်ကောက် လမ်းအဆင့်မြှင့်တင်ထားမှုကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

အဆိုပါလမ်းအဆင့်မြှင့်တင်ခြင်းကို ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လက်အောက်ရှိ Task Force ကိုးခုအနက် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF) ၏ အဖွဲ့ဝင်ဖြစ်သည့် Asia World Foundation မှ တာဝန်ယူ ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါလမ်းမှာ မောင်တောဒေသ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဟာဗျူဟာကျပြီး အရေးပါလှသည့် လမ်းမကြီးဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမြင့်၊ ဟန်လင်းနိုင်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၁**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိဖြစ်သူ ပိုလန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့ဝင်များသည် ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။



သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိဖြစ်သူ ပိုလန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Ms.Joanna Wronecka၊ ပီရူးနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Mr.Gustavo Meza-Cuadra၊ ဗြိတိန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E.Ms. Karen Pierce နှင့် ကူဝိတ်နိုင်ငံအမြဲတမ်းကိုယ်စားလှယ် H.E.Mr.Mansour Alotaibi တို့က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပြောကြားရာတွင် ၎င်းတို့အနေဖြင့် မြေပြင်အခြေအနေကို သိရှိရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံခဲ့သည့်အပြင် ဒေသခံများနှင့် တွေ့ဆုံ၍ ၎င်းတို့၏အမြင်များကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း၊ ဒေသအာဏာပိုင်များနှင့် တွေ့ဆုံပြီး လုံခြုံရေးအခြေအနေများ၊ ပြန်လည်လက်ခံရေးအတွက် ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း၊ ကဏ္ဍစုံတွင် အကူအညီပေးနိုင်ရန် လေ့လာခဲ့ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အနေဖြင့် မည်သို့ အကောင်အထည်ဖော်မည်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း၊ မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကို အလျင်အမြန် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရကို လိုအပ်သည့်အကူအညီများပေးအပ်ရေးနှင့် နေရပ်စွန့်ခွာသူများ ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာရေးတို့နှင့်ပတ်သက်၍ ပြောကြားကြသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**



# ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဘားအံ မေ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ အဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ရေခက်ခဲသော ကျေးရွာများတွင် တွင်းနက်တူးဖော်ခြင်း ခြောက်တွင်း၊ မြေသားရေကန်တစ်ခု၊ အမြင့်တင်ရေကန်နှစ်ခု၊ လက်တူးတွင်း သုံးတွင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၅၃ ဒသမ ၄၃၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ကာလအတွင်း အင်းနို့သိပ္ပံကျေးရွာ၊ အောက်ရေပူကျေးရွာ၊ ဝါးခုတ်တောကျေးရွာ၊ နောင်ဘုကြီးကျေးရွာ၊ ရွာကိုင်းကောင်းကျေးရွာ၊ ချမ်းသာကျေးရွာများ အပါအဝင် ကျေးရွာ ၁၀ ရွာတွင် လက်တူးတွင်း ငါးတွင်း၊ တွင်းတိမ်ငါးတွင်းကို ဧပြီလတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပြီးစီးမှုအပေါ် ကျေးရွာနေပြည်သူများ အသုံးပြုနိုင်မှုအခြေအနေ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရေရှည်အကျိုးရှိနိုင်ရေးအတွက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **နေမျိုးလွင်(ဘားအံ)**

# မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများတွင် နည်းပညာဖလှယ်ရေး ဆွေးနွေး



**နေပြည်တော် မေ ၁**

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် International Convention on Public Health "Cuba Salud 2018" သို့ ပါဝင်တက်ရောက်ခဲ့သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

"Cuba Salud 2018" သို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများအပါအဝင် နိုင်ငံပေါင်း ၉၄ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "Social Determinants and Health Equity" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဟာဗားနားမြို့၌ ရှိနေစဉ်အတွင်း ကျူးဘားနိုင်ငံ ဒုတိယသမ္မတနှင့် ကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဝန်ကြီး Dr. Roberto Morales Ojeda အား ဧပြီ ၂၇ ရက် နံနက်ပိုင်းက Havana Convention Centre ၌ သွားရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ကျူးဘားနိုင်ငံသမ္မတအသစ်အဖြစ် ဧပြီ ၁၉ ရက်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် H.E. Mr. Miguel Mario Diaz- Canel Bermudez ထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများတွင် နှစ်နိုင်ငံ အကျိုးတူ နည်းပညာဖလှယ်ရေး စသည့် ကိစ္စများနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ကျူးဘားနိုင်ငံခရီးစဉ်အတွင်း ကျူးဘားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းလည်း လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❍ **ကျော်ဖုံးမှ**

မူလသတ်မှတ်ထားတဲ့အတိုင်း ပြီးမြောက်အောင် ငြိမ်းသတ်နေပါတယ်၊ ရေကိုပဲ အဓိကထားပြီး ငြိမ်းသတ်နေတာပါ၊ မြေပြင်အနေအထားအရ (D)ဇုန်နဲ့ ဆက်စပ်နေတဲ့အတွက် လမ်းကြောင်းအနေအထားအရ (D)ဇုန်ဘက်ကိုလည်း ငြိမ်းသတ်ခဲ့ပါတယ်၊ ဒါကြောင့် ဒီကနေ့ ငြိမ်းသတ်မှုအပိုင်းကတော့ ဧရိယာပိုပြီးကျယ်ပြန့်သွားခဲ့ပါတယ်၊ အားလုံးကို ငြိမ်းရမှာမှန်ပေမယ့် ဒီကနေ့ ရည်မှန်းချက်ကတော့ (C)ဇုန်ပဲဖြစ်ပါတယ်၊ ဒါကြောင့် (C)ဇုန်ကိုပဲ ပြီးပြတ်အောင် ညပိုင်းအထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အချိန်တော့ အနည်းငယ်ပိုပေးလိုက်ရတဲ့ အနေအထားပဲဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ယနေ့ညနေပိုင်းတွင် ပြောကြားသည်။

ဆက်လက်၍ ၎င်းက "မနက်ဖြန်မှာတော့ (D)ဇုန်ကို အပြီးသတ်ငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ ဒီကနေ့မှာလည်း (D)ဇုန်ရဲ့ တချို့နေရာတွေကို ငြိမ်းသတ်ခဲ့ပြီးဖြစ်တာကြောင့် မနက်ဖြန်ကျရင်တော့ ကျန်တဲ့နေရာတွေကို ဆက်လက်ငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ ဒါကြောင့် မနက်ဖြန်ကျရင် အားလုံးပြီးဆုံးအောင် ငြိမ်းသတ်သွားမှာ ဖြစ်ပါတယ်၊ မနက်ဖြန်ကျရင် မျှော်မှန်းထားတာထက် ပိုပြီးလောင်ကျွမ်းနေရင် Bio Foam ကို အသုံးပြုပြီး ငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ အပိုင်း နှစ်ပိုင်းခွဲပြီး ဆောင်ရွက်သွားမယ်၊ အဓိက သတ်မှတ်ဇုန်တွေကို ငြိမ်းသတ်သွားမှာဖြစ်သလို ငြိမ်းသတ်ခဲ့ပြီးနေရာ တချို့နေရာတွေကို ကောက်သင်းကောက်သလို လက်စသတ်တဲ့အပိုင်းကိုလည်း နောက်ချန်အဖွဲ့တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသည်။

မီးငြိမ်းသတ်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်အရာရှိတစ်ဦးက "ဧပြီ ၂၄ ရက်ကတည်းက စတင်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ နေ့စဉ် အင်အား ၁၆၀ နဲ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ မီးငြိမ်းသတ်မှုအပိုင်းသာမက ရေရရှိရေးနဲ့ ဆေးဝါးကုသမှုအပိုင်းတွေကိုလည်း လုပ်ဆောင်ပေးနေပါတယ်၊ ဒါ့အပြင် ရေလုံလောက်စွာ ရရှိရေးအတွက် တပ်မတော်ရေသယ်ယာဉ်၊ မီးသတ်ယာဉ်၊ ရေစုပ်စက်တွေနဲ့လည်း နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်၊ ဒီနေ့မှာဆိုရင် မီးငြိမ်းသတ်မှုအပြင် မီးလောင်မှုအနီးမှာရှိတဲ့ ကျုံစုကျေးရွာမှာ မီးခိုးဒဏ်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် ပါရဂူတွေပါဝင်တဲ့အဖွဲ့က နယ်လှည့်ဆေးကုသမှုတွေ လုပ်ဆောင်ခဲ့ပါတယ်၊ သံဃာ ခုနစ်ပါး၊ သီလရှင် နှစ်ပါး အပါအဝင် ၃၆၂ ဦးကို ဆေးဝါးကုသမှု ပြုလုပ်ပေးခဲ့ပါတယ်" ဟု ပြောသည်။

ယခုအခါ မီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် ဇုန်တစ်ခုချင်းနှုန်းဖြင့် ငြိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိကြောင်း သိရသည်။

ယနေ့တွင် မူလသတ်မှတ်ချက်များအရ (C)ဇုန်ကို ငြိမ်းသတ်ရာတွင် ဧရိယာကျယ်ပြန့်မှုနှင့်အတူ (D)ဇုန်နှင့် မြေပြင်အနေအထားအရ ဆက်စပ်နေသည့်အတွက် ညနက်ပိုင်းအထိ ကြိုးစားငြိမ်းသတ်ခဲ့ရသည်။ ထို့အတူ ကျန်ရှိသည့် (D)ဇုန်ကို မူလသတ်မှတ်ချက်များအတိုင်း ပြီးစီးအောင် ဆက်လက်ငြိမ်းသတ်သွားမည်ဖြစ်ရာ မေ ၂ ရက် ညပိုင်းတွင် အပြီးသတ် ဆောင်ရွက်သွားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေးဧရိယာတွင် မီးသတ်တပ်ဖွဲ့အင်အား ၄၅၀ ခန့်ကို အဓိကထားကာ သတ်မှတ်အဆိုင်းများအလိုက် ခွဲဝေအသုံးပြုခဲ့သည့်အပြင် တပ်မတော်သားများအပါအဝင် ပူးပေါင်းအင်အားများဖြင့်လည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်မှုတွင်ပါဝင်သူ ကမာရွတ်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးက "ဒီနေ့မှာတော့ ငြိမ်းသတ်ရတဲ့ဧရိယာ နည်းနည်းပိုကျယ်ပါတယ်၊ မြေပြင်အနေအထားက ပြေပြစ်တော့ အခက်အခဲသိပ်မရှိပါဘူး၊ ကျွန်တော်တို့က ရှေ့ဆုံးကနေ ပိုက်ကိုင်ပြီး အဓိကငြိမ်းသတ်တယ်၊ ပိုက်ရွှေ့တာမျိုးအပြင် အခြားလိုအပ်တဲ့ အပိုင်းတွေကိုတော့ တပ်မတော်သားတွေက အနီးကပ်ကူညီပေးပါတယ်၊ နောက်ထပ်တစ်ရက်လောက်ဆိုရင်တော့ အပြီးသတ် ငြိမ်းသတ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

အဆိုပါ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက ကြိုးစားငြိမ်းသတ်လျက်ရှိသကဲ့သို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့်လည်း မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူဖွံ့ဖြိုးရေးအသင်း(ERSSDO)မှ ဦးဇွဲရန်နိုင်က "မီးစတင်လောင်ကျွမ်းတဲ့နေ့ကတည်းက ကျွန်တော်တို့ အသင်းက ရေသယ်ယာဉ်တွေ၊ လူနာတင်ယာဉ်တွေနဲ့ ပါဝင်ကူညီဆောင်ရွက်ခဲ့ပါတယ်၊ ဒ့ါအပြင် မီးလောင်ပြင်မှာရှိတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဝိုင်းဝန်းကူညီကြတဲ့သူတွေအတွက် ရေ၊ အားဖြည့်အချိုရည်နဲ့ အစားအသောက်တွေကို နိုင်သလောက် လှူဒါန်းခဲ့ပါတယ်၊ ဒီနေ့မှာတော့ ရေသယ်ယာဉ်တွေနဲ့ ရေအကူအညီပေးတဲ့လုပ်ငန်းစဉ်ကို လုပ်ခဲ့တဲ့အပြင် မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ အတွက် ညစာထမင်းနဲ့ ရေသန့် ကတ် ၅၀ ကို လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်၊ နောက်ရက်တွေမှာလည်း ဆက်လက်ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါမီးလောင်မှုအနီးရှိ နေထိုင်သူ ကိုလှမြင့်က "မနက်ပိုင်းနဲ့ ညပိုင်းမှာတော့ မီးခိုးတွေ နည်းနည်းထွက်နေပါသေးတယ်၊ ပတ်ဝန်းကျင်ကိုထိခိုက်နိုင်တဲ့ အနေအထားမျိုးတော့ မဟုတ်ပါဘူး၊ လေစီးကြောင်းအရ ကျုံစုရွာဘက်ကို ညနေပိုင်းမှာ မီးခိုးတွေ သွားတာများပါတယ်၊ အခုတော့ မီးခိုးထွက်တာ တဖြည်းဖြည်းနည်းသွားပါပြီ၊ အရင်တုန်းကလို ညှော်နံ့တွေထွက်တဲ့အဆင့်အထိ မရှိတော့ပါဘူး"ဟု ပြောသည်။

ယခုအခါ အဆိုပါမီးလောင်မှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်လျက်ရှိပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြုငြိမ်းသတ်လျက်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# အမှိုက်ပုံမီးနှင့်ပတ်သက်၍ အလွယ်တကူပျက်စီးနိုင်ခြင်းမရှိသော အမှိုက်များ အလေးထားလျှော့ချရန်လိုအပ်



**ရန်ကုန် မေ ၁**

ဧပြီ ၂၁ ရက်မှစတင်ခဲ့သော လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမှ မီးခိုးထွက်ရှိနေခြင်းကို မေ ၂ ရက်တွင် နောက်ဆုံးထား ငြိမ်းသတ်နိုင်သည့် အနေအထားအဆင့်သို့ ရောက်ရှိမည်ဖြစ်ပြီး မေ ၃ ရက်တွင် စောင့်ကြည့်အဆင့်သို့ လျှော့ချနိုင်မည်ဟု မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောကြားသည်။

ရက်အနည်းငယ်အတွင်း မီးလောင်မှုကို မီးငြိမ်းသတ်နိုင်ခဲ့သော်လည်း မီးခိုးများထွက်ရှိမှု များပြားနေခြင်းကို ထိုင်းနိုင်ငံမှ မှာယူတင်သွင်းလာသော Bio Foam ဆေးရည်များကို မီးခိုးထွက်ရှိရာ နေရာများတွင် ထိုးသွင်းပက်ဖျန်းနေခြင်းကို လုပ်ဆောင်ခဲ့သည်။ ယင်းအမှိုက်ပုံကို ဇုန်လေးဇုန်ခွဲခြားသတ်မှတ်ပြီး ဧပြီ ၂၉ ရက်တွင် ဇုန် A၊ ဧပြီ ၃၀ ရက်တွင် ဇုန် B တွင်လုပ်ဆောင်ခဲ့သည်။ မေ ၁ ရက်တွင် ဇုန် C၊ မေ ၂ ရက်တွင် ဇုန် D တို့ကို ဆက်လက်ငြိမ်းသတ်လုပ်ဆောင်မည်ဖြစ်ရာ မေ ၃ ရက်မှစ၍ ယင်းအမှိုက်ပုံမီးလောင်မှုကို level 5 အဆင့်သတ်မှတ်ထားရာမှ level 1 အဆင့်သို့ လျှော့ချသွားနိုင်မည်ဟု ဦးမြတ်သူက ပြောကြားသည်။ ဇုန်လေးဇုန်ထဲမှ အဓိကအကျဆုံးနှင့် မီးလောင်မှုထုထည်အကြီးမားဆုံး ဇုန် B ကို ညနေ ၄ နာရီမှစတင်၍ ငြိမ်းသတ်ရေးလုပ်ဆောင်ခဲ့ရာ ည ၇ နာရီခွဲဝန်းကျင်တွင် ယင်းဇုန်အတွင်းရှိ အမှိုက်ပုံထိပ်တစ်လျှောက် မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့နှင့် တစ်ပါတည်းလိုက်ပါကူညီလုပ်ဆောင်ပေးနေသော တပ်မတော်သားများနှင့်အတူ ရောက်ရှိငြိမ်းသတ်နိုင်ခဲ့သည်ဟု ဦးမြတ်သူက ပြောကြားသည်။

အမှိုက်ပုံများသည် မြေပြင်အထက် အမြင့် ၁၅ ပေဝန်းကျင်ရှိပြီး မြေပြင်အောက်အနက် ၁၀ ပေ ရှိသည်ဟု သိရသည်။ အခက်အခဲဆုံး ဇုန် B ကို အောင်မြင်စွာဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဇုန် C နှင့် D ကို လုပ်ကိုင်ဆောင်ရွက်ရာ အခက်အခဲနည်းပါးမည်ဟုဆိုသည်။ ယင်းအမှိုက်ပုံမီးသည် စုပေါင်းအင်အားများဖြင့် ၁၂ ရက်အကြာတွင် ငြိမ်းသတ်ပြီးစီးနိုင်မည်ဟု သိရသည်။

သန္တေမီးသတ်တပ်ဖွဲ့ဝင် ၅၅၁ ဦး၊ အမျိုးသမီးတပ်ဖွဲ့ဝင် ၄၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၁၅ ဦး၊ တပ်မတော်သား ၁၆၀၊ ရဲတပ်ဖွဲ့ဝင် ၂၂၅ ဦး၊ စည်ပင်ဝန်ထမ်း ၄၀၀ အပါအဝင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဆည်မြောင်းဝန်ထမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့များမှ ပုဂ္ဂိုလ်များစုစုပေါင်း ၂၀၀၀ ဝန်းကျင်ဖြင့် ထိန်ပင်အမှိုက်ပုံမီးကို ငြိမ်းသတ်ဆောင်ရွက်ခဲ့သည်ဟု တာဝန်ရှိသူများထံမှ သိရသည်။ စေတနာရှင်ပြည်သူများက အဖွဲ့အစည်းအလိုက်အပြင် တစ်ဦးချင်းလာရောက်လှူဒါန်းမှုများရှိရာ မြို့နယ်ထွေအုပ်နှင့် မြို့တော်စည်ပင်ပူးပေါင်းအဖွဲ့သည် ထိန်ပင်သုသာန်ဝင်းအတွင်းတွင်လည်းကောင်း၊ မီးသတ်တပ်ဖွဲ့သည် မြစိမ်းရောင်ဝင်ပေါက်အနီးတွင်လည်းကောင်း ဖွင့်လှစ် လက်ခံနေသည်ကို မြင်တွေ့ရသည်။




ထွေအုပ်နှင့် မြို့တော်စည်ပင် ပူးပေါင်းအလှူခံပစ္စည်းလက်ခံရာနေရာသို့ ပြည်သူများက ယနေ့အထိ ငွေသား ၁၄၇ သိန်း အပါအဝင် မီးလောင်ပြင်တွင် လိုအပ်သောရေသန့်၊ အားဖြည့်အချိုရည်၊ ပဲနို့၊ အဝတ်အစား၊ တဘက်၊ နှာခေါင်းစည်း၊ ခြင်ဆေးဘူး စသည့် အသုံးအဆောင်များ၊ လည်ရှည်ဖိနပ်ရှည်များပါ လာရောက်လှူဒါန်းသည်ဟု မြို့တော်စည်ပင် ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် သန့်ရှင်းမှုဌာန ဒုတိယဌာနမှူး ဦးအောင်မြင့်မော်က ပြောကြားသည်။ မီးစတင်လောင်သည့် ဧပြီ ၂၁ ရက်မှ ၂၅ ရက်အထိ မီးလောင်ရာသို့ လာရောက်ကူညီလုပ်ဆောင်ပေးနေသူများအား နံနက်စာနှင့် ညစာထမင်းဟင်းအပြင် နေ့လယ်စာပါ မြို့တော်စည်ပင်က အကုန်အကျခံကာ ကျွေးမွေးခဲ့ပြီး ဧပြီ ၂၆ ရက်မှ မေ ၁ ရက်အထိ ပြည်သူများလှူဒါန်းသော အလှူငွေမှ ကျွေးမွေးသည်ဟု ယင်းပုဂ္ဂိုလ်က ပြောကြားသည်။

မီးလောင်သည့်ရက်အတွင်း ရန်ကုန်မြို့တွင်းမှ နေ့စဉ်ထွက်ရှိနေသော အမှိုက်များကို အသုံးမပြုရသေးသော မြစိမ်းရောင်ဘက်ခြမ်းတွင် စုပုံနေသည်ဟုသိရသည်။ ထိန်ပင်အမှိုက်ပုံ မီးလောင်သည့်ဖြစ်စဉ် ၁၀ ရက်ဝန်းကျင်ကြာမြင့်သောကာလအတွင်း ရန်ကုန်မြို့တွင်း ကြီးမားသောမီးလောင်ခြင်း မဖြစ်ပွားသည်မှာ လွန်စွာကံကောင်းပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အမှိုက်ပုံမီးကို အလေးထား ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ခဲ့သော အမှိုက်ပုံတွင် လွယ်လင့်တကူ ချေဖျက်ပျက်စီးနိုင်ခြင်းမရှိသော ကြွပ်ကြွပ်အိတ်မျိုးစုံ၊ ဖော့ဘူးမျိုးစုံများ မြင်တွေ့နေရရာ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူး သုံးစွဲခြင်းအပေါ် အလေးထား လျှော့ချရန် လိုအပ်နေပြီဟု ထိန်ပင်အမှိုက်ပုံမီးက ညွှန်ပြနေသည်ဟု သွားရောက်ခဲ့သူ ပြည်သူတစ်ဦးကဆိုသည်။

**သတင်း-မောင်စေအောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## အနုပညာရှင်များက မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များအား ရော်ဘာဖိနပ်အရှည်များ လှူဒါန်း

**ရန်ကုန် မေ ၁**

လူရွှင်တော် ဇာဂနာဦးဆောင်ကာ အနုပညာလောကမှ မိသားစုများ စုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ၌ မီးငြိမ်းသတ်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များအတွက် တောစီး ရော်ဘာဖိနပ်အရှည်များကို မေ ၁ ရက် နံနက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူရွှင်တော် ဇာဂနာဦးဆောင်သော အလှူရှင်များသည် ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်ပွားပြီး နောက်ပိုင်းမှ စတင်၍ အစားအသောက်၊ ဆေးဝါး၊ ဆေးကုသစရိတ်ငွေကြေး၊ တောစီးဖိနပ်များနှင့် ခြေအိတ်များကို လှူဒါန်းနေခြင်းဖြစ်သည်။

"မီးသတ်နေတဲ့သူတွေရဲ့ဖိနပ်တွေ ပေါက်ပြဲနေလို့ ခြေထောက်တွေ ထိခိုက်နေတယ်၊ ပုလင်းခွံ၊ ကျောက်ခဲချွန်၊ သံဆူးဟောင်းတွေနဲ့ ထိခိုက်မိလို့ ဒဏ်ရာရရှိတာတွေရှိတယ်၊ ဒါကြောင့် ဖိနပ်ကို ဒီနေ့စတင်ပြီး လှူတာပါ၊ နောက်ပြီးတော့ လိုအပ်သလို ဆက်လက်လှူဒါန်းသွားမှာပါ" ဟု ဇာဂနာက ပြောသည်။

ယနေ့လှူဒါန်းသော ရော်ဘာဖိနပ်အရှည် အရန် ၁၀၀ ကို မီးသတ်တပ်ဖွဲ့ဝင်ရဲဘော်များနှင့် ရဲမေများထံ အလှူရှင်များ၊ အနုပညာရှင်များက လက်ရောက်လိုက်လံလှူဒါန်းခဲ့ပြီး ဒဏ်ရာရ မီးသတ် ရဲဘော် တစ်ဦးအတွက်လည်း ဆေးကုသစရိတ်ငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့သည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ကျယ်ဝန်းပြီး ဧပြီ၂၁ ရက် မွန်းလွဲပိုင်းမှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ ယခုအခါ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဇော်**



# မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်း

**ဖားကန့် မေ ၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာရပ်ကွက်ရှိ ကောင်းစံဟိန်း(ခ)မြတ်ပန်းခိုင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အဟောင်းတွင် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့မီးကူးစက် လောင်ကျွမ်းရာမှ နှစ်ထပ်အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ လုပ်ကွက်အစောင့်ဖြစ်သူ ဦးကြည်လှိုင်(၃၈)နှစ်သည် နေအိမ်မှပြင်ပသို့ သွားရောက်စဉ် နေအိမ်မီးဖိုတွင် ကျန်ရှိနေသည့် မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်ထရံသို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အလျားပေ ၃၀၊ အနံ ၁၇ ပေရှိ သွပ်မိုး၊ ထရံကာ၊ နှစ်ထပ် အဆောက်အအုံ တစ်လုံးနှင့် ဆိုင်ကယ်သုံးစီး မီးလောင်ပျက်စီးခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာသို့ လုံးခင်းနယ်မြေ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်၍ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ ကုမ္ပဏီရေသယ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးကြည်လှိုင်ကို လုံးခင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁**

ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၁၀ နာရီခွဲတွင် ဘုတ်ပြင်းမြို့နယ် ကြိမ်နီတောင်ကျေးရွာနေ မျိုးဇော်ဦး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈ ပြားကိုလည်းကောင်း၊ အလားတူ ဧပြီ ၃၀ ရက် နံနက် ၂ နာရီခွဲတွင် ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် ပလောက်မြို့ ပြင်ဘုကြီးကျေးရွာအုပ်စု သက်န်းကဲ့ကျေးရွာနေ ဇော်မင်းထွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ နံနက် ၃ နာရီ မိနစ် ၂၀ တွင် မလွှဲတောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ခင်နွယ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရန်ရပ်တန့်စဉ် မောင်းနှင်ထွက်ပြေးသွားပြီး ကိုက် ၁၅၀ ခန့်အကွာ၌ မော်တော်ဆိုင်ကယ်ကို လှဲချကာ လမ်းဘေးလျှိုအတွင်းသို့ ထွက်ပြေးသွား၍ မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ခင်နွယ်အမည်ပါ ထောင်လွတ်လက်မှတ်တစ်စောင်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က တပ်မတော်မှ မူးယစ်ဆေးဝါးသတင်းအရ ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာနေ



မျိုးဇော်ဦးနှင့် ဇော်မင်းထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တာလောက်အဲ၏နေအိမ်ကိုရှာဖွေရာ တာလောက်အဲအား နေအိမ်တွင် မတွေ့ရှိရဘဲ အိပ်ခန်းရှိ သေတ္တာအတွင်းနှင့် မီးဖိုချောင်ရှိ စားပွဲပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးအမှုန့် ၄၈၉ ဂရမ် တို့ကို ရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စစ်ဆေးဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၈၆ စီး၊ သွင်းကုန် ၉၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၂၉၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁ သန်းခန့်) စုစုပေါင်းတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၉၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၃၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ပန်စုံရွာအနီး၌ ALPHARD ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၂၆ တုံး (၁ ဒသမ ၂၄၉၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၄၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သမီးရည်းစားဖြစ်ခဲ့ဖူးသူက ATM ကတ်ခိုးယူ၍ ငွေကျပ် ၁၅ သိန်း ခိုးထုတ်ယူမှုဖြစ်ပွား

**နေပြည်တော် မေ ၁**။ ။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက်နေ မ-----(၃၁)နှစ်သည် မတ် ၂၀ ရက်တွင် ရောဝတီဘဏ်၌ ဘဏ်စာအုပ်နှင့် ATM ကတ်တွဲ၍ ပြုလုပ်ထားသည့် ဘဏ်စာအုပ်အတွင်းသို့ ငွေထပ်မံထည့်သွင်းရန် တာမွေမြို့နယ်ရှိ ရောဝတီဘဏ်သို့ သွားရောက်၍ ငွေထပ်မံ ဖြည့်သွင်းစဉ် ဘဏ်စာအုပ်အားကြည့်ရှုရာ ယခင်ထည့်ထားသည့် ငွေကျပ် ၁၆ သိန်းအနက်မှ ၁၅ သိန်းမှာ လျော့နည်း ပျောက်ဆုံးနေသဖြင့် အလုံမြို့နယ်ရှိ ရောဝတီဘဏ်ရုံးချုပ်သို့ သွားရောက်မေးမြန်းခဲ့သည်။ စုံစမ်းမေးမြန်းရာမှ ယခင်က သမီးရည်းစားဖြစ်ခဲ့ဖူးသူ သာကေတမြို့နယ် မာန်ပြေ(၃)ရပ်ကွက်နေ မင်းရန်နိုင် (ခ)ရန်နိုင်ဝင်း (၃၆)နှစ်က ၎င်း၏လက်ကိုင်အိတ်အတွင်းထားရှိသော ATM ကတ်ကိုခိုးယူ၍ ထုတ်ယူသွားခြင်းဖြစ်ကြောင်း ရောဝတီဘဏ်မှတ်တမ်း များနှင့် CCTV မှတ်တမ်းများအရ သိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

၂-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | “နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ” [(ဧရာဝတီတိုင်းဒေသကြီး(ပုသိမ်)] |
| ၈း၅၀ | စိုက်ပျိုးရေးရာ အဖြေရှာ “စူးစမ်းလေ့လာတောင်သူများဆီမှာ” (နွယ်ရစ်ကျေးရွာ) |
| ၉း၁၀ | ရှုန်းကန်လှုပ်ရှားဘဝများ “ပင်ယံထက်က ဘဝဝမ်းစာ” |
| ၉း၃၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၃၅ | “အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံမှသည် အနာဂတ်စာကြည့်တိုက်ပညာရပ်များဆီ” |
| ၁၁း၃၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၄) |
| ၁၃း၁၀ | ‘ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှု အစီအစဉ် (Level-1) (ဘားအံမြို့)(ပထမပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (မိုးနတ်မင်းရဲ့ ဒေါသမာန်) (အပိုင်း-၂) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၁၀) |

ညပိုင်း

| | |
|---|---|
| ၁၆း၃၅ | “စာသင်ကျောင်းများဘေးကင်းလုံခြုံရေး ကျောင်းတွင်းလျှောင်ဇာတ်တိုက်လေ့ကျင့်ပေး” |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ “အလင်္ကာကျော် စွာဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံခြင်း” |
| ၁၇း၂၀ | ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၀) |
| ၁၇း၃၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “အချစ်သည်သာ” (ပြည့်ဖြိုး၊ မာမာကြည်၊ ပန်သုမြင့်မိုရ်၊ ဒေါ်မြင့်၊ နန္ဒာဝင်း၊ ဦးဇော်)” (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ “ကြမ္မာနှံ့” (အပိုင်း-၁၇) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ [(ရှမ်းပြည်နယ်(တောင်ကြီး)] -နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာစေရေးဆီသို့” |
| - | နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့် ဓားဘုရင်” (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၃) -ဂီတသမား၊ ဂီတစကား “မောင်ခွေးဘို့သီချင်းများ” (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း” (အပိုင်း-၅) -အစီအစဉ်ပြီး၏။ |

# ငွေကျပ် ၁၀၀၀၀ တန်ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်ခွဲသို့ ဧပြီ ၃ ရက်မှ ၃၀ ရက်အတွင်း လာရောက်ပေးသွင်းသည့် ငွေများအနက် ငွေစက္ကူအတု ၁၀၀၀၀ ကျပ်တန် ၁၃ ရွက်နှင့် ငွေကျပ် ၅၀၀၀ တန် တစ်ရွက်တို့ တွေ့ရှိသဖြင့် ဘဏ်မန်နေဂျာက မတ္တရာမြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

အလားတူ ဧပြီ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ ဒဂုံ(အရှေ့)မြို့နယ် (၁၁)ရပ်ကွက်နေ ဦးကျော်ရဲနိုင် လာရောက်အပ်နှံသော ငွေများအနက် ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတု တစ်ရွက်တွေ့ရှိသဖြင့် ဧပြီ ၃၀ ရက် တွင် ဘဏ်ကြီးကြပ်ရေးမှူးက ဗိုလ်တထောင်မြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



တာမွေမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးမြင့် တာမွေမြို့နယ် ကျောက်မြောင်းကြီး အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အကြောင်းအရာများကို ဧပြီ ၃၀ ရက်က အသိပညာပေးဟောပြောဆွေးနွေးစဉ်။ **ကြေးမုံ**

# နာပိုလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူရန် မန်ချက်စတာအသင်းနှစ်သင်း စိတ်ဝင်စားနေဟုဆို



နာပိုလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ကလပ်အသင်းအတော်များများက စိတ်ဝင်စားနေကြောင်းနှင့် အဆိုပါအသင်းများထဲတွင် မန်ချက်စတာအသင်း နှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့လည်း ပါဝင်ကြောင်း ဂျော်ဂျင်ဟို၏ အေးဂျင့်ဖြစ်သူက အခိုင်အမာပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို၏ နာပိုလီအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ နောက်ထပ်နှစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း နာပိုလီအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း ဂျော်ဂျင်ဟို၏ အေးဂျင့်ဖြစ်သူ ဂျာအိုဆန်းတို့စ်က ပြောကြားခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးနွယ်ဖွား ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် ၂၀၁၄ ခုနှစ်အတွင်းက ဗီရိုနာအသင်းမှ နာပိုလီအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး အီတလီလက်ရွေးစင်အသင်းအတွက် ငါးပွဲကစားပေးထားသည်။ လက်ရှိတွင် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနှင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ရှိနေကြောင်းလည်း သိရသည်။

ဂျော်ဂျင်ဟိုသည် ကွင်းလယ်ကစားသမားဆိုသော်လည်း နောက်တန်းခံစစ်ကြောင်းတွင်လည်း ကစားနိုင်စွမ်းရှိသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် အီတလီစီးရီးအေပွဲစဉ် ၃၀ အထိ ပါဝင်ကစားပေးထားကြောင်း သိရသည်။

# နာပိုလီအသင်းက ကွန်တီအား ခေါ်ယူလိုကြောင်း အသင်း၏ တရားဝင် အသံလွှင့်ဌာန အခိုင်အမာပြောကြား



နည်းပြ မော်ရီဇီယိုဆာရီသည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည့်အပြင် နည်းပြ ကွန်တီသည်လည်း အခြားကလပ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သောကြောင့် နာပိုလီအသင်းက လစ်လပ်သွားမည့် နည်းပြနေရာကို ကွန်တီဖြင့် အစားထိုးလိုကြောင်း အသင်း၏ တရားဝင်အသံလွှင့်ဌာနက အခိုင်အမာပြောကြားခဲ့သည်။

နာပိုလီအသင်းသည် လက်ကျန်ပွဲစဉ်သုံးပွဲကစားရန်ကျန်ရှိနေချိန်တွင် အမှတ်ပေးဇယားထိပ်က ဂျူဗင်တပ်အသင်းနှင့် လေးမှတ်အကွာ အနေအထားတွင် ရပ်တည်နေသည်။ ဂျူဗင်တပ်အသင်းသည် နှစ်ပွဲအနိုင်ရရှိမည်ဆိုပါက အီတလီစီးရီးအေ ဆုဖလားကို ရယူပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ပြီး ဘိုလော့နာအသင်းနှင့် ဗီရိုနာအသင်းတို့ကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

ဆာရီသည် စာချုပ်သစ်ချုပ်ဆိုရန်ရှိနေသော်လည်း မေ ၃၁ ရက်မတိုင်ခင် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်းလည်း သိရသည်။ ထို့ပြင် နာပိုလီအသင်း၏ အသံလွှင့်ဌာနမှ သတင်းဖော်ပြချက်အရ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ် အနေဖြင့် ဆာရီအား စတမ်းဖို့ဘရစ်ချ်သို့ ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် နာပိုလီအသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က လစ်လပ်သွားမည့် နည်းပြနေရာကို အင်ဇာဂီ၊ ရာဖေးလ်ဘင်နီတက်ဇ်၊ မာကိုဂျီယမ်ပေါ်လိုနှင့် ယူနေးအမ်မရီ စသည့်နည်းပြများထဲမှတစ်ဦးဖြင့် အစားထိုးသွားရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် အသင်း၏ တရားဝင်အသံလွှင့်ဌာနကမူ နာပိုလီအသင်း၏ မူလပစ်မှတ်မှာ လက်ရှိချယ်လ်ဆီးနည်းပြ ကွန်တီဖြစ်ကြောင်းနှင့် အီတလီနည်းပြ တစ်ကျော့ပြန်ဖြစ်လာရန် ရေပန်းစားနေသည့် ကွန်တီမှာလည်း နိုင်ငံအသင်းထက် ကလပ်အသင်းကိုသာ တာဝန်ယူကိုင်တွယ်လိုသည်ဟု ပြောကြားထားကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

## ဘောလုံးလောကသတင်းတိုများ

❖ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့သည် နာပိုလီတိုက်စစ်မှူး မာတန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး နာပိုလီအသင်းကလည်း မာတန်ကိုအသင်းတွင် ဆက်ရှိရန် ထိန်းထားမည်ဟုဆိုသည်။ စီးရီးအေကလပ် နာပိုလီအသင်းသည် ဘယ်လ်ဂျီယံတိုက်စစ်မှူး မာတန်အား ၂၀၂၀ ပြည့်နှစ်အထိ ဆက်ရှိမည့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုလိုသော်လည်း ပရီမီယာလိဂ်ကလပ်အသင်းများ၏ ဖိအားပေးမှုကို ခံနေရကြောင်း သိရသည်။

❖ ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ပြင်သစ်ကြယ်ပွင့် ဘင်ဇီမာသည် လာမည့်အပြောင်းအရွှေ့ကာလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းမှ အခြားကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ကစားရန်ရှိနေပြီး လန်ဒန်အခြေစိုက် ဝက်စ်ဟမ်းအသင်းက စိတ်ဝင်စားနေခြင်းကြောင့် ဘင်ဇီမာစဉ်းစားမည်ဆိုပါက ၎င်းအတွက် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။

❖ အာဆင်နယ်အသင်းသည် ပြင်သစ်ကလပ်လိုင်ယွန်အသင်းမှ တောင်ပံကစားသမား နာဘီလ်ဖီကာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သည်ဆန်းသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ပြင်သစ်ကစားသမား ဖီကာသည် ယခုနှစ်ဘောလုံးရာသီတွင် လိုင်ယွန်အသင်းနှင့်အတူ သွင်းဂိုး ၂၂ ဂိုးအထိ စံချိန်တင်သွင်းယူထားနိုင်ခဲ့ပြီး အာဆင်နယ်အသင်းက ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ပေးချေရလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

❖ မန်ယူအသင်းသည် နောက်တန်းကစားသမား လင်ဒီလော့ဖ်အား လာမည့်အပြောင်းအရွှေ့ကာလအတွင်း အငှားစာချုပ်ဖြင့် ထွက်ခွာခွင့်ပြုရန် ပြင်ဆင်လျက်ရှိကြောင်း သည်ဆန်းသတင်းဌာနက သတင်းဖော်ပြသည်။ မန်ယူအသင်းသည် လင်ဒီလော့ဖ်ကို အငှားစာချုပ်ဖြင့် ထွက်ခွာခွင့်ပြုမည့်အပြင် နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ရန်အတွက် ဂျွန်နီအီဗန်နှင့် အမ်တီတီတို့ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်-ရေးသားသည်

# စာချုပ်သစ်အတွက် ဖယ်လိုင်နီ မန်ယူအသင်းနှင့် ဆွေးနွေးလျက်ရှိ

ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ယခုတစ်ပတ်ထဲတွင် မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး အိုးထရက်ဖို့ဒ်တွင် ဆက်လက်ကစားရန်ဆန္ဒရှိနေခြင်းကြောင့် အနည်းဆုံးနှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခွင့်ရရှိရန် တောင်းဆိုထားကြောင်းလည်း သိရသည်။

ဖယ်လိုင်နီသည် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် နာကျင်အချိန်ပိုအတွင်း အနိုင်ဂိုးသွင်းယူပေးခဲ့ပြီးနောက် အဆိုပါကွင်းလယ်ကစားသမားမှာ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၀ အရွယ်ရှိ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် လာမည့်လအထိ တစ်ပတ်လုပ်ခလစာ ပေါင် ၈၀၀၀၀ သာရရှိမည်ဆိုပါက အသင်းမှ ထွက်ခွာမည်ဟု သတင်းများထွက်ပေါ်နေသူဖြစ်ပြီး တူရကီ၊ အီတလီနှင့် အင်္ဂလန် ကလပ်အသင်းများက ဖယ်လိုင်နီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ၂၀၁၃ ခုနှစ်တွင် အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယင်းစာချုပ်အပေါ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခွင့်ရရှိမည်ဆိုပါက အိုးထရက်ဖို့ဒ်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖယ်လိုင်နီကလည်း လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သောကြောင့် မန်ယူအသင်းတွင် ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဖယ်လိုင်နီ၏ ဘယ်လ်ဂျီယံကစားဖော် တိုက်စစ်မှူး လူကာကူကိုလည်း မေ ၁၉ ရက်တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပြန်လည်ပါဝင်လာရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် လူကာကူမှာ အာဆင်နယ်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနားယူလျက်ရှိကြောင်း သိရသည်။



# အရှေ့တောင်အာရှ၏ အကြီးဆုံးဆင်စခန်းတစ်ခု ဖြစ်လာမည့် ဆင်ရေကန်စခန်း

**ရန်ကုန် မေ ၁**

အရှေ့တောင်အာရှ၏ အကြီးဆုံးဆင်စခန်းတစ်ခုဖြစ်လာစေရန် ဆောင်ရွက်သွားမည့် Elephant Lake(ဆင်ရေကန်) စခန်း၏ ပထမဆုံး အဆောက်အအုံတည်ဆောက်မည့် မြေနေရာအား မြေတူးဆွခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၈၃)၏ အနောက်ဘက်၊ မြို့ချောင်း-စိန်ကန့်လန့်-မင်းလှလမ်း၏ မိုင်ဝက်ခန့်အကွာ မိုင်တိုင်(၆၉/၄)တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဩစတြီးယားနိုင်ငံ Four Paws International မှ CEO Mr.Helmut Dungler၊ မင်္ဂလာမြန်မာမှ CEO ဒေါက်တာဖုန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဩစတြီးယားနိုင်ငံ Four Paws မှ တည်ဆောက်မည့် ပုံစံအား ရှင်းပြစဉ်။

ဆင်စခန်းတည်ထောင်ရခြင်းမှာ ယခု ဆယ်စုနှစ်အတွင်း တောရိုင်းဆင်ကောင်ရေ လျော့နည်းလာခြင်း၊ မြန်မာ့သစ်လုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းများက ခိုင်းစေလျက်ရှိသော ဆင်အကောင်ရေ ၅၀၀၀ အနက်မှ သစ်ဆွဲလုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိသည့် အလုပ်လက်မဲ့ ဆင်အရေအတွက် များပြားလာခြင်း၊ ဆင်များကို တရားမဝင်သတ်ဖြတ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်ကူးသန်းရောင်းချခြင်းစသည်တို့မှ ကာကွယ်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်စခန်းတွင် မွေးကင်းစအရွယ် ဆင်လေးများ၊ ကိုယ်ဝန်ဆောင်ဆင်များ၊ သက်ကြီး နာမကျန်းသောဆင်များ၊ ဒဏ်ရာများရရှိထားသော ဆင်များ၊ မသန်စွမ်းဖြစ်နေသော ဆင်များ စသည့် ဆင်များအားလုံးကို စီးနင်းခြင်း၊ သံကြိုးဖြင့်ချည်နှောင်ထားရှိခြင်း၊ တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း၊ ထိန်းကြောင်းခြင်း၊ စေခိုင်းခြင်းများ မပြုလုပ်ဘဲ ဆင်တို့၏ သဘာဝအတိုင်း လွတ်လပ်စွာနေထိုင်နိုင်စေရန် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

"ဆင်တွေကို ထိန်းသိမ်းတဲ့နေရာမှာ မိရိုးဖလာအားဖြင့် ဆင်တွေကို ထိတွေ့ကိုင်တွယ်ပြီးတော့ ထိန်းသိမ်းတယ်၊ အဲဒီနည်းကို အသုံးမပြုဘဲ ဆင်တွေကို သဘာဝအတိုင်းထားပြီး ထိန်းသိမ်းတဲ့နည်းပညာကို စတင်မိတ်ဆက်တဲ့သဘောလည်းဖြစ်တော့ နည်းနည်းလေးအချိန်ယူပြီး လုပ်ရမယ်၊ အောင်အောင်မြင်မြင်လုပ်နိုင်သွားပြီဆိုရင်တော့ ဆင်တွေသဘာဝအတိုင်း လွတ်လပ်စွာနေထိုင်နိုင်မှာ ဖြစ်ပါတယ်" ဟု မင်္ဂလာမြန်မာမှ CEO ဒေါက်တာဖုန်းဝင်းက ပြောသည်။

ထို့ပြင် ဒဏ်ရာရဆင်များနှင့် အခြားသောတိရစ္ဆာန်များကို ဆေးကုသရန် ရွေ့လျားတိရစ္ဆာန်ဆေးကုသယာဉ်ဖြင့် ဆေးကုသခြင်း၊ ခေတ်မီ ဆင်ဆေးရုံတစ်ခုကိုလည်း Elephant Lake တွင် တည်ထောင်ခြင်း၊ တောရိုင်းဆင်နှင့် တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကယ်ဆယ်ခြင်းနှင့် သုတေသနပြုခြင်း၊ ဒေသခံများနှင့် ဆင်ဦးစီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေး၊ လူနေမှုဘဝ မြှင့်တင်ရေး၊ ဝင်ငွေတိုးတက်ရရှိစေရေး စသည်တို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းများကြောင့် ဆင်ရေကန်နှင့် တစ်ဆက်တည်းရှိနေသည့် မြောက်ဇာမရီ သဘာဝဘေးမဲ့တောအတွင်း နေထိုင်လျက်ရှိသော တောရိုင်းဆင်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပြုစုပျိုးထောင်ကာ လွှတ်ပေးခြင်း၊ သဘာဝဘေးမဲ့တောအတွင်း ဝင်ရောက်နေထိုင်ခြင်း မပြုသည့် ဆင်များကို စခန်းအတွင်း တစ်သက်တာ ပြုစုပျိုးထောင်စောင့်ရှောက်ပေးနိုင်ခြင်းများကိုပါ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆင်စခန်း တည်ဆောက်နိုင်ရန်အတွက် မြန်မာ့သစ်လုပ်ငန်းမှ ဆင်များကို ပေးပို့သွားမည်ဖြစ်ပြီး သစ်တောဦးစီးဌာနမှ မြေနေရာ အသုံးပြုခွင့်၊ ငှားရမ်းခွင့်များကို ဆောင်ရွက်ပေးကာ မင်္ဂလာမြန်မာမှ ဒေသခံများ၊ ဆင်ဦးစီးတို့၏ လူနေမှုဘဝများအတွက် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းစီမံကိန်းကာလကို ၁၀ နှစ်ခန့် သတ်မှတ်ထားပြီး စီမံကိန်းကာလအတွင်း ဆင်အရေအတွက် ၃၀၀ ခန့်ကို ပြုစုပျိုးထောင်စောင့်ရှောက်ရန် ရည်ရွယ်ထားသည်။ ဆင်စခန်းသည် ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း တည်ရှိပြီး ဟက်တာ ၁၇၀၀၀ ကျော် ကျယ်ဝန်းသည်။

ပထမဆုံးအဆောက်အအုံအဖြစ် မိဘမဲ့ဆင် စင်တာ၏ လုံခြုံရေးဌာနကို စတင်ဆောက်လုပ်မည်ဖြစ်သည်။ ယင်းနောက် ဆင်ဆေးရုံကို ဆက်လက်ဆောက်လုပ်သွားမည်ဟု သိရသည်။ အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးပါက သဘာဝအတိုင်း ဆင်များ လွတ်လပ်စွာ နေထိုင်သွားလာခြင်းများကိုလည်း ပြည်သူတို့ လေ့လာနိုင်စေရန် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖြစ် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လေ့လာနိုင်စေရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်**

# ယနေ့ကျင်းပမည့် ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲ မဲခွဲပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တက်ရောက်မည်

**ရန်ကုန် မေ ၁**

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ မေ ၂ ရက်တွင် ကျင်းပမည့် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ စီအီးအို ဦးဘုန်းနိုင်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲပုံစံပြောင်းလဲကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကာ အရှေ့တောင်အာရှအသင်းများတွင် အဆင့်အနိမ့်ဆုံးဖြစ်သည့် နှစ်သင်းမှာ ခြေစစ်ပွဲကစားရမည်ဖြစ်သည်။

နောက်ဆုံးအဆင့်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။ အုပ်စုမဲခွဲရန်အတွက် ဆီဒင်သတ်မှတ်ရာတွင် မြန်မာအသင်းက Pot-3 တွင် ပါဝင်နေပြီး Pot-1 တွင် ထိုင်းနှင့် ဗီယက်နမ်၊ Pot-2 တွင် မလေးရှားနှင့် အင်ဒိုနီးရှား၊ Pot-3 တွင် မြန်မာနှင့် ဖိလစ်ပိုင်၊ Pot-4 တွင် စင်ကာပူနှင့် ကမ္ဘောဒီးယား၊ Pot-5 တွင် လာအိုနှင့် ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲအဖြစ် တီမောနှင့် ဘရူနိုင်းအသင်းတို့ နှစ်ကျော့ကစားရမည်ဖြစ်ပြီး အနိုင်ရသည့်အသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ပြိုင်ပွဲပုံစံသစ်အရ အုပ်စုပွဲစဉ်များအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်တော့ဘဲ အုပ်စုလေးပွဲကို နှစ်ပွဲအား အိမ်ကွင်း၊ နှစ်ပွဲအား အဝေးကွင်း ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအနေအထားအရ မြန်မာအသင်းသည် ထိုင်း(သို့) ဗီယက်နမ်၊ စင်ကာပူ (သို့) ကမ္ဘောဒီးယားနှင့် ပွဲများကို အိမ်ကွင်း လက်ခံကစားရမည်ဖြစ်ပြီး မလေးရှား (သို့) အင်ဒိုနီးရှား၊ လာအို(သို့) ခြေစစ်ပွဲအောင်အသင်းတို့နှင့် ပွဲများကို အဝေးကွင်းကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ ယခင်အတိုင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်သို့ နှစ်ကြိမ်သာ တက်ရောက်ဖူးပြီး ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲတွင် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ချန်ပီယံဆု ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

**ရှိုင်းထက်ဇော်**

# MNL ပွဲစဉ်(၈)မှ ရွှေ့ဆိုင်းထားသည့် GFA နှင့် ရှမ်းယူနိုက်တက်ပွဲကို ယနေ့ကျင်းပမည်

**ရန်ကုန် မေ ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)မှ ရွှေ့ဆိုင်းထားသော GFA အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ပွဲကို မေ ၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယင်းပွဲကို မူလက မတ် ၂ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ရှမ်းယူနိုက်တက်အသင်း၏ AFC Cup ပွဲစဉ်များနှင့် နီးကပ်နေမှုကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို အမီလိုက်ရန် ယင်းပွဲကို အနိုင်ရရန် လိုအပ်နေပြီး အနိုင်ရမှသာ သုံးမှတ်အကွာဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် မြဝတီအသင်းအား ဂိုးပြတ်အနိုင်ရသည့် ပွဲမတိုင်မီ မက်ဆီဒိုးနီးယားနိုင်ငံမှ မာဂျန်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ပြီး ယနေ့ပွဲတွင် စတင်ကိုင်တွယ်ဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးနှင့် ရှုံး/ထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သော်လည်း ယခုရာသီတွင် ထင်သလောက်ရလဒ်မကောင်းခဲ့သောကြောင့် နည်းပြအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

**အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ခမောက်ကြီးမြို့၊ အထက(ခမောက်ကြီး)၊ ဒသမတန်းမှ မောင်စောရှိန်လင်း၏ အမည်မှန်မှာ မောင်စိုးချေလင်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှာ ဦးလှချေ [၁၁/မပတ(နိုင်)၀၃၀၃၁၆] ဖြစ်ပါသည်။

**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အလက(၂)၊ ရွှေမင်းဝံ အဌမတန်းတွင် တက်ရောက် ပညာသင်ကြားမည့် အဖ ဦးရဲမွန်၏သားဖြစ်သူ မောင်လမင်းအား မောင်လမင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ မေတ္တာစိုး ကိုယ်ပိုင်ကျောင်းမှ kg တန်းအောင်မြင်ပြီးသော အဖ ဦးရဲမွန်၏ သားဖြစ်သူ မောင်ပြည့်ဘုန်းနိုင်အား မောင်ပြည့်ဘုန်းထက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မွေးသက္ကရာဇ်အမှန်**

ကြာအင်းဆိပ်ကြီးမြို့၊ ၃ရပ်ကွက်၊ ပဒုမ္မာလမ်းနေ ဦးမင်းဇော်၏သမီး မနန္ဒာလင်းလက် [၃/ကဆက(နိုင်)၀၉၀၁၄၄]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁-၂၀၀၃ ဖြစ်ပါကြောင်း။

ကိုကျော်နိုင် CAR RENTAL
မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE ကားများဖြင့် ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510
09 515 8803

နန်းအိအိဏ တည်းဖြတ်ထုတ်ဝေသည့် အမေများနေ့ အမှတ်တရနှင့် သျှမ မဂ္ဂဇင်း



- အမြဲတမ်း ရာနှုန်းပြည့် ကြိုးစားနေမယ်ဆိုတဲ့ ဒီဇိုင်နာ ချောစုမြတ် (Chaw Chaw Silk & Luxury)
- ဆယ်ကျော်သက်များ ကျန်းမာကြံ့ခိုင်စေမည့် ယောဂကျင့်စဉ်
- မိခင်မေတ္တာတွေကို လေးစားဂုဏ်ယူလျက်ပါဆိုတဲ့ ပိုးဒါလီသိန်းတန်
- သားသမီးတွေရဲ့ဘဝရပ်တည်မှုမှာ မှန်ကန်တဲ့နည်းနဲ့ ဖြစ်စေချင်တဲ့ သက်မွန်မြင့်နဲ့ သမီးလဝန်းတို့ရဲ့အလှပုံရိပ်
- အမေကို စိတ်ချမ်းသာစေချင်တဲ့ ကျော်ထက်အောင်
- မိခင်ဆီကနေ ရိုးသား၊ ကြိုးစားမှုတွေ သင်ယူထားတဲ့ နန်းစေမား
- "ဒုဋ္ဌဝတီကိုလွမ်း၍" ရဲ့ဖန်တီးသူ ဒါရိုက်တာ အာကာနှင့် တွေ့ဆုံခြင်း
- မော်ဒယ်လ် ဇေယံ၊ ကူကူးဇင်အောင်တို့ရဲ့နွေရာသီ အလှပုံရိပ်များ
- တင်စန္ဒာမျိုးရဲ့Summer Look • Mr. Jet (Lai Za) ရဲ့ ဒီဇိုင်းလက်ရာများ • ဆာကူရာတို့မြေမှာ ကျော်ကြားနေတဲ့ ဂျပန် -မြန်မာ ကပြားမလေး ဆအီတို အဆုကာ • ပရဟိတလုပ်တဲ့ မင်းသမီး ကယ်ရေးမားလီဂန် • လက်ာရည်ကျော်ရဲ့အိပ်မက်ဖက် အစန်းဆက်ဝတ္ထု

ထွက်ပြီ

အမှတ် -၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း- ၃၈၃၀၂၅၊ ၃၉၁၆၃၃ ၀၉ ၇၉၅ ၃၃၄ ၂၅၆

သင်္ချာကျော်ရှိန် M.Sc (Maths). Final.
ရ၊ ၈၊ ၉၊ ၁၀တန်း: Home Visit Maths (3-5-18) စမည်
သင်္ချာနှင့်ဘာသာစုံ ပိုင်းနှင့်ခေါ်ဒါ
မဟာကျော် အဝေးသင်တက္ကသိုလ်
အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ ပထဝီဝင်၊ ဒဿနိကဗေဒ
J.O/L.O ရာထူးခင်ခွင့်များ စတော့မည်
အမှတ်-၃၅၃၊ ဒုထပ်၊ မဟာဗန္ဓုလလမ်း၊ (ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-450463777, 09-263451177

**မိဘအမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့မင်းမေးအုပ်စု၊ အထက အဌမတန်းမှ မောင်ဇော်လင်းပိုင်၏ မိဘအမည်မှန်မှာ ဦးတင်သိန်း [၉/ ညဥန(နိုင်)၀၉၉၈၃၃]နှင့် ဒေါ်မြင့်ဌေး (ခ) ဒေါ်ဌေးမြင့် [၉/ညဥန(နိုင်)၁၆၅၆၅၂] ဖြစ်ပါသည်။

စာအုပ်
စာပေ
လူ
မိတ်
ဆွေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**နေပြည်တော်**
**ကြေညာချက်**

၁။ ဥပဒေအရာရှိအဆင့်-၄ ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၂၇-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများမှ လျှောက်ထားသူများသည် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ရှမ်းပြည်နယ်များမှ လျှောက်ထားသူများသည် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင်လည်းကောင်း ၂၁-၅-၂၀၁၈ရက်မှ ၂၅-၅-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ ဖြေဆိုမည့်သူ ကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၃။ ခုံအမှတ်၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၂၁-၅-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးများတွင် ကြေညာထားပါမည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

သင့်သွေးဖြင့် အသက်ကယ်ပါ

# နာဂစ်ကပေးသောသင်ခန်းစာ

တက္ကသိုလ်ဇော်ထူးဦး

မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကျရောက်မှုသမိုင်းတွင် အသက်ဆုံးရှုံးမှုအများဆုံး၊ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့ရသည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကျရောက်ခဲ့သည်မှာ ၁၀ နှစ်ပင်ပြည့်ခဲ့လေပြီ။ နာဂစ်ကြောင့်ရရှိခံစားခဲ့ရသော သောကဝေဒနာများသည် ပျောက်ကွယ်လုရှိနေသော်လည်း မေလဆန်းစ မိုးလေသံသဲ့သဲ့ကြားလိုက်တိုင်း ဖြေမဆည်နိုင်အောင် တမြည့်မြည့်ခံစားနေရသေးသည်ကား ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသမှပြည်သူများပင်ဖြစ်သည်။

"မုန်တိုင်းလာပြီး ရေက ပေ ၂၀ ကျော်လောက်တက်လာတယ်၊ အိမ်ကပြိုပြီး ရေထဲပါသွားတယ်၊ သမီးနှစ်ယောက်ကို ချီပြီးရေကူးခဲ့ရတယ်၊ လှိုင်းကပြင်းတော့ သမီးတစ်ယောက်သေဆုံးသွားခဲ့တယ်၊ နောက်တစ်ယောက်ကိုချီပြီး ရေထဲအကြာကြီး မျောနေတယ်၊ သစ်ပင်တစ်ပင်ကိုတွေ့လို့လှမ်းဆွဲထားလိုက်တယ်၊ မုန်တိုင်းငြိမ်လို့ လက်ထဲက ကလေးကိုကြည့်တော့ သေဆုံးနေပြန်တယ်၊ မိန်းမနဲ့မိဘတွေကတော့ အစကတည်းကမျောသွားတယ်၊ အခုတော့ ကျွန်တော်တစ်ယောက်တည်းပဲကျန်ခဲ့တယ်"

**ကြိုတင်ပြင်ဆင်မှု**

မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံစားခဲ့ရသည့် လပွတ္တာမြို့နယ်တွင် ၂၀၀၈ ခုနှစ် မေ ၂ ရက် မွန်းလွဲ ၂ နာရီလောက်မှစပြီး လေပြင်းများတိုက်ကာ ပေ ၂၀ ကျော်သည့် လှိုင်းလုံးကြီးများက နေအိမ်နှင့်အဆောက်အအုံ များစွာကို လွှမ်းမိုးသွားခဲ့သည်။ ထို့အပြင် လပွတ္တာ၊ ငပုတော၊ မြောင်းမြ၊ ဘိုကလေး၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်၊ မအူပင်၊ ဒေးဒရဲနှင့် ကွမ်းခြံကုန်း စသည့်မြို့နယ်များရှိ ကျေးရွာမြောက်မြားစွာ နစ်မြုပ်ပျက်စီးခဲ့ရသည်။

မုန်တိုင်းကိုမရင်ဆိုင်ဖူးသည့် ရန်ကုန်မြို့တော်သူမြို့တော်သားများကမူ အေးအေးဆေးဆေးပင် အသွားအလာမပျက်။ ညနေစောင်းသည်နှင့် လေတိုက်နှုန်းကပြင်းထန်လာသည်။ ထုထည်ကြီးမားသောသစ်ပင်ကြီးများ၊ လျှပ်စစ်မီးတိုင်များ လဲပြိုကျကာ လမ်းများပိတ်ဆို့သွားသည်။ အိမ်မိုးသွပ်များလန်ကာ လမ်းမများပေါ်တွင် လွင့်ပျံနေသည်။ တစ်ညလုံးမိုးလင်းသည်အထိ လေပြင်းမွှေနှောက်မှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားရသည်။ မေ ၃ ရက် နံနက်တွင် တစ်မြို့လုံးနီးပါး အပျက်အစီး အတုံးအရုံးနှင့် သွားမရ လာမရ မြို့ပျက်ကြီးသဖွယ်ကျန်ရစ်သည်။ ရန်ကုန်မြစ်တွင်းရှိ ဆိပ်ခံဗောတံတားများ၊ သင်္ဘောများလည်းအတုံးအရုံးနှင့် နစ်မြုပ်သည်ကမြုပ်၊ ကမ်းတင်သည်ကတင်ဖြင့် ပျက်စီးဆုံးရှုံးမှု များစွာရှိခဲ့သည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြို့နယ် ၃၇ မြို့နယ်တွင် လူဦးရေ ၂၄ သိန်းခန့်ထိခိုက်ခံစားခဲ့ရသည်။ သေဆုံးသူဦးရေ ၁၃၈၃၆၆ဦး ရှိခဲ့ပြီး အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသမိုင်းတွင် ငါးခုမြောက် အသေအပျောက်အများဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ၁၂ ဒသမ ၉ ဘီလီယံရှိခဲ့သည်။

အဘယ်ကြောင့် အပျက်အစီးအသေအပျောက်များခဲ့ရသနည်း။ ဘေးဒုက္ခစီမံခန့်ခွဲရေးလုပ်ငန်းတွင် မဖြစ်မီက ကြိုတင်ပြင်ဆင်ခြင်း၊ ဖြစ်ပွားစဉ် တုံ့ပြန်ခြင်းနှင့် ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်းဆိုသည့် အစီအစဉ်များကိုရေးဆွဲထားကြသည်။ ယင်းကို သက်ဆိုင်ရာအစိုးရကသာမက ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများကပါဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံသည် နှစ်စဉ်သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးခြင်းဒဏ်ကို ခံစားရစမြဲဖြစ်သည်။ ပင်လယ်ကမ်းနှင့် နီးကပ်စွာနေထိုင်သူများ၊ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်နှင့်တနင်္သာရီကမ်းရိုးတန်းဒေသခံများသည် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှဖြစ်ပေါ်သည့် မုန်တိုင်းဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ဖူးကြသည်။ သို့အတွက် ကြိုတင်ပြင်ဆင်မှုအနည်းအများဆိုသလိုရှိကြသည်။ လူထုအနေဖြင့်လည်း သတိတရား ရှိထားကြသည်။

**သူ့ကိုကိုယ်မကယ်နိုင်၊ ကိုယ့်ကိုသူမကယ်နိုင်**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ပြင်းထန်သောမုန်တိုင်းဖြစ်မည်ကို သူတို့သတိမမူခဲ့ကြသည်လား။ သတင်းစကား၊ သတိပေးစကားကို မရရှိခဲ့သည်လား။ မုန်တိုင်းတစ်ခုစတင်ဖြစ်ပေါ်ရန်အစပျိုးသည်မှ သက်ဆိုင်ရာမိုးလေဝသဌာနသည် လူထုသို့ သတင်းစကားထုတ်ပြန်လေ့ရှိသည်ကိုတွေ့ရသည်။ သို့သော်လည်း လူထုအနေနှင့် သာမန်ဖြစ်နေကျ မုန်တိုင်းအဆင့်ဟုထင်ကာ ပေါ့ပေါ့တန်တန် နေခဲ့ကြသည်။ ကြိုတင်ပြင်ဆင်မှု မလုပ်ထားကြ။ ထိုအချိန်က ယခုကဲ့သို့ အင်တာနက်၊ ဖုန်းဘုတ်မရှိကြ။ သာမန်ကြိုးဖုန်းနှင့် ဆယ်လူလာဖုန်းသာရှိခဲ့သည်။ ရေဒီယိုတော့ရှိသည်။ ဂရုတစိုက်နားမထောင်ဖြစ်၊ ရွှေ့ပြောင်းမည့် အစီအစဉ်၊ နေရာ၊ လမ်းကြောင်း၊ စုရပ်သတ်သတ်မှတ်မှတ် မစီစဉ်ထားကြ။ ထိုသို့ပြုလုပ်ရန် အစိုးရအနေဖြင့်ကြပ်ကြပ်မတ်မတ် လမ်းညွှန်မှု၊ ထောက်ပံ့မှုမပေးနိုင်ခဲ့ပါ။ ကြိုတင်ပြင်ဆင်မှုနှင့် ကြိုတင်သတိပေးမှုအားနည်းခဲ့သည်။

မုန်တိုင်းတိုက်ခတ်နေချိန်သည် သူ့ကိုကိုယ်မကယ်နိုင် ကိုယ့်ကိုသူမကယ်နိုင်ဖြစ်ရသည်။ အသက်ဘေးမှ လွတ်အောင် ရုန်းကန်နေရသည့်အချိန်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မထားခဲ့သည့်အတွက် ပြေးလမ်းမသိ၊ အထောက်အကူပစ္စည်းမရှိ၊ ကယ်ဆယ်မည့်သူမရှိ၊ နားခိုရာမရှိဖြစ်ခဲ့သည်။ လေပြင်းထန်မှု၊ ရေလှိုင်းကြီးများတိုးဝင်လာမှုသည် လူ့အသက်နှင့်စည်းစိမ်ပစ္စည်းဥစ္စာ၊ လုပ်ငန်းဆောင်တာများကို မကာကွယ်နိုင်ဘဲစွန့်လွှတ်ကြရသည်။ မြို့ရွာ၏ အခြေခံအဆောက်အအုံအများဖြစ်သော ဆက်သွယ်ရေးစနစ်၊ မီး၊ ရေတွင်း၊ ရေကန်၊ ကျန်းမာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ လမ်း၊ တံတားစသည်တို့ ပျက်စီးဆုံးရှုံးသွားရသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၅၀ ကျော်ဖြင့် မွှေနှောက်ဖျက်ဆီးသွားခဲ့သည်။



> "မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကျရောက်မှုသမိုင်းတွင် အသက်ဆုံးရှုံးမှု အများဆုံး၊ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ရသည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ကျရောက်ခဲ့သည်မှာ ၁၀ နှစ်ပင်ပြည့်ခဲ့လေပြီ။
>
> မေလဆန်းစ မိုးလေသံသဲ့သဲ့ကြားလိုက်တိုင်း ဖြေမဆည်နိုင်အောင် တမြည့်မြည့်ခံစားနေရသေးသည်ကား ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသမှ ပြည်သူများ..."

**မသေသင့်သူများသေဆုံးခဲ့ရ**

မုန်တိုင်းစဲပြီးနောက် ကြီးမားကျယ်ပြန့်သော ဧရိယာအတွင်းမှ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် လူသားတို့အတွက် ချက်ချင်းကယ်ဆယ်ရေးမလုပ်နိုင်ခဲ့ကြ။ လူ၊ ယာဉ်၊ ကျွမ်းကျင်မှု၊ နည်းပညာ၊ အထောက်အကူပစ္စည်းမရှိ၊ ဖြစ်ပွားရာဒေသသို့ သွားရောက်ရန် ခွင့်ပြုချက်မပေး၊ သွားရောက်ကယ်ဆယ်ရေးလုပ်သူများအား တားမြစ်ဖမ်းဆီး၊ သတင်းရရှိမှုမရှိ၊ သတင်းဖော်ပြခွင့်မပေးစသည့် အခြေအနေများကြောင့် မသေသင့်သူများသေဆုံးခဲ့ရသည်။ ထိုအချိန်က လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ မရှိသေးသည့်အတွက် ဆန္ဒရှိသူများစုစည်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ စေတနာရှင်များ အသင်းအဖွဲ့များသည် ဖြစ်ပွားရာဒေသများသို့ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြသည်။



နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့်သူများအတွက် ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြည်ပနိုင်ငံများက ထောက်ပံ့မှုများစွာကိုပေးပို့လှူဒါန်းခဲ့သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလှူပစ္စည်းများပေးပို့သော လေယာဉ်များမှာ နေ့စဉ်ရောက်ရှိလာခဲ့သည်။ အစိုးရအချင်းချင်း ထောက်ပံ့ပစ္စည်းများပေးပို့သလို၊ ကုလသမဂ္ဂ၊ ကြက်ခြေနီ၊ နိုင်ငံတကာအင်န်ဂျီအိုများမှ ပေးပို့သော ထောက်ပံ့ပစ္စည်းများကို လက်ခံရရှိသည်။ အစားအသောက်၊ ဆေးဝါး၊ ရေသန့်၊ အဝတ်အထည်၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ တာပေါ်လင်၊ အိမ်ဆောက်ပစ္စည်း၊ ရွက်ဖျင်တဲများစသည့် အမျိုးအမည်ပေါင်းများစွာရရှိခဲ့သည်။ နိုင်ငံတကာမှထောက်ပံ့ပစ္စည်းများမှာ အများဆုံး လေကြောင်းဖြင့် ရောက်ရှိလာသည်။

ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများမှာအလွန်များပြားသည့်အတွက် သိုလှောင်ထားရှိရေးနှင့် ဖြစ်ပွားရာဒေသသို့ ပို့ဆောင်ရေးမှာ အခက်အခဲရှိသည်။ သိုလှောင်ရုံများ မလုံလောက်ခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများကို ငှားရမ်းရခြင်း၊ သယ်ပို့မည့် လူအင်အားများရှာဖွေရခြင်း၊ လောဂျက်စတစ် ခေါ် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေး၊ ဝယ်ယူရေးစသည့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုအားနည်းချက်များရှိခဲ့သည်။ လူ့အသက်ကယ်တင်ရေးသည် အရေးကြီးသော ကိစ္စဖြစ်သော်လည်း ရက်အနည်းငယ်ကြာသည်ထိ ဒုက္ခသည်များထံ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိမှုအားနည်းခဲ့သည်။

**သင်ခန်းစာ များစွာရရှိခဲ့**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့ပြီးနောက် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပြည်ပမှကျွမ်းကျင်ပညာရှင်များ၏အခန်းကဏ္ဍသည်လည်းအရေးပါခဲ့သည်။ ပြည်ပမှရောက်ရှိလာသော ရွက်ဖျင်တဲများ၊ ရေသန့်စက်များ၊ ရေကန်များတည်ဆောက်ရာတွင် မိမိနိုင်ငံအတွင်း ကျွမ်းကျင်သူမရှိသည့်အတွက် ပြည်ပမှကျွမ်းကျင်သူများကိုခေါ်ယူခဲ့ရသည်။ အန်ဂျီအိုအဖွဲ့များမှတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ပြည်ပမှနိုင်ငံခြားသားကျွမ်းကျင်သူများဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ အဆောက်အအုံဆောက်လုပ်ရေးကျွမ်းကျင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်သူ၊ ရေနှင့် သန့်ရှင်းရေးကျွမ်းကျင်သူ၊ ထောက်ပံ့ပို့ဆောင်ရေးကျွမ်းကျင်သူ၊ စီမံချက်လုပ်ငန်းကျွမ်းကျင်သူ စသဖြင့် လုပ်ငန်းအလိုက် လုပ်ကိုင်ခဲ့ကြသည်။

ဘေးအန္တရာယ်ကျရောက်ခြင်းသည် ပျက်စီးဆုံးရှုံးမှုရှိသကဲ့သို့ အခွင့်အလမ်းလည်းဖြစ်ပေါ်သည်။ နစ်နာဆုံးရှုံးမှုအတွက် ဝမ်းနည်းကြေကွဲရသလို ပြန်လည်ထူထောင်ရာတွင် အခွင့်အလမ်းတစ်ရပ်အဖြစ် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့မှုမှ သင်ခန်းစာနှင့် သင်ယူမှုများစွာရရှိခဲ့သည်။ ယင်းသင်ခန်းစာနှင့် သင်ယူမှုရရှိသောရလဒ်များသည် အစိုးရအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းများအတွက်သော်လည်းကောင်း၊ လူပုဂ္ဂိုလ်များအတွက်သော်လည်းကောင်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု၊ ဘေးအန္တရာယ်တုံ့ပြန်ကယ်ဆယ်မှုနှင့်ဘေးအန္တရာယ်ပြန်လည်ထူထောင်မှုအတွက် များစွာအထောက်အကူဖြစ်လျက်ရှိနေပြီဖြစ်သည်။ ။

# ညောင်ဦးမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်း အခမ်းအနား ကျင်းပ



**ညောင်ဦး မေ ၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက ညောင်ဦးမြို့ Umber Hotel ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်အားပေးသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ခွေးရူးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ Four Paws International ဥက္ကဋ္ဌ Mr.Heli Dungler က ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်မွေးခွေးများအား ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးကြသည်။

အဆိုပါခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဩစတြီးယားအခြေစိုက် တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့ဖြစ်သော Four Paws International အဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မင်္ဂလာမြန်မာ NGO အဖွဲ့အစည်းတို့ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရပြီး ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ခွေးရူးရောဂါကင်းစင်ရေးနယ်မြေဖြစ်စေရမည်ဟု အစိုးရက အာဆီယံသဘောတူညီချက်အရ ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် ခွေးရူးရောဂါအများဆုံးဖြစ်ပွားတတ်သော လယ်ဝေးမြို့နယ်၌ စတင်အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ Four Paws International ဥက္ကဋ္ဌ Mr.Heli Dungler နှင့်အဖွဲ့ဝင်များ၊ မင်္ဂလာမြန်မာမှ ဒေါ်ယူဇာမော်ထွန်းနှင့် အဖွဲ့ဝင်များ၊ သတင်းမီဒီယာအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# စော်ဘွားရေထိန်းတံခါး တည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် မေ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စုအတွင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စော်ဘွားရေထိန်းတံခါး တည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဆီဆိုင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး၊ မြို့နယ်အဆင့်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိများဖြစ်သည့် ဦးခွန်စိန်မင်း၊ ဦးအောင်ရဲထွန်း၊ တဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းကော်ခမ်းနှင့် ဒေသခံပြည်သူများနှင့်အတူ ဧပြီလနောက်ဆုံးပတ်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းမှာ နမ့်တဘက်ချောင်းမကြီးမှ အခြေခံ၍ တူးမြောင်းအရှည်မှာပေ ၄၉၅၀၀ ရှိပြီး တူးမြောင်းအဆောက်အအုံ ၃၅ ခုဖြင့် တောင်သူအကျိုးပြု ဧက ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကျေးရွာများ စွန့်ပစ်အမှိုက် စနစ်တကျရှိစေရေး ချောင်းဦးမြို့နယ်အတွင်း စုပေါင်းအမှိုက်ကောက်

**ချောင်းဦး မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကြက်သွန်ဈေးကျေးရွာတွင် ကျေးလက်နေပြည်သူများ စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုကို စနစ်တကျလုပ်ဆောင်ပြီး ကျေးရွာများသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများနှင့်အတူ စုပေါင်းအမှိုက်ကောက်ခြင်းကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

“ကိုယ်တိုင်စွန့်ပစ်တဲ့အမှိုက်တွေက စနစ်တကျမရှိရင် မိမိပတ်ဝန်းကျင်၊ ကျေးရွာတွေရဲ့ အလှကို ပျက်စီးစေတယ်ဆိုတာကို ကိုယ်တိုင်သိရှိပြီး အသိနဲ့ စနစ်တကျစွန့်ပစ်တဲ့ အလေ့အကျင့်ကောင်းတွေဖြစ်ပေါ်စေဖို့ရယ်၊ အချို့စွန့်ပစ်အမှိုက်တွေက စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုလို့ရသလို တချို့ကလည်း လူ့အသုံးအဆောင်ပစ္စည်းတွေအဖြစ် ပြန်လည်ပြုပြင်အသုံးပြုလို့ရတယ်ဆိုတဲ့ အသိပညာဗဟုသုတတွေရရှိစေဖို့ နောက်တစ်ခုကတော့ ကိုယ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်သာယာလှပရေးကို စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းတစ်ခု ရရှိစေဖို့ အခုလိုလုပ်ဆောင်ပေးတာပါ။ ကျေးရွာနေ ပြည်သူများအနေနဲ့လည်း နောက်ပိုင်းမှာ တစ်ပတ်ကိုတစ်ရက် စုပေါင်းအမှိုက်ကောက်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် ဦးဆောင်ကော်မတီအဖွဲ့ တစ်ဖွဲ့ကိုဖွဲ့စည်းပြီး စနစ်တကျအမှိုက်စွန့်ပစ်ရေး အသိပေးဆိုင်းဘုတ်တွေလည်း စိုက်ထူပေးထားပါတယ်”ဟု ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိုးဝင်းက ပြောသည်။

ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာအုပ်စု ကြက်သွန်ဈေးကျေးရွာ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်း အသိပညာပေးအဖြစ် ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်ပစ်အမှိုက်မှ သဘာဝမြေဩဇာထုတ်လုပ်နိုင်သည့် နည်းစနစ်များကို အသိပညာပေးဟောပြောပြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးရွာသူ ကျေးရွာသားများက ကျေးရွာအတွင်းရှိ လမ်းများနှင့်ကျေးရွာပတ်ဝန်းကျင်တို့ရှိ အမှိုက်များကို လိုက်လံကောက်ယူပြီး စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးထုတ်လုပ်နိုင်ရန် (OTOP)စီမံကိန်း ကျေးရွာရွေးချယ်ပွဲကျင်းပ

**ကသာ မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရန် (OTOP)စီမံကိန်း ကျေးရွာရွေးချယ်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီခွဲက ကသာမြို့ရှိ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက အမှာစကား ပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးကြည်က လယ်ယာ လုပ်ငန်းခွင်နားချိန်တွင် တစ်ဖက် တစ်လမ်းမှ ဝင်ငွေရရှိစေရေး သဘာဝပတ်ဝန်းကျင်မှ ရရှိနိုင်မည့် သဘာဝထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြကာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ (OTOP) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးကြည်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းထွန်း၊ အသေးစား စက်မှုလက်မှု ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူတို့က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရန် ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ တင်ပြလာသော (OTOP) စီမံချက်များကို Power Point ဖြင့် ကြည့်ရှုကြပြီး ကသာမြို့နယ်မှ တင်ပြသော ဝါးနှင့် ဆက်စပ်သည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မည့် ဖြန့်ကြီးကျေးရွာကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

# လူထုဗဟိုပြုစီမံကိန်းမှ သင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

**မဘိမ်း မေ ၁**
လူထုဗဟိုပြုစီမံကိန်း (CDD) ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် စီမံကိန်း (ပထမ)နှစ်စက်ဝန်းအဖြစ် စတင်ဆောင်ရွက်လျက်ရှိရာ စည်းရုံးရေးမှူးများအတွက် သင်တန်းအမှတ်စဉ် (၁)ကို ဖွင့်လှစ်ခဲ့ပြီး ပထမဆုံးအကြိမ် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာအုပ်စု ကုန်းမခံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောင်းမြ မေ ၁**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မြောင်းမြမြို့ ရွှေဗုဒ္ဓေါစေတီတော်၌ မေ ၁ ရက် နံနက် ၈ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

"မေ ၅ ရက်မှာကျရောက်မယ့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ မြောင်းမြခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်နဲ့ မိသားစုဝင် အင်အား ၆၀ တို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများနဲ့အတူ ဘုရားမှာ သန့်ရှင်းရေးကုသိုလ် လုပ်အားလာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းက ပြောသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းတို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားရင်ပြင်အတွင်း မြက်၊ အမှိုက်များ ရှင်းလင်းခြင်း၊ စေတီအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေညှိချေးများ တိုက်ချွတ်ခြင်း၊ စေတီတော်ကြီးအား ရေသပ္ပာယ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေးဟောပြော

**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရဲစခန်းမှ ဒုရဲအုပ်စိုးမြင့်ခိုင်နှင့်အဖွဲ့သည် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီက သာရဝေါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်သည် ဧပြီ ၂၉ ရက်က ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု မေတ္တာကျေးရွာ ရွာလယ်ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ လူကုန်ကူးမှု ကျဆင်းရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် ယာဉ်တိမ်းမှောက်မှုလျော့နည်းကျဆင်းရေး မှုခင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ကော့မှူး**

ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအဖွဲ့က ဧပြီ ၂၉ ရက် ညနေပိုင်းတွင် ကော့မှူးမြို့နယ် ရခိုင်စုကျေးရွာရှိ အလကခွဲကျောင်းတွင် အမှုကြီးများ မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေပွန်သောဝန်ထမ်း၊ အဂတိတရားကင်းရှင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးစား

**လှိုင်ကော် မေ ၁**

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အခြေခံကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အခန်းကဏ္ဍအားကောင်းပြီး ပြည်နယ်အတွင်း ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့သည်။



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရားလည်ပတ်မှုတွင် ပါဝင်နေပြီး ပြည်သူနှင့် အနီးကပ်ထိတွေ့ ဆက်ဆံနေရသူများဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများအနေဖြင့် မိမိတာဝန်ကျရာဒေသရှိ အုပ်ချုပ်ရေးမှူးများအတွက် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော တာဝန်ကျေပွန်သော ဝန်ထမ်း၊ အဂတိတရားကင်းရှင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားရန်လိုကြောင်း၊ မြေတိုင်းစာရေးများအနေဖြင့်လည်း မြေယာနှင့်ပတ်သက်သော မှုခင်းများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ နားလည်သဘောပေါက်ရန်နှင့် မှုခင်းများအပေါ် မှန်ကန်စွာ သုံးသပ်ဖြေရှင်းနိုင်စွမ်းရှိရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း မူးယစ်ဆေးဝါး၊ တရားမဝင် သစ်၊ သတ္တုများ လျော့နည်း ပပျောက်ပြီး ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟန်ချက်ညီညီ ချိတ်ဆက်၍ မိမိတို့နှင့် အတူတကွ လက်တွဲဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ မြေတိုင်းစာရေးများက ဒေသအလိုက် တင်ပြရန်ရှိသည်များကို တင်ပြခဲ့ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က မိမိတို့ ကဏ္ဍအလိုက် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြီး တက်ရောက်လာသည့်ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းလည်ပတ်မှုများ ခိုင်မာအားကောင်းလာစေရေးအတွက် ပေါင်းစပ်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့ သုံးမြို့ စုစုပေါင်း ၁၀ ခု အတွက် တစ်မြို့လျှင် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတစ်ရုံး ဆောက်လုပ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် စုစုပေါင်းရုံး ၁၀ ရုံးအတွက် ငွေကျပ် သိန်း ၁၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများ၊ မြေတိုင်းစာရေးများ တက်ရောက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**




## အလုပ်သမားနေ့ဂုဏ်ပြု ရန်ကင်းကလေးဆေးရုံကြီး၌ သန့်ရှင်းရေးပြုလုပ်

**ရန်ကင်း မေ ၁**

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ခုတင် ၅၅၀ဆံ့ ကလေးဆေးရုံ၌ မေ ၁ ရက် နံနက် ၉ နာရီတွင် Call 2 Clean Janitorial Service ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာနှင့် ဒါရိုက်တာ၊ ဝန်ထမ်း စုစုပေါင်း ၁၄၀ ကျော်ဖြင့် ဆေးရုံကြီး၏ အဆောက်အအုံများ အတွင်း အပြင် ပရဝဏ်တို့ကို သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

ရန်ကင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်တို့က လုပ်အားပေးဆောင်ရွက်နေသူများကို ကြည့်ရှုအားပေးစကားပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကင်းကလေးဆေးရုံကြီးမှ လုပ်အားဒါနပြုသူများကို နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပြီး ဆေးရုံကြီး၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ရာ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက လက်ခံရယူခဲ့သည်။

ရန်ကင်းကလေးဆေးရုံကြီးသို့ သန့်ရှင်းရေးလာရောက်ပြုလုပ်ပေးမှုကြောင့် ဆေးရုံကြီး၏ သန့်ရှင်းလှပရေးနှင့် လူနာများ စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရေးတို့အတွက် အထောက်အကူပြုကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ရေတာရှည်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခံရသည့် စပါးခင်းများအား လယ်ယာလုပ်သားများဖြင့်သာ ရိတ်သိမ်းနေရ

**ရေတာရှည် မေ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရင့်မှည့်လျက်ရှိသော နွေစပါးစိုက်ခင်းများ လဲကျကုန်သည့်အတွက် ရိတ်ခြွေစက်ဖြင့် ရိတ်သိမ်းပါက အလေအလွင့်များနိုင်သဖြင့် လယ်ယာလုပ်သားများငှားရမ်းကာ ရိတ်သိမ်းနေကြရသည်ကိုတွေ့ရသည်။

"အစကတော့ စက်နဲ့ ရိတ်ဖို့ပဲ၊ မိုးလေတွေက ညနေတိုင်းလိုလိုတိုက်နေတော့ စပါးခင်းတွေကပြားကုန်တာ၊ အနှံတွေက ရေသောက်နေတော့ အပင်ပေါက်မှာစိုးတာ၊ စက်နဲ့ဆိုရင် အလေအလွင့်များနိုင်လို့ လူနဲ့ပဲငှားရိတ်လိုက်ရတာ"ဟု သပြေတန်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

"အခုရက်ပိုင်းတော့ ကျွန်တော်တို့အဖွဲ့တစ်ရက်မှမနားရသေးဘူး၊ နေ့တိုင်းထွက်ရတယ်၊ အပင်တွေကပြားကုန်တော့ စက်နဲ့ရိတ်ရင်အဆင်မပြေဘူး၊ လူနဲ့ဧကပြတ်ရိတ်ရတော့ ကျွန်တော်တို့အတွက်လည်း ဈေးသုံးလေးဘာလေးရတာပေါ့"ဟု စပါးအငှားလိုက်ရိတ်သူ လုပ်သားတစ်ဦးကပြောသည်။

စပါးဈေးနှုန်းကောင်းမွန်၍ တောင်သူများအဆင်ပြေနိုင်သော်လည်း လက်ရှိဖြစ်ပေါ်နေသော ရာသီအပြောင်းအလဲ၌ လေပြင်းများတိုက်ခတ်သည့်အခါ စပါးအနှံချင်းပွတ်တိုက်မိပြီး အစေ့များပြုတ်ထွက်ကုန်သည့်အတွက် ထွက်နှုန်းကျဆင်းမှုများရှိနေကြောင်း လက်ရှိရိတ်သိမ်းပြီးစီးသည့် တောင်သူများက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**သဲကုန်း မေ ၁**

ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန်အတွက် ကျေးလက်ဦးစီးဌာနက ကြီးကြပ်၍ မွန်အေးချမ်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော သဲကုန်းမြို့နယ် သစ်နီတောအုပ်စု ဗောဓိကုန်းကျေးရွာတွင် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်ဦးစီးမှူး ဦးကိုမောင်က ဧပြီ ၃၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**သူရအောင်(ပြည်)**

## မြေဆီလွှာကောင်းမွန်စေရေး စစ်ဆေး

**သုံးခွ မေ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိတောင်သူများ စိုက်ပျိုးလျက်ရှိသော လယ်ယာမြေများ၌ မြေဆီလွှာတိုးတက်ကောင်းမွန်စေရေးအတွက် မြေနမူနာယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကတုံးပေါ်အထက်ကျေးရွာ စနစ်ကျအဆင့်မြင့်လယ်ယာမြေ၌မြေဆီလွှာစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင်၂၀၁၇ - ၂၀၁၈ စိုက်ပျိုးရာသီ၌ မိုးစပါး ၁၅၀၆၁၂ ဧက၊ ဆောင်းသီးနှံပဲတီစိမ်း ၁၃၀၁၀၁ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# တနင်္သာရီတံတားတည်ဆောက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မြိတ် မေ ၁**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့်အတူ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း လမ်းပေါ်ရှိ တနင်္သာရီ တံတား တည်ဆောက်နေမှုကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီ၌ တနင်္သာရီတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လက်ရှိဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့်အပိုင်းများ၊ တည်ဆောက်ရေး လုပ်ငန်းခွင်အတွက် လိုအပ်သည့် ယန္တရားများ ရောက်ရှိနေမှုနှင့် ဆက်လက်ရောက်ရှိလာမည့် ယန္တရားအခြေအနေများ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးနှင့် ဒေသတွင်းကုန်သွယ်ရေးအတွက် အရေးကြီးသည့် တံတားတစ်စင်းဖြစ်ပြီး ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းမည့် တံတားဖြစ်သောကြောင့် အထူးအလေးထားဆောင်ရွက်ရန် တံတားတည်ဆောက်ရေးတာဝန်ခံများအား မှာကြားသည်။

အဆိုပါ အသစ်ဆောက်လုပ်လျက်ရှိသည့် တနင်္သာရီတံတားသည် မြိတ်-တနင်္သာရီ - ဘုတ်ပြင်း-ကော့သောင်းလမ်းမကြီးပေါ်တွင်တည်ရှိပြီး တစ်ဖက်ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သည့် မောတောင်နယ်စပ်ဂိတ်မှ မြိတ်မြို့သို့ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် များစွာအရေးပါသော တံတားတစ်စင်းဖြစ်ကာ အရှည် မီတာ ၄၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၇ ဒသမ ၈၉ ပေ နှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၃ ဒသမ ၉၄ ပေ ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော တံတားဖြစ်သည်။

တံတားစီမံကိန်းကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင် ဆောက်လုပ်လျက်ရှိသည့် နှစ်လမ်းသွားတံတားဖြစ်၍ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် တံတားတစ်စင်း ဖြစ်သည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တနင်္သာရီမြို့အတွင်း၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ရှင်မအောင်သာကျောက်တိုင် နတ်ကွန်းအဆောင်နှင့် တနင်္သာရီ သမိုင်းပြတိုက်ငယ် တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင် (မြိတ်ခရိုင်ပြန်/ဆက်)**

# မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲ မတ္တရာတွင် ကျင်းပ

**မတ္တရာ မေ ၁**
(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက အ-ထ-က (မတ္တရာ) ကျောင်းအတွင်း၌ ကျင်းပခဲ့သည်။

မီးသတ်တပ်ဖွဲ့၏ လျင်မြန်မှု၊ ထိရောက်မှု၊ သေချာမှု၊ လုံခြုံမှု၊ ကျွမ်းကျင်မှု အစရှိသော စွမ်းရည်များကို ထုတ်ဖော်ပြသသော အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ မီးသတ်သမားများက မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်သကဲ့သို့ ရှာဖွေကယ်ဆယ်ရေးသမားများကလည်း အထပ်မြင့်တွင်ပိတ်မိနေသော လူနာကို အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ဆောင်ရွက်ခြင်းများကို သရုပ်ပြသခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ အလံအရောင်ဖြစ်သော အဝါရောင်၊ အပြာရောင်နှင့် အနီရောင်များကို ရေကာလာစုံ(ရေကလကာ) သရုပ်ဖော်ပြသခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# (၇၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး ဗဟိုမီးသတ်စခန်းရှိ မျှော်စင်တွင် ဆိုင်းဘုတ်တင်ခြင်းနှင့် သွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး မေ ၁**
(၇၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး ဗဟိုမီးသတ်စခန်းရှိ မျှော်စင်တွင် ဆိုင်းဘုတ်တင်ခြင်းနှင့် သွေးလှူဒါန်းပွဲကို မေ ၁ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီနေ့က မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ခြင်းနဲ့ သန္ဓေနဲ့ အရန်မီးသတ်တပ်ဖွဲ့တွေရဲ့ စုပေါင်းသွေးလှူဒါန်းပွဲကို ပြုလုပ်တာပါ၊ ပြည်သူတွေကလည်း သွေးလှူဒါန်းပွဲကို တွေ့ရှိပြီး ဝင်ရောက် သွေးလှူဒါန်းတာတွေလည်းရှိပါတယ်" ဟု မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က ပြောသည်။

ဆိုင်းဘုတ်တင်ခြင်းနှင့် သွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးအိတ် ၂၀၀ ခန့် လှူဒါန်းနိုင်ခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၄၅ လမ်း၊ ဂန္ဓမာလမ်းနှင့် ယုဇနလမ်းကြား၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း ကြံ့ခိုင်ရေးစွမ်းရည်ပြိုင်ပွဲ၊ Hight Pressure Pump အသုံးပြု၍ အထပ်မြင့် မီးငြိမ်းသတ်ခြင်း စွမ်းရည်ပြိုင်ပွဲနှင့် Hydraulic Rescue Tool အသုံးပြု၍ ပိတ်မိနေသော လူနာကယ်ဆယ်ခြင်း စွမ်းရည်ပြိုင်ပွဲတို့ကို ပြိုင်ပွဲဝင် ၇၀ ဖြင့် ကျင်းပခဲ့သည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၉၀၊ ၂၂ လမ်း နှင့် ၂၃ လမ်းကြားရှိ အောင်မြေမန္တလာ ဘောလုံးကွင်းတွင် ၂၀၁၈ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သော (၇၂) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ယခင်နှစ်ထက် ပိုမိုထူးခြားစွာ စွမ်းရည်ပြသရန် ပြင်ဆင်လျက်ရှိရာ စိတ်ဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားစပြုလာသည့် ရှမ်းရိုးမ အပန်းဖြေဆင်စခန်း

**မိတ္ထီလာ မေ ၁**
တောင်ကြီးခရိုင် ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးတွင်တည်ရှိသည့် ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ဧပြီလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားစပြုလာပြီဖြစ်ကြောင်း သိရသည်။

"ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ဖွင့်ခါစက လူသိနည်းသေးတော့ လည်ပတ်သူ အလွန်နည်းပါးခဲ့ပြီး အခုတော့ တဖြည်းဖြည်းလူသိများလာတာကြောင့် လာရောက်အပန်းဖြေသူများနဲ့ စည်ကားစပြုလာပါပြီ၊ ပြည်တွင်းခရီးသွားဧည့်သည်တွေကို တစ်ဦးကို ဝင်ခ ကျပ် ၁၀၀၀ ကောက်ခံပြီး ကလေးငယ်တွေကို အခမဲ့ဝင်ခွင့်ပြုတယ်၊ ဆင်စီးခကတော့ တစ်ဦးကို ကျပ် ၃၀၀၀ ပေးရပါတယ်၊ နိုင်ငံခြားခရီးသွားဧည့်သည်တွေကိုတော့ ဝင်ခရော ဆင်စီးခ အပါအဝင် တစ်ဦးကို ကျပ် ၂၀၀၀၀ ပေးရပါတယ်" ဟု ရှမ်းရိုးမ အပန်းဖြေဆင်စခန်းမှ ဆင်ထိန်းသမားတစ်ဦးက ပြောသည်။ ဆင်စီးခြင်း ပြုလုပ်လိုခြင်း မရှိသူများအနေဖြင့်လည်း လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်သည်။

ရှမ်းရိုးမ အပန်းဖြေဆင်စခန်းသည် မိတ္ထီလာမြို့ဘက်မှ လာရောက်လျှင် မိုင် ၇၀ ခန့်သာဝေးကွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ်ရှိ နန့်ပန်တက်ကျေးရွာအနီးတွင်ရှိပြီး စခန်းအတွင်း ဆင်စီးခြင်း၊ တောင်ကျချောင်းအတွင်းရှိ ကျောက်တုံးကြီးများအပေါ်တွင် အလှဓာတ်ပုံရိုက်ကူးခြင်း၊ တောင်ကျချောင်းအထက်ရှိ ရေတံခွန်ငယ်အနီးနှင့် ချောင်းအတွင်းရေချိုး အပန်းဖြေခြင်းများအပြင် အရိပ်ကောင်းသော သစ်ပင်ရိပ်များအောက်တွင် မိသားစုလိုက်၊ မိတ်ဆွေအပေါင်းသင်းများ အစုအဖွဲ့လိုက် အပန်းဖြေအနားယူနိုင်ရန် ကွပ်ပျစ်ငယ်များကို ဆောက်လုပ်ပေးထားသည်။




ရှမ်းရိုးမအပန်းဖြေဆင်စခန်းကို မြန်မာ့ဆင်များ ရေရှည်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း တောင်ကြီးသစ်ထုတ်ရေးဒေသ ဝက်ဖြူရေ ကြိုးဝိုင်းအတွင်း၌ ဖွင့်လှစ်ခြင်းဖြစ်ကာ အပန်းဖြေဆင်စခန်းတွင် မွေးဖွားပြီးစ အမြွာဆင်ငယ်နှစ်ကောင် အပါအဝင် ဆင် ၁၀ ကောင်ရှိပြီး လာရောက် အပန်းဖြေသူများအနေဖြင့် ဆင်စီးခြင်းအပြင် ဆင်အစာ ကျွေးခြင်း၊ ဆင်ငယ်များအတွက် နို့ဘူးတိုက်ကျွေးခြင်းများလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# အလုပ်သမားနေ့ အထိမ်းအမှတ် တာချီလိတ်ကုန်တင်ကုန်ချ လုပ်သားကြီးများ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းမှု ပြုလုပ်

**တာချီလိတ် မေ ၁**
မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ် ကုန်တင်ကုန်ချကော်မတီမှ ကုန်တင်ကုန်ချလုပ်သားကြီးများ၏ စုပေါင်းသန့်ရှင်းရေးကို တာချီလိတ်ရွှေတိဂုံစေတီတော်ရင်ပြင်၌ ယနေ့ နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်း သန့်ရှင်းရေးပြုလုပ်ရာတွင် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ တာဝန်ခံ ဒေါ်အေးမီမီလွင်အပါအဝင် စောင့်ရှောက်ရေးမှူး၊ စုမှူးနှင့် လုပ်သားမှူးများ၊ ရုံးအဖွဲ့နှင့် ကုန်တင်ကုန်ချလုပ်သားကြီးများ စုစုပေါင်း အင်အား ၇၀ တို့က စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

အလားတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကုန်တင်ကုန်ချကော်မတီရုံးနှင့် လုပ်သားကြီး ၁၄ ယောက်တို့က စုပေါင်းသွေးလှူဒါန်းသည့်အပြင် အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**မြစ်သား မေ ၁**
အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့နယ်တွင် မြို့သာယာလှပရေးအတွက် မေ ၁ ရက် နံနက် ၆ နာရီမှ ၉နာရီအထိ သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဒေသခံများ ပူးပေါင်း၍ မီးရထားသံလမ်းဘေး ဝဲယာတစ်လျှောက်နှင့် လုပ်အားကြေးမုံခန်းမ အတွင်းအပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# ဂျွန်စီနာနဲ့ တွဲဖက်ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်အကြောင်း ဝိန်းဂျွန်ဆင် ဖွင့်ဟ



ဟောလိဝုဒ်ရဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့အပြင် အောင်မြင်တဲ့ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးလည်းဖြစ်တဲ့ ဝိန်းဂျွန်ဆင်က လတ်တလောမှာတော့ ဂျွန်စီနာနဲ့ အတူတွဲဖက်ဖန်တီးသွားမယ့် ရုပ်ရှင်အကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဝိန်းဂျွန်ဆင်ဟာ နောက်ဆုံးမှာတော့ သူ့ရဲ့ ရုပ်ရှင်သစ်အတွက် ဇာတ်ဆောင်ကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့မှာတော့ ဝိန်းဂျွန်ဆင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူထုတ်လုပ်သွားမယ့် ရုပ်ရှင်သစ် “The Janson Directive”အတွက် ဇာတ်ဆောင်မင်းသားအဖြစ် ပရော်ဖက်ရှင်နယ်နပန်းသမား ဂျွန်စီနာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

“The Janson Directive”ရုပ်ရှင်ဟာ ယင်းနာမည်နဲ့ပင် ထုတ်ဝေခဲ့ပြီးဖြစ်တဲ့ ဝတ္ထုရှည်ကို ပြန်လည်အသက်သွင်းသွားမယ့် ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ရဲ့ ဇာတ်ဆောင်အဖြစ် ဂျွန်စီနာကို ရွေးချယ်ခဲ့တာနဲ့ပတ်သက်ပြီး ဝိန်းဂျွန်ဆင်က “ကျွန်တော်နဲ့ ဂျွန် မိတ်ဆွေတွေဖြစ်ခဲ့ကြတာ နှစ်တွေအတော်ကြာပါပြီ၊ ဒီရုပ်ရှင်မှာပါဝင်ဖို့အတွက် သူလည်း အလွန်စိတ်လှုပ်ရှားနေပါတယ်၊ သူပါဝင်သွားဖို့အတွက် လက်ခံခဲ့ပြီးတဲ့နောက် ကျွန်တော်လည်း သူ့အတွက် စိတ်လှုပ်ရှားနေမိပါတယ်”လို့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဝိန်းဂျွန်ဆင်တို့ ပူးပေါင်းထုတ်လုပ်သွားမယ့် “The Janson Directive”ရုပ်ရှင်မှာတော့ တစ်ချိန်က ဝိန်းဂျွန်ဆင်နဲ့ ကြိုးဝိုင်းပေါ်မှာ ပြိုင်ဘက်တွေအဖြစ် ရှိခဲ့ကြဖူးတဲ့ ဂျွန်စီနာက အဓိကဇာတ်လိုက်အဖြစ် ပါဝင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# တေလာဆွစ် နယ်လှည့်ဖျော်ဖြေပွဲတွင် စန္ဒရားတီးကာ တင်ဆက်မည်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က မကြာမီ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပသွားမှာဖြစ်ပြီး နယ်လှည့်ဖျော်ဖြေပွဲတွေနဲ့ပတ်သက်တဲ့ သတင်းတွေအတွက် လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ဖော်ပြပေးသွားမှာဖြစ်ကြောင်း ပရိသတ်ကို အသိပေးခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာတော့ တေလာဆွစ်က သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲမှာ စန္ဒရားနဲ့ သီဆိုဖျော်ဖြေသွားမှာဖြစ်ကြောင်းနဲ့ သူတီးခတ်မယ့် စန္ဒရားကို ထုတ်ဖော်ပြသခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာမီစတင်သွားတော့မယ့် တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေဟာ ပေါ့ပ်ကြယ်ပွင့်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Reputation”အတွက် ရည်ရွယ်ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေဖြစ်ပြီး အမည်ကိုတော့ တေးအယ်လ်ဘမ်ရဲ့အမည်အတိုင်း ပေးထားတာဖြစ်ပါတယ်။ အင်စတာဂရမ်စာမျက်နှာပေါ်မှာ လတ်တလောဖော်ပြခဲ့တဲ့ စန္ဒရားကိုတော့ နယ်လှည့်ဖျော်ဖြေပွဲအတွင်း တေးသီချင်းနှစ်ပုဒ်မှာ ထည့်သွင်းတီးခတ်သွားမှာ ဖြစ်တယ်လို့လည်း တေလာဆွစ်က ဆိုပါတယ်။ တစ်ပုဒ်ကတော့ တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးဖြစ်တဲ့ “Reputation” ဖြစ်ပြီး ကျန်တစ်ပုဒ်ဟာ တေးသီချင်းဟောင်းတစ်ပုဒ်ဖြစ်ကြောင်း၊ မည်သည့်တေးသီချင်းဖြစ်တယ်ဆိုတာကိုတော့ ဖျော်ဖြေပွဲနေ့မှာမှ စောင့်မျှော်ကြည့်ရှုစေလိုကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်ကိုယ်တိုင်က နယ်လှည့်ဖျော်ဖြေပွဲတွေ မပြုလုပ်ဖြစ်တာ အတော်ကြာပြီဖြစ်တာကြောင့် စိတ်လှုပ်ရှားနေမိပြီး ပရိသတ်တွေကလည်း တေလာရဲ့ ဖျော်ဖြေပွဲ ဆင်နွှဲဖို့ရာ စိတ်လှုပ်ရှားမိနေမှာ အမှန်ပင်ဖြစ်ပါတယ်။ တေလာဆွစ်က ဖျော်ဖြေပွဲနဲ့ ပတ်သက်ပြီး အချက်အလက်တွေ နေ့စဉ်ဖော်ပြပေးမှာ ဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် သတင်းတွေကို နားစွင့်စေလိုကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်းတွေ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တေလာဆွစ်က နယ်လှည့်ဖျော်ဖြေပွဲနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို နေ့စဉ်ဆိုသလို ဖော်ပြခဲ့တာ တွေ့ရပါတယ်။

“Reputation”အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ မေ ၈ ရက်မှာ စတင်သွားမှာဖြစ်ပြီး နိုဝင်ဘာလအထိ ကမ္ဘာတစ်လွှားမှာ ပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေရဲ့ အဖွင့်မှာတော့ တေလာဆွစ်နဲ့အတူ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ကမ်မီလာကပ်ဘဲလို၊ ချာလီအက်ဇ်စီအက်ဇ်တို့လည်း ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

# ကိုကာကိုလာရဲ့ ပင်တိုင်မော်ဒယ်လ်တွေဖြစ်လာတဲ့ BTS



တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “BTS”ဟာ လတ်တလောမှာတော့ ကိုကာကိုလာအချိုရည်ရဲ့ ပင်တိုင်မော်ဒယ်လ်တွေအဖြစ် ရွေးချယ်ခန့်အပ်ခံခဲ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“BTS”ဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားအတွက် လာမယ့် ဇွန်လအတွင်းကစတင်ပြီး ကိုကာကိုလာနဲ့ ပူးပေါင်းကာ ပရိုမိုးရှင်းလုပ်ငန်းတွေ စတင်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ကိုကာကိုလာကုမ္ပဏီဘက်က ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ “BTS”အဖွဲ့ကို ပင်တိုင်မော်ဒယ်လ်တွေအဖြစ် ရွေးချယ်ဖြစ်ခဲ့တဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး ကုမ္ပဏီဘက်က “BTS”ရဲ့ စင်ပေါ်မှာ ဖျော်ဖြေတင်ဆက်မှုတွေဟာ အားပါးတရရှိကြောင်း၊ အဖွဲ့ရဲ့တေးသီချင်းတွေဟာလည်း ကမ္ဘာ့ဖလားနဲ့လိုက်ဖက်ညီပြီး ကမ္ဘာတစ်ဝန်းက ကြိုက်နှစ်သက်အားပေးကြတဲ့ တေးဂီတအဖွဲ့ဖြစ်တဲ့အပြင် နွေပူပူမှာ ကိုကာကိုလာကပေးတဲ့ ပျော်ရွှင်မှုနဲ့ အလားသဏ္ဌာန်တူတာကြောင့် ရွေးချယ်ဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဖလားပွဲမှစတင်ကာ ကိုကာကိုလာဟာ “BTS”နဲ့လက်တွဲပြီး စိတ်လှုပ်ရှားစရာကောင်းတဲ့၊ ထူးခြားတဲ့ အတွေ့အကြုံတွေကို နွေရာသီအတွင်း ဖန်တီးပေးသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် လတ်တလောမှာတော့ “BTS”ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Dope”ဟာလည်း ကြည့်ရှုသူ သန်း ၃၀၀ ကျော်ခဲ့တဲ့ အဖွဲ့ရဲ့ တတိယမြောက်တေးသီချင်းဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်ထ်အန်တာတိန်းမန့်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ “Dope”ဟာ ကြည့်ရှုသူ သန်း ၃၈၀ ပိုင်ဆိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခင်က ကြည့်ရှုသူ သန်း ၃၀၀ ကျော်ရရှိထားတဲ့ အဖွဲ့ရဲ့ တေးသီချင်းတွေကတော့ “DNA” နဲ့ “Fire”တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

# ပြန်လည်တွေ့ဆုံနိုင်ဖွယ်ရှိတဲ့ ကမ်ဂျီဝန်နဲ့ ဆောင်ဂျွန်ကီ



ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း အာရှတစ်လွှားမှာ အလွန်ကို အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “Descendants of the Sun”မှာ အတူပါဝင်ခဲ့ကြတဲ့ မင်းသား ဆောင်ဂျွန်ကီနဲ့ မင်းသမီး ကမ်ဂျီဝန်တို့ဟာ နှစ်နှစ်ခန့်အကြာမှာတော့ ဇာတ်လမ်းတွဲသစ်မှာ ပြန်လည်တွဲဖက်ပါဝင်ဖို့ရာ အကြောင်းတိုက်ဆိုင်လာခဲ့ပြီဖြစ်ပါတယ်။

“Asadal”လို့အမည်ပေးထားပြီး tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတဲ့ ဇာတ်လမ်းတွဲမှာ မင်းသမီး ကမ်ဂျီဝန်နဲ့ မင်းသား ဆောင်ဂျွန်ကီတို့ ပါဝင်ဖို့ရာ ကမ်းလှမ်းခံထားရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၂၉ ရက်မှာတော့ ကမ်ဂျီဝန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကင်းကောင်အန်တာတိန်းမန့်က ကမ်ဂျီဝန်ကတော့ ပါဝင်ဖို့ရာ သဘောတူခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဆောင်ဂျွန်ကီဘက်ကတော့ ကမ်းလှမ်းချက်ကို လက်ခံ၊ မခံ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

မေလှဲ့သင်း - ရေးသားသည်

# တစ်ပတ်အတွင်း အားကစားသတင်း




## ဘီဘီစီတိုက်စစ်ရဲ့အဆုံးသတ်ပိုင်း ရောက်ရှိလာခဲ့ပါပြီ

ရီးယဲလ်အသင်းကို နည်းပြ ဇီဒန်းကိုင်တွယ်ခဲ့ပြီးနောက် ပြောင်းလဲမှုတွေ အများကြီးဖြစ်ထွန်းခဲ့ပြီး အဲဒီပြောင်းလဲမှုတွေထဲမှာ ရီးယဲလ်နာမည်ကျော် တိုက်စစ်အတွဲ(ဘီဘီစီ) လည်း ပါဝင်ခဲ့ပါတယ်။ ဇီဒန်းက သူရီးယဲလ်ကို ပထမဆုံးစတင်ကိုင်တွယ်ခဲ့တဲ့ ပထမရာသီမှာ “ကျွန်တော့်ကစားသမားတွေဟာ အကောင်းဆုံး ကစားနိုင်ကြသူတွေပါပဲ၊ အားလုံးထဲမှာတော့ ဘီဘီစီတိုက်စစ်အတွဲက ပိုတာပေါ့ဗျာ”လို့ ချီးမွမ်းခန်းဖွင့်ခဲ့ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ ဘောလုံးရာသီတစ်ဝက်လောက်ကတည်းက ဒီတိုက်စစ်အတွဲရဲ့ လွှမ်းမိုးမှုဟာ တစ်စတစ်စ လျော့ပါးလာခဲ့ပြီး သူတို့သုံးယောက် တိုက်စစ်အတွဲ နောက်ဆုံးတွဲဖက်ကစားခဲ့တာကို မြင်တွေ့ရတာကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၇ရက် ဗလင်စီယာနဲ့ အဝေးကွင်းပွဲစဉ်ဖြစ်ကာ အဲဒါကလည်း ရက်ပေါင်း ၂၇၉ ရက်ကြာမှ သူတို့သုံးယောက် ပထမဆုံးအကြိမ် အတူတကွ တွဲဖက်ကစားခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဇီဒန်းဟာ ဘေးလ်ကို ဒီနှစ်ဘောလုံးရာသီမှာ ငါးပွဲသာ ပွဲထွက်ခွင့်အသုံးပြုခဲ့ပြီး မာလာဂါနဲ့ အဝေးကွင်းပွဲစဉ်မှာ ရီးယဲလ်အသင်းနဲ့ လိုက်ပါခွင့်မရရှိဘဲ ဘီဘာအိုနဲ့ ပွဲစဉ်မှာလည်း ပွဲပြီးခါနီးမှ ဝင်ရောက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဇီဒန်းက တစ်နိုင်ငံတည်းသား ဘင်ဇီမာကို အခွင့်အရေးပေးခဲ့ပေမယ့် ဘင်ဇီမာက ကျောနံပါတ် (၉) ဝတ် တိုက်စစ်မှူးတစ်ဦးရဲ့ ခြေစွမ်းနဲ့မလျော်ညီဘဲ တစ်ရာသီလုံးမှာမှ ကိုးဂိုးသာ သွင်းယူနိုင်ခဲ့တာကြောင့် ဇီဒန်းက ပွဲထွက်စာရင်းကနေ ချန်လှပ်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲမတိုင်မီ ဘေးလ်ကြွခိုင်မှု ပြန်လည်ပြည့်ဝနေပေမယ့် ဇီဒန်းက အစ္စကိုသာ အသုံးပြုခဲ့သလို အဲဒီနှစ်ဘောလုံးရာသီမှာတော့ ဂါရတ်ဘေးလ်ဟာ ဝင်ရောက်ကစားတဲ့ ပွဲအတော်များများမှာ ဂိုးသွင်းခြေရနေပေမယ့် ဇီဒန်းရဲ့ စိတ်ကြိုက်တော့ မဖြစ်ခဲ့ပါဘူး။ ဘိုင်ယန်မြူးနစ်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်မှာတော့ ဇီဒန်းက ဘေးလ်၊ ဘင်ဇီမာတို့ကို အရန်ခုံမှာ ထိုင်ခိုင်းခဲ့ကာ တိုက်စစ်ပိုင်းမှာ စီရိုနယ်လ်ဒို၊ လူးကပ်စ်ဘက်စကွက်ဇ်၊ အစ္စကိုတို့ကို အသုံးပြုခဲ့ပါတယ်။ ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ် ဒဏ်ရာမကြာခဏရရှိမှုကြောင့် နည်းပြဇီဒန်းက ဘေးလ်ကစားတဲ့နေရာမှာ အစ္စကို၊ လူးကပ်စ်ဘက်စကွက်ဇ်၊ အဆန်စီယိုတို့ကိုအလှည့်ကျ အသုံးပြုခဲ့ပေမယ့် ရီးယဲလ်ရဲ့အောင်မြင်မှုက ပျက်မသွားခဲ့ဘဲ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လာလီဂါ၊ ချန်ပီယံလိဂ်တွေမှာ ဗိုလ်စွဲခဲ့ပါသေးတယ်။

ဒီအချက်အလက်တွေက ဘီဘီစီတိုက်စစ်တွဲဖက်မှသာ ရီးယဲလ်အောင်မြင်မှုရတာ မဟုတ်ဘူးဆိုတာသက်သေခံနေပါတယ်။ ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပီအက်စ်ဂျီနဲ့ပွဲ၊ ဂျူဗင်တပ်နဲ့ကွာတားဖိုင်နယ်၊ ဘိုင်ယန်နဲ့ဆီမီးဖိုင်နယ် ပွဲစဉ်တွေအားလုံးမှာ ဘီဘီစီတိုက်စစ်အတွဲကို လုံးဝအသုံးပြုခဲ့ခြင်းမရှိပါဘူး။ ရီးယဲလ်တိုက်စစ်ပိုင်းမှာ စီရိုနယ်လ်ဒို ဆက်လက်ဦးဆောင်နေဆဲဖြစ်ပေမယ့် သူ့ကို ဝန်းရံကစားပေးခဲ့တဲ့ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့ကတော့အရင်ကလို အခြေအနေမဟုတ်တော့ဘဲ ဘက်စ်ကွက်ဇ်၊ စီရိုနယ်လ်ဒို၊ အဆန်စီယိုတိုက်စစ်တွဲဖက်မှုကိုသာ ခပ်စိပ်စိပ်မြင်တွေ့လာရတာကြောင့် ဒီရာသီကုန်မှာ ဘီဘီစီတိုက်စစ်အတွဲအပြီးသတ်အဆုံးသတ်မှုကို မြင်တွေ့ရဖွယ်ရှိနေပါတယ်။



## ဆာလက်ကို ဝယ်ဖို့သာဆုံးဖြတ်ခဲ့ပြီး ရောင်းဖို့မဆုံးဖြတ်ခဲ့ကြောင်း မော်ရင်ဟိုပြောကြား

မန်ယူနည်းပြမော်ရင်ဟိုက သူချယ်ဆီးတွင်ရှိစဉ် တိုက်စစ်မှူး ဆာလက်ကို ဝယ်ယူရန်သာ တောင်းဆိုခဲ့ပြီး ရောင်းချခဲ့ခြင်းကို ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက လုပ်ဆောင်ခဲ့တာဖြစ်တယ်လို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။ မော်ရင်ဟိုက ချယ်လ်ဆီးကို ဒုတိယအကြိမ်ကိုင်တွယ်စဉ် ဆာလက်ကို ဝယ်ယူခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာ ရိုးမားအသင်းထံ ပြန်လည်ရောင်းချခဲ့တာဖြစ်ပါတယ်။

ဆာလက်ဟာ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလမှာ ရိုးမားအသင်းကနေ ကြေးငွေ ဒသမ ၃ သန်းနဲ့ လီဗာပူးကို ပြန်လည်ရောက်ရှိလာပြီး ရာသီမကုန်ဆုံးမီမှာပင် သွင်းဂိုး ၄၃ ဂိုး သွင်းယူထားနိုင်တဲ့ ဆာလက်ရဲ့ ခြေစွမ်းပြမှုကြောင့် မော်ရင်ဟိုပါ ဝေဖန်မှုကြုံတွေ့နေရတာဖြစ်ပါတယ်။

မော်ရင်ဟိုက “လူတွေကပြောနေကြတယ်၊ ကျွန်တော်ကဆာလက်ကို ရောင်းချဖို့ဆုံးဖြတ်ခဲ့တယ်လို့၊ ဒါကအမှန်တရားနဲ့ လွဲနေပါတယ်၊ ကျွန်တော်က ဆာလက်ကို ဝယ်ဖို့ ပြောကြားခဲ့တဲ့သူတစ်ယောက်ပါ၊ သူရောက်လာတဲ့အချိန်မှာ ငယ်ရွယ်လွန်းတဲ့ လူငယ်ကလေးပဲဖြစ်တာကြောင့် ရုပ်ပိုင်းဆိုင်ရာအရ အသင့်မဖြစ်သေးသလို စိတ်ပိုင်းဆိုင်ရာအရလည်း အသင့်မဖြစ်သေးပါဘူး၊ သူတောင်းဆိုလို့ကျွန်တော်က သူ့ကို အငှားချဖို့သာ ဆုံးဖြတ်ခဲ့တာပါ၊ ချယ်လ်ဆီးအသင်းကသာ သူ့ကိုရောင်းချဖို့ဆုံးဖြတ်ခဲ့တာပါ၊ အိုကေ” ဟု မော်ရင်ဟိုက ဆာလက်နှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် လူသိရှင်ကြား တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် မော်ရင်ဟိုက ဆာလက်ကို ရောင်းချဖို့သူဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ သတင်းအချက်အလက်များမှာမှားယွင်းနေပြီး ဒါက လိမ်လည်မှုသက်သက်သာ ဖြစ်နေတယ်လို့ ဆိုလိုက်ပါတယ်။ မော်ရင်ဟိုက “သူဘယ်လိုပဲအံ့အားသင့်စရာကောင်းတဲ့ ကစားသမားဖြစ်ပါစေ၊ သူနဲ့ပတ်သက်ပြီး ဖြစ်နေတာတွေအပေါ် ကျွန်တော်ကျေနပ်မိပါတယ်၊ သူက ပြိုင်ဘက်အားလုံးကို ဂိုးတွေသွင်းပေးနိုင်ပေမယ့် ကျွန်တော်တို့အသင်းနဲ့ နှစ်ကြိမ်တွေ့ဆုံတော့ ဂိုးမသွင်းနိုင်ခဲ့ဘူး” လို့လည်း ဆာလက်ရဲ့မန်ယူအသင်းဘက်ကို ဂိုးမသွင်းနိုင်ခဲ့မှုအပေါ် ထောက်ပြပြောကြားခဲ့ပါတယ်။

လီဗာပူးအသင်းကခြေစွမ်းပြနေတဲ့တိုက်စစ်မှူး ဆာလက်ကို ဆက်ထိန်းဖို့အတွက် လက်ရှိပေးချေနေတဲ့ တစ်ပတ်လုပ်ခလစာပေါင် ၉၀၀၀၀ ကို နှစ်ဆတိုးပြီး ပေါင် ၁၈၅၀၀၀ လက်ကျန်စာချုပ်သက်တမ်း လေးနှစ်အပြင် စာချုပ်သက်တမ်းတိုးဖို့ကမ်းလှမ်းခဲ့ပါတယ်။ ဆာလက်ဟာ ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးခင်မှာပဲ သွင်းဂိုး ၄၃ ဂိုးအထိ သွင်းယူထားနိုင်ပြီဖြစ်တာကြောင့် ယခုကမ်းလှမ်းချက်ဟာ ဆာလက်ကို လီဗာပူးက ပေးအပ်တဲ့ဆုဖြစ်တယ်လို့ အင်္ဂလန်ဒေသတွင်း မီဒီယာများက ဖော်ပြပါတယ်။

ဆာလက် လက်ရှိရရှိနေတဲ့ လုပ်ခလစာ တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀ ဟာ အသင်းရဲ့ လစာအများဆုံး ကစားသမားတွေထဲမှာ ပါဝင်ပေမယ့် ဆွာရက်ဇ်၊ ကော်တင်ဟိုတို့လို အသင်းပြောင်းရွှေ့မှုမျိုး ကြုံမှာစိုးရိမ်တာကြောင့် ယခုလို လီဗာပူးဘက်က လျင်လျင်မြန်မြန် ဆောင်ရွက်လာတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဆာလက်ကို ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ရိုးမားအသင်းကနေပေါင် ၃၄ ဒသမ၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ထုတ်ရောင်းမယ်ဆိုရင် လေးဆလောက်ပြန်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဆာလက်ရဲ့တန်ဖိုးဟာ ဒီထက်တောင်ပိုတက်လာနိုင်တယ်လို့ခန့်မှန်းရပြီး ဆာလက်ကိုရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ကြိုးပမ်းနေတယ်လို့ သတင်းတွေတောက်လျှောက်ထွက်နေပါတယ်။

ဆာလက်ရဲ့ ယခုနှစ်ဘောလုံးရာသီမှာ ခြေစွမ်းကောင်းမွန်မှုကြောင့် စီရိုနယ်လ်ဒို၊ မက်ဆီတို့နှင့်အပြိုင် ဘာလွန်းဒီအောဆုရရှိနိုင်မယ့်ကစားသမားအဖြစ် သတ်မှတ်ခံထားရပါတယ်။ ချယ်လ်ဆီးအသင်းကို မော်ရင်ဟို တာဝန်ယူစဉ် ရောင်းချခဲ့တဲ့ ဒီဘရိုင်း၊ ဆာလက်တို့မှာ လက်ရှိပရီမီယာလိဂ်အကောင်းဆုံး ကစားသမားဖြစ်နေရာ ကစားသမား အရောင်းအဝယ် အပေါ် ဝေဖန်မှုများ ကြုံတွေ့လာမှုကြောင့် မော်ရင်ဟိုက တုံ့ပြန်လိုက်တာဖြစ်ပါတယ်။

## ဂျက်ဟေးနက်စ်လို ဖြစ်နိုင်သေးတယ်လို့ ဝန်ခံလိုက်တဲ့ဇီဒန်း

ရီးယဲလ်နည်းပြ ဇီဒန်းက ရီးယဲလ်အသင်းချန်ပီယံလိဂ် ဗိုလ်စွဲခဲ့ရင်တောင် ၁၉၉၈ ခုနှစ် ရီးယဲလ်အသင်းကိုချန်ပီယံလိဂ်မှာ ချန်ပီယံအဖြစ် အောင်ပွဲခံစေခဲ့ပေမယ့် ထုတ်ပယ်ခံခဲ့ရတဲ့ လက်ရှိဘိုင်ယန်မြူးနစ်နည်းပြ ဂျက်ဟေးနက်စ်လိုအဖြစ်မျိုး ကြုံတွေ့ရနိုင်ဆဲဖြစ်တယ်ဆိုတာ ဝန်ခံခဲ့ပါတယ်။ ရီးယဲလ်အသင်းဟာ ချန်ပီယံလိဂ်မှာ သုံးနှစ်ဆက်တိုက်ဗိုလ်စွဲနိုင်မယ့် လမ်းကြောင်းပေါ်မှာရှိနေဆဲဖြစ်ပေမယ့် ဇီဒန်းကတော့ ချန်ပီယံလိဂ်ဖလားကလည်း သူ့အနာဂတ်ကို အာမခံနိုင်မှုမရှိတဲ့ ဆုဖလားဖြစ်လာမှာကို စိုးရိမ်နေတာကို ဝန်ခံခဲ့ပါတယ်။



ရီးယဲလ်မက်ဒရစ်ဟာ လာလီဂါမှာ ဘာစီလိုနာအောက် ၁၅ မှတ်အကွာနဲ့ ဘာကာကို လာလီဂါချန်ပီယံဆုဖလား လွှဲပြောင်းပေးခဲ့ရပြီးဖြစ်သလို ကိုပါဒယ်ရေးဖလားမှာလည်း ကွာတားဖိုင်နယ်ပွဲစဉ်ကတည်းက စောစောစီးစီး ထွက်ခဲ့ပါတယ်။

ဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြည်တွင်းလိဂ်မှာ အောင်မြင်မှုမရရှိပေမယ့် ချန်ပီယံလိဂ်ဖလား လမ်းကြောင်းပေါ်မှာတော့ ရှိနေဆဲဖြစ်ကာ ဇီဒန်းက “လာလီဂါမှာရော ကိုပါဒယ်ရေးဖလားပါ ဘာစီလိုနာအသင်းဟာ ချန်ပီယံဆုနဲ့ထိုက်တန်ပါတယ်၊ ခင်ဗျားအနေနဲ့ အနည်းငယ်အမှားလုပ်မိတာနဲ့ ဆုံးဖြတ်ကြတော့တာပါပဲ၊ ကျွန်တော်တို့ လာလီဂါမှာကစားတဲ့ခြေစွမ်းနဲ့ပတ်သက်ပြီး မပျော်မရွှင်ဖြစ်ရပါတယ်၊ ကျွန်တော်တို့ပိုကောင်းအောင်ဆောင်ရွက်နိုင်ဖို့လိုပါတယ်၊ ကျွန်တော့်ထက်ပိုကောင်းတဲ့ မန်နေဂျာတွေအများကြီးရှိပေမယ့် ကျွန်တော် ဒီနေရာမှာရှိနေခွင့်ရပြီး ကျွန်တော် ရှေ့ဆက်လျှောက်လှမ်းချင်ပါတယ်” လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၄) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ မေလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဃ - ၃၆၃၁၁၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ကင - ၅၅၀၇၈၆
ဇ - ၅၅၇၁၉၀

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ရ - ၂၉၀၅၂၂
ဍ - ၈၉၃၆၇၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဒ - ၂၅၇၄၂၁
ဗ - ၅၅၁၉၃၄
လ - ၅၇၄၄၇၆

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ကဃ - ၁၆၆၁၉၇
ဃ - ၂၆၉၉၈၂
စ - ၂၉၁၉၈၈
ဂ - ၆၄၂၉၂၀
ည - ၇၆၃၉၄၁

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဇ - ၁၄၀၆၀၉
ဏ - ၁၈၉၉၄၇
ဃ - ၃၇၃၇၆၃
ရ - ၃၈၃၇၈၆
ကဇ - ၄၄၄၆၃၀
ကည - ၅၇၄၄၇၁
ကဈ - ၉၂၄၃၁၅

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ကခ - ၂၅၀၂၇၀
ဋ - ၂၅၉၇၃၀
ယ - ၆၁၆၈၁၁
ကဆ - ၆၈၆၅၁၅
စ - ၇၆၀၉၀၀
င - ၉၃၁၉၁၈
ဇ - ၉၆၇၈၀၆
ပ - ၉၆၉၂၆၈

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

င - ၂၃၇၃၀၈
ပ - ၅၅၉၀၅၁
ကစ - ၂၅၆၁၀၉
ကခ - ၅၇၄၁၄၇
ကဃ - ၂၇၈၃၁၉
ဝ - ၇၅၃၂၀၈
ဂ - ၃၀၇၈၇၁
ကဃ - ၈၂၆၁၉၉
ခ - ၃၆၀၆၆၆

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

ဌ - ၂၁၆၈၅၈
ကဈ - ၅၆၆၆၂၆
ဖ - ၂၇၉၃၉၈
ခ - ၇၈၁၂၅၁
ဇ - ၃၃၀၁၂၉
ကက - ၉၁၀၃၅၇
ဎ - ၃၄၉၅၃၃
ကဆ - ၉၂၃၄၆၀
က - ၅၅၈၈၉၂

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| မ - ၂၅၆၇၃၃ | ဏ - ၃၈၁၃၅၇ | ထ - ၅၇၆၆၉၀ | ဌ - ၇၅၈၂၀၆ |
| ကဇ - ၃၃၁၅၂၇ | ဆ - ၄၈၈၃၁၃ | လ - ၆၉၅၅၄၃ | ဗ - ၈၀၅၄၂၂ |
| ဝ - ၃၇၉၉၈၁ | ဝ - ၅၁၁၇၈၂ | ပ - ၇၄၂၇၁၂ | ဓ - ၉၆၄၀၃၀ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| လ - ၁၆၂၇၇ | င - ၆၁၂၂၇ |
| ဌ - ၃၂၀၄၉ | က - ၆၂၂၁၄ |
| ကဂ - ၃၉၄၈၅ | ဃ - ၈၄၉၉၄ |
| ည - ၄၇၀၃၃ | ဏ - ၈၉၀၆၄ |
| င - ၅၃၃၈၅ | ဝ - ၉၆၉၇၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ဍ - ၂၂၂၄ | ည - ၃၉၉၀ |
| ခ - ၂၅၉၄ | ကဃ - ၄၅၅၈ |
| ခ - ၂၇၇၄ | သ - ၅၇၇၆ |
| စ - ၃၃၁၆ | ဝ - ၇၈၄၇ |
| ပ - ၃၇၆၆ | ကဇ - ၉၅၄၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ဃ - ၂၂၀ | က - ၄၆၈ |
| ပ - ၂၅၉ | ကဂ - ၅၇၄ |
| အ - ၂၆၀ | ကက - ၆၀၄ |
| ည - ၃၈၄ | ကဆ - ၆၄၉ |
| ပ - ၄၁၂ | ဂ - ၉၂၄ |
| ပ - ၄၃၄ | န - ၉၂၇ |
| ကဇ - ၄၄၃ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| င - ၂၅ | စ - ၆၉ |
| အ - ၂၅ | ဝ - ၇၃ |
| ကင - ၄၄ | ခ - ၈၂ |
| ကက - ၅၉ | ဃ - ၉၀ |
| ကဃ - ၅၉ | ဟ - ၉၉ |
| ဌ - ၆၂ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ မေလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၄) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၁၅၈)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၅) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဠ) အက္ခရာထိ အက္ခရာအလုံး (၄၅)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတား မြို့နယ်တွင် (၉ ․ ၅ ․ ၂၀၁၈) ရက်နေ့မှ (၂၄ ․ ၅ ․ ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

<u>ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ ․ ၅ ․ ၂၀၁၈ )</u>

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူး ထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဒေါ်ငြိမ်းကျင် (မော်လမြိုင်)
**ဆရာမ(ငြိမ်း)၊ အထက-၆၊ ဗိုလ်တထောင်**
**ယခင်စိန့်ပေါလ်ကျောင်း**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၂၃)၊ (၉၃)လမ်း၊ ပထမထပ်(ဘယ်)၊ ကန်တော်ကလေးနေ (ဦးဉာဏ်ခို-ဒေါ်နှင်းရင်)တို့၏သမီး၊ (ဦးရွှေသွင်)၏ဇနီး၊ ဦးသန်းဝင်း၊ ဒေါ်ခင်မျိုးရည်(ဒုတိယမန်နေဂျာ CB Bank)၊ ဦးမျိုးဝင်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ NAUNG YOE TECHNOLOGIES Co., Ltd.)၊ ဒေါ်တင်ချိုဦး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စီးပွားကူးသန်း)၊ ဦးညွန့်ဦး(ငြိမ်း)(ကစလ-၃၊ဆင်တဲ)၊ ဒေါ်ကျင်ငွေး(ငြိမ်း)(ကစလ-၃၊ ဆင်တဲ)၊ (ဦးတင်ရွှေဦး)၊ ဦးလှဦးရွှေ (TARGET Engineering Group Co., Ltd. )၊ ဒေါ်ချိုမာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ (ကိုသက်မျိုးဦး)၊ ကိုကျော်မျိုးသွင်-မမီမီထွေး၊ ကိုတင့်ကျော်-မထက်ထက်လင်း၊ Dr.ဝင်းသန်းဦး (ခန္တီးပြည်သူ့ဆေးရုံ)၊ မအိသိင်္ဂီဆွေ၊ ကိုဝင်းမြတ်ထူး-မလင်းလင်းမြင့် တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဝင်း (၆၈)နှစ်
**အထပြ(ငြိမ်း)**
**(အထက-၁၊ ကျောက်ပန်းတောင်း/ပခုက္ကူမြို့)**

ကျောက်ပန်းတောင်းမြို့၊ (၅)ရပ်နေ (ဦးတင်ကြီး-ဒေါ်ထွားခြုံ)တို့၏ သမီးကြီး၊ ပခုက္ကူမြို့နေ (ဦးရာစိုး-ဒေါ်စန်းရင်)တို့၏ သမီးချွေးမ၊ ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်း (နေသူရိန်ရောင်းဝယ်ရေး)နေ [ဦးကြည်ဆွေ (B.E, Textile, H.G.P-အထက်တန်းရှေ့နေ)]၏ဇနီး၊ မန္တလေးမြို့နေ Dr.အောင်ကိုလင်း(ခွဲစိတ်အထူးကု)-Dr.ဆွေဆွေသက်(မျက်စိအထူးကု)၊ Dr.လှမျိုးဝင်း(မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး)-Dr.ရည်မွန်ဆွေ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း နှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး)၊ မအိဖြူဆွေ(Royal Masterpiece Floral Service)၊ ကိုအောင်ကိုဆွေ (Marathon Myanmar Co., Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုသုံ့၊ မောင်လင်းနေသူရိန်၊ မရွှေရည်ဖြူစင်လင်းတို့၏အဘွား၊ ဒေါ်ခင်ဝင်း (အထပြ-ငြိမ်း၊ ကျောက်ပန်းတောင်း/ပခုက္ကူမြို့)သည် ၃၀-၄-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ Gleneagles ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ၌ သဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## (၁)လပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
## ဖေဖေဦးတင်စော (ရတနာလမ်း သဃ်န်းကျွန်း)

ဖေဖေအတွက်ရည်စူး၍ အစဉ်အမြဲပြုလုပ်လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှု အစုစုနှင့် ယနေ့ (၁)လပြည့် ပြုလုပ်သော ကောင်းမှုကုသိုလ်များကို ဖေဖေ့အား အမျှ အမျှ အမျှ ပေးဝေပါတယ် ဖေဖေ ရောက်ရာဘုံဘဝမှ မြင်နိုင်ကြားနိုင် သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓု အကြိမ်ကြိမ် ခေါ်ဆိုနိုင်ပြီးလျှင် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သော ဘုံဘဝမှ နိဗ္ဗာန်သို့တိုင် ရရှိခံစားနိုင်ပါစေ။

**ကျန်ရစ်သူချစ်ဇနီး ဒေါ်မြမြနှင့် သားသမီး မြေးတစ်စု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ
**အရေပြားအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၄)နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်ခင်ပြုံးရင်၏ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင် ပါမောက္ခဒေါက်တာဦးမင်းဆွေသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွေး-မစန်းစန်းဝင်း**
**ကမ္ဘောဇဆေးခန်း၊ ရွှေအင်းလေးဆေးခန်း မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို (မောင်ဂျင်းရဲ-ပန်းတောင်း)
**အသက် (၇၂) နှစ်**

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဈေးဘူတာလမ်း၊ အမှတ်(၁/ခ)နေ ဒေါ်အေးအေးရီ၏ခင်ပွန်း ဦးအေးကိုသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပန်းတောင်းမြို့နယ်(ရန်ကုန်)**
**နာယကကြီးများနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

အမှတ်(၅၀)၊ ဝတ်ကျောင်းလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးစီဝင်းဟန်[အင်ဂျင်နီယာမှူး(သယ်ပို့စက်ပြင်)၊ သယ်ပို့စက်ပြင်ဌာန၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း-သာကေတ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]သည် ၁-၅-၂၀၁၈ ရက် နံနက် ၇း၃၀ နာရီတွင်ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ**
**ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)နှင့်ဝန်ထမ်းများ**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဦးကျော်မြင့်(ညောင်လေးပင်မြို့)
**ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**
**အသက် (၈၄)နှစ်**

ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်းနေ (ဦးလှတင်-ဒေါ်ကျင်မွှေး)တို့၏သား၊ (ဦးကျော်သန်း-ဒေါ်ကျင်အေး)တို့၏ သားသမက်၊ (ဒေါ်မှုံ)၊ (ဒေါ်သန်းနွဲ့)၊ ဦးအုံးလွင်(ခ)ဦးမောင်မောင်-ဒေါ်အေးအေးခိုင်၊ ဦးသန်းဝင်း-ဒေါ်မိုမိုလွင်၊ ဒေါ်လှလှဝင်းတို့၏အစ်ကိုကြီး၊ ဦးသန့်စင်၊ ဒေါ်မြမြစိမ်း၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်မင်းသိမ်းတို့၏ဖခင်၊ မောင်သာလင်းထက်၏အဘိုးသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၄)၊ မင်္ဂလာလမ်း၊ ဗျိုင်း/ရွာမ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ
**အရေပြား အထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၄)နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးမြ-ဒေါ်မေသင်)တို့၏ သားသမက်၊ ဦးမင်းညွန့်-ဒေါ်စီစီမာ၊ ဦးမင်းဇော်-ဒေါ်နော်ဖလောရင့်စ်ဒီတို့၏အစ်ကိုကြီး၊ ဒေါ်ခင်ပြုံးရီ၏ ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင်၊ မောင်စိုင်းအောင်မွန်-မဝတ်ရည်ဖြူ မောင်စိုင်းလောင်မွန်-မမိုးသန္တာအေး၊ မောင်လင်းထက်ဦး-မအိဖြူမွှေး၊ မောင်နေထွန်းဆွေ၊ မောင်ပြည့်ဖြိုးဝင်း၊ မမေမြတ်ဘုန်းဆွေ၊ မစင်သီယာဝင်း၊ မောင်သီဟဆွေ၊ မောင်ရှင်းခန့်ဆွေတို့၏အဘိုး၊ မောင်သုခမောင်၊ မောင်ဘုန်းပြည့်စုံဟိန်း၊ မောင်ကောင်းမြတ်ထက်ကျော်တို့၏ဘိုးဘိုးကြီး၊ တူ/တူမ ၁၆ ယောက်တို့၏ ဘကြီး ပါမောက္ခ ဒေါက်တာဦးမင်းဆွေသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၅-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## DAW. R.LAL NGHAKI ဒေါ်နုနု (၆၇)နှစ်
**E.F.C.M အသင်းတော်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၇)လမ်း၊ အမှတ်(၂၉)နေ ဦးလားခူးမာ၏ဇနီး၊ DAW. HMA NGAIHI ၏ ညီမ၊ U ZAI REM THANGA, U ZO THAN KHUMA, U LAL KHUMA, U ZAI THAN TLUANGA, U ZION THANGA တို့၏ အစ်မ၊ ဦးကိုကိုလွင်-ဒေါ်မိမိသက်၊ ဦးကီးမာ(ထွန်းထွန်း)-ဒေါ်ရှားမီး၊ ဦးဇေယျာစန်းမြင့်-ဒေါ်ထားထားဝင်း၊ ဦးဇော်မင်းအောင်-ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွား DAW. R.LAL NGHAKI (ဒေါ်နုနု)သည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (၈၇ လမ်း နေအိမ်၊ ဧမာနွေလဘုရားကျောင်းနှင့် မြကန်သာ၊ ထန်းပင်ကုန်း၊ သရက်တောတို့မှ ကားများ မွန်းတည့် ၁၂ နာရီနှင့် မြောက်ဒဂုံနာရီစင်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်လွင်(မြင်းမူ) (၆၄)နှစ်
**ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ညွှန်းရေးဆရာ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကန်တော်ရွာနေ(ဦးတုတ်ကြီး-ဒေါ်သိန်းညို)တို့၏ သား၊ (ဦးခင်မောင်-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၁)နေ မောင်ဥက္ကာ-မအိကြာဖြူ၊ မဇင်ဇင်မောင်လွင်၊ မမေဂျူလိုင်၊ မရှင်မတို့၏မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်စံ)၏ခင်ပွန်းသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ဝဝး၁ဝ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာသန်းဝင်း
**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**
**အသက် (၅၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ ခြံအမှတ်(၅၀၇/၁၇)နေ (ဦးအုံးမောင်)-ဒေါ်မြသန်းကြည်တို့၏သား၊ ထောက်ကြန့်မြို့နေ ဦးဝင်းမြိုင်-ဒေါ်တင်ယုံတို့၏သားသမက်၊ ဒေါ်ယုဆွေဝင်း၏ခင်ပွန်း၊ ဦးတင့်ဆွေ(ခ)ကိုစုတ်ချွန်း-ဒေါ်စမ်းသီတာ၊ ဒေါ်ခိုင်ခိုင်ဝင်း-ဦးမြင့်ကြွယ်၊ ဒေါ်ခင်ခင်မြ၊ ဦးသန်းနိုင်ဝင်း၊ Capt:ဦးလေးဝင်း၊ ဒေါ်မာလာဝင်း တို့၏ အစ်ကို/ညီ/မောင်၊ မောင်အောင်မျိုးမင်း၊ မောင်ဝင်းမင်းမော်(4T/Mechမှော်ဘီ TU)တို့၏ ဦးလေးသည် ၂၈-၄-၂၀၁၈ (စနေနေ့) ည ၁၁း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(SSC)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ ခြံအမှတ်(၅၀၇/၁၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်ဇော်ဟိန်း(ဗန်းမော်) (၅၂)နှစ်
**B.Sc (Maths)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ် (၈)နေ ဦးအောင်မြင့် (အငြိမ်းစားအင်ဂျင်နီယာမှူးကြီး)၊ (ဒေါ်ယဉ်နု)တို့၏ ဒုတိယသား၊ ဦးမြင့်သန်းဦး၊ ဦးအောင်ဇော်တိုး(ခ)ဦးအောင်ဖြိုးသစ်၊ ဦးအောင်ဇော်မိုး (ခေတ္တ-ကိုရီးယား)တို့၏ ညီ/အစ်ကို၊ ဒေါ်ခိုင်ခိုင်ဦး (ရွှေပန်းတိုင်ကုမ္ပဏီ)၏ ချစ်လှစွာသောခင်ပွန်း၊ မလမင်းအေး (YUFL, Japan)၏ ချစ်လှစွာသောဖခင် သည် ၁-၅-၂၀၁၈ ရက် နံနက် ၆း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လိပ်ခုံးဆေးတက္ကသိုလ်(၁)သို့ ပို့ဆောင်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အာနိစ္စ

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ရူပသိင်္ဂီ
**အသက် (၈၉)နှစ်**
**(သဲအင်းမှော်ဘီ-ဆီဆုံဇရပ်)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သဲအင်းဂူဝိပဿနာဌာနချုပ်ဇရပ် အမှတ်(၃)၊ (၁)လမ်းနေ ဦးချစ်-ဒေါ်စိန်ခင်၊ ဆီဆုံဇရပ်နေ ဆရာကြီး ဒေါ်ရူပသိင်္ဂီသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြလှိုင်(သုံးဆယ်မြို့)
**အသက် (၉၃) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့သပြေကုန်းရပ်ကွက်၊ အောင်သပြေလမ်းနေ (ဦးဘရီ)၏ဇနီး၊ ဦးသန်းထွန်း-ဒေါ်ထားထားနု၊ ဗိုလ်မှူးဘိုးသန်း(ငြိမ်း)-ဒေါ်အေးမြင့်၊ ဦးကြင်ထွန်း-ဒေါ်ညိုမြ၊ ဒေါက်တာမြင့်ဇော်-ဒေါ်အေးအေးထူးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်မြလှိုင်သည် ၁-၅-၂၀၁၈ရက် နံနက် ၆း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းနွယ်(ခ)ဒေါ်စိန်စိန်
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ် (၁၀)၊ ကျောင်းလမ်းနေ (ဦးမျိုးမြင့်-ဒေါ်ကြည်ကြည်)၊ (ဦးတင်မြင့်-ဒေါ်ခင်ညွန့်)တို့၏ညီမ၊ (ဦးအုန်းကြွယ်)၏ဇနီး၊ ဦးဇော်မင်းထွန်း-ဒေါ်မြင့်မြင့်ကြွယ်၊ (ဦးအောင်ကျော်မင်း)-ဒေါ်စိုးအိအိမော်၊ ဦးဇော်ဝင်း-ဒေါ်တင်မိုးအေး၊ ဦးတင်ထူးအောင်-ဒေါ်ငွေးနီလာသွယ်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးတိုးညွန့်
**(BA-ဥပဒေ-တရားရုံးချုပ်ရှေ့နေ)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၂၁)၊ ငါးလွှာ(A)နေ (ဦးကျော်ညွန့်-ဒေါ်ခင်မမ)တို့၏သား၊ (ဒေါ်သန်းလှ)၏ခင်ပွန်း၊ ကိုကျော်ဝင်းထွန်း-မခင်မဥူခိုင် (အထက-၃၊ ပုဇွန်တောင်)၊ ကိုစည်သူတိုးညွန့် (မြန်မာနိုင်ငံကြက်ခြေနီအသင်း)တို့၏ ချစ်လှစွာသောဖခင်သည် ၁-၅-၂၀၁၈ ရက် နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးဇော်မိုး(ပုလောမြို့)
**အသက်(၄၄)နှစ်**
**အသင်းဝင်အမှတ်-၂၈၁၁**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သန္တာမျိုး၏ ခင်ပွန်းသည် ၂၈-၄-၂၀၁၈ (စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ရွာမကျောင်းကြီး ကျောင်းတိုက် ပဓာန နာယကဆရာတော်**
## ဘဒ္ဒန္တ ဦးဇာဂရ မဟာထေရ်မြတ်
**သိက္ခာတော် (၆၀) ဝါ၊ သက်တော် (၈၀)**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီရွာမကျောင်းကြီး ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်မြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်) ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၉း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်) ၉-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိသာစု ကိစ္စနသဘင်ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဖောင်တော်သီရွာမ
တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ(ငြိမ်း)
**အရေပြား အထူးကုဆရာဝန်ကြီး**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၈)နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးတင်ရှောင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ ဦးမင်းညွန့်-ဒေါ်စီစီမာ၊ ဦးမင်းဇော်-ဒေါ်ဖလောရင့်တို့၏အစ်ကို၊ ဒေါ်ချိုချို၏ခင်ပွန်း၊ မသီရိချိုဆွေ၏ချစ်လှစွာသောဖခင်ကြီးသည် ၃၀-၄-၂၀၁၈ ရက် ညနေ ၆း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသူရညွန့်(ခ)ဦးသူရ (၇၃)နှစ်
**B.Econ (MS), DEP**
**လက်ထောက်ညွှန်မှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**လူမှုထူးချွန်ပထမဆင့်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ်(၂၂)နေ (ဦးသန်းညွန့်-ဒေါ်နှင်းညွန့်)တို့၏သားလတ်၊ ဦးညွန့်အောင် (ဦးစီးအရာရှိ-ငြိမ်း၊ ကုန်သွယ်ဦးစီး၊ဆောက်/လျှပ်)-ဒေါ်လှလှဝင်း(ဦးစီးအရာရှိ-ငြိမ်း၊ ကုန်သွယ်ဦးစီး၊ ဆောက်/လျှပ်)၊ ဦးဝင်းညွန့်(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-(ဒေါ်မြင့်မြင့်အေး)တို့၏ညီ၊ ဒေါ်ညွန့်ညွန့်ခင် (ကထိက-ငြိမ်း၊ မြန်မာစာဌာန၊ ILBC ကျိုက္ကဆံ)၊ (ဦးသက်ညွန့်)-ဒေါ်တင်တင်အေး (အထက-၂၊ ဗဟန်း-ငြိမ်း)တို့၏အစ်ကို၊ ဦးထိန်လင်း(နောင်နောင်)၊ ဦးထင်အောင်-ဒေါ်နှင်းဝေလှိုင်(Sakura Kankou Travels & Tours)၊ ဦးဖြိုးဝေညွန့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်သက်ဖြူဝင်း(ပန်းချီ)တို့၏ဘကြီး၊ မောင်ကောင်းဇေယျာလင်း(ကောင်းကောင်း)၊ မရှုမဝလှိုင်(Eri)တို့၏ဘိုးဘိုးလေး ဦးသူရညွန့်သည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် ရွှေဂုံတိုင် S.S.C ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမြင့်
**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ တိုက်(၂၂)၊ ငါးလွှာ(ညာ)၊ သမာဓိ(၂)လမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးမောင်တင်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (ဦးမင်းသူရ-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်သက်သက်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ထူးဇော်-မခင်နှင်းအောင်၊ မကေခိုင်ပပဝင်းတို့၏ဖခင်၊ မဖြိုးသီရိဇော်၏အဘိုးသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစီဝင်းဟန် (မော်လမြိုင်)
**အင်ဂျင်နီယာမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၅၀)၊ သုံးလွှာ(ယာ)နေ (ဗိုလ်ခင်ညွန့်)-ဒေါ်မြင့်မြင့်ဟန်တို့၏တတိယသား၊ ဒေါ်ခင်သန်းနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဇန်သော်ဟန် (Third Engineer Officer, MTM SHP MANAGEMENT PTE LTD)-နှင်းလဲ့အေး(KBZ)၊ ဖြိုးစီဟန်(တတိယနှစ်၊ Philo)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ (ဗိုလ်မှူးအောင်ညွန့်)-ဒေါ်မြမြစန်း၊ ဒေါ်ခင်မြင့်နွယ်( အထက-၂၊ မော်လမြိုင်-ငြိမ်း)၊ (ဒေါ်ခင်လေးနွယ်)တို့၏မောင်၊ [ဦးသန်းဦး(လျှပ်စစ်)]-ဒေါ်ခင်လှသွယ် (မွန်ပြည်နယ်လျှပ်စစ်)၊ ဦးစောဟန်သိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မြသွယ်(ဗဟိုဘဏ်)၊ ဦးလင်းရှိန်(Rainbow Flower Floral Service)၊ ဦးဝင်းရှိန်(မီးရထား)-ဒေါ်နန်းထူး(မီးရထား)၊ ဦးနေမျိုးအောင်-ဒေါ်သိင်္ဂီစိုးသွယ်တို့၏ အစ်ကို၊ တူ/တူမ ၁၁ ယောက်တို့၏ ဘကြီး/ဦးလေးသည် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစီဝင်းဟန်(မော်လမြိုင်)
**အင်ဂျင်နီယာမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၅၀)၊ သုံးလွှာ(ယာ)နေ (ဗိုလ်ခင်ညွန့်)-ဒေါ်မြင့်မြင့်ဟန်တို့၏တတိယသား၊ ဒေါ်ခင်သန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဇန်သော်ဟန် (Third Engineer Officer, MTM SHP MANAGEMENT PTE LTD)-နှင်းလဲ့အေး(KBZ)၊ ဖြိုးစီဟန်(တတိယနှစ်၊ Philo)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်သီတာ၊ ဦးမင်းဟန်(လျှပ်စစ်-ငြိမ်း၊ အင်ဂျင်နီယာ)၊ ဒေါ်သန်းသန်းအေး (ဆရာမ-ငြိမ်း)၊ ဦးခင်ဇော်အောင်-ဒေါ်ခင်ချိုဝေ၊ ဦးသန့်ရှင်းဟန်-ဒေါ်ညိုညိုမာတို့၏ ညီ/မောင်၊မိုးမြင့်မောင်၊ ထင်အောင်ခိုင်-တင်ဥမ္မာ၊ သန့်ထူးအောင်၊ ဆန္ဒအောင်-ထားထားအေးတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၁-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ထိန်ပင် အမှိုက်ပုံမီးလောင်နေမှု နောက်ဆုံးကျန်ရှိသည့် ဇုန် (D) မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်မည်



**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင် အမှိုက်ပုံမီးလောင်နေမှုကို ဇုန်အလိုက်သတ်မှတ်၍ ငြိမ်းသတ်လျက်ရှိရာ ယနေ့တွင် မူလသတ်မှတ်ထားသည့်အတိုင်း ဇုန် (C)ကို ရေဖြင့်သာ အဓိက အသုံးပြုငြိမ်းသတ်ခဲ့ပြီး နောက်ဆုံးကျန်ရှိသည့် ဇုန် (D) ကို မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောကြားသည်။

"မနေ့ကတော့ အားလုံးထဲမှာ ထုထည်အကြီးမားဆုံးဖြစ်တဲ့ ဇုန် (B)ကို ငြိမ်းသတ်ခဲ့ပြီးဖြစ်ပါတယ်၊ Bio Foam ကို အဓိက အသုံးပြုပြီး ငြိမ်းသတ်ခဲ့တာပါ၊ တပ်မတော်သားတွေကလည်း အနီးကပ်လိုက်ပါပြီး ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ပိုပြီးထိရောက်မှုရှိခဲ့ပါတယ်၊ ဒီနေ့မှာတော့ ဇုန် (C) ကို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို မေ ၂ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ စင်ကာပူအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ရောက်အသင်းလေးသင်းတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာသည့် အသင်းအဖြစ် ရပ်တည်နေပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိထားသည်။ မြန်မာအသင်းနှင့် ကစားရမည့် ကမ္ဘောဒီးယားအသင်းသည် အဖွင့်ပွဲတွင် လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သော်လည်း နောက်ဆုံးပွဲတွင် စင်ကာပူကို အနိုင်ရခဲ့သောကြောင့် ဂိုးကွာခြားချက်အသာဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် စင်ကာပူကို အနိုင်ကစားလာသောကြောင့် မြန်မာအသင်းအနေဖြင့် ပေါ့ဆ၍မရဘဲ ဖိဖိစီးစီးကစားမှ အနိုင်ရမည်ဖြစ်သည်။ လက်ရှိအသင်းများတွင် မြန်မာအသင်းက အတောင့်တင်းဆုံးနှင့် ခြေစွမ်းအမှန်ဆုံးဖြစ်နေရာ ဗိုလ်စွဲရန် ရေပန်းစားနေသည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံး ဂိုးသွင်းနိုင်ခဲ့ပြီး စုစုပေါင်း လေးဂိုးရခဲ့ရာ ဟိန်းထက်အောင်က နှစ်ဂိုး၊ ဝင်းနိုင်ထွန်းနှင့် ဇင်မင်းထွန်းက တစ်ဂိုးစီ သွင်းယူထားသည်။

မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၄ ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲထားရာ ချန်ပီယံဆုကို ကာကွယ်နိုင်ရန် လိုအပ်နေသည်။

**ရဲရင့်ရှိန်း**

## မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် မေ ၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီးနောက် ၄၈ နာရီအတွင်း မုတ္တမကွေ့နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ်ဒေသများသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကြေးမုံ**

ကြေးမုံ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**၏ ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ကွမ်းရွက်ပုံ ဆေးကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဝမုန်းရှင် လေငန်းလိမ်းဆေးရည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR009386(0320) ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၀၈ တဆထလ/ တိုး(၀၅၄)
ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို သေသေချာချာလိမ်းပေးရုံဖြင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။ ရှူဆေးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။
အမြို့မြို့ဆေးဆိုင်တိုင်းမှာ ရရှိနိုင်ပါသည်။
ဝမုန်းရှင် လေငန်းလိမ်းဆေးရည်သည်

နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ
ကြေးမုံ အထူးကဏ္ဍ
မေ ၂၊ ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ

■ သတင်းဆောင်းပါး-ဟန်နီဝင်း

**ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းဒေသကြီးဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဦးတည်ဆောင်ရွက်ခဲ့သည်။**

စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးမြင့်မားသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် သုတေသနလုပ်ငန်းများကိုလည်း မြင့်တင်ဆောင်ရွက်လျက်ရှိသည်။

"စိုက်ပျိုးရေးကဏ္ဍမှာ ထူးထူးခြားခြား ဆောင်ရွက်တာရှိပါတယ်၊ စိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ရေတော်မိုးတော် စိုက်ဧရိယာများမှာ မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်၊ တစ်ယူနစ်မှာ ဧက ၅၀ နှုန်းနဲ့ ၅၄၄၂၇ ယူနစ်အတွက် ၂၇၂၁၃၅၀ ဧကကို ဆောင်ရွက်ပေးလျက်ရှိပြီးတော့ အထွက်နှုန်းကောင်းမွန်၊ အရည်အသွေးမြင့်မားတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ စိုက်ပျိုးရေးအတွက် အလိုအပ်ဆုံးဖြစ်နေတဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ပါတယ်၊ ပြီးတော့ တိုင်းဒေသကြီး အစီအစဉ်နဲ့ တစ်ပိုင်တစ်နိုင် ဆောင်ရွက်သွားပါမယ်"ဟု ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

စိုက်ပျိုးရေးကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ပါတယ်၊ သမဝါယမဦးစီးဌာနအနေနဲ့ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျ ဝယ်ယူနိုင်ရေးအတွက် အသင်းသား ၁၅၅၄ ဦးကို လယ်ယာသုံးစက်ကိရိယာ ၁၇၀၇ စီး၊ စက်မှုလယ်ယာဦးစီးဌာနက ၁၂၉၄ စီး စီမံပေးနိုင်ခဲ့ပါတယ်၊ ဒါ့ပြင် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးတွေနဲ့ ဧကပေါင်း ၃၉၅၂၀၂ ဧကကို ထွန်ယက်ပေးပါတယ်၊ စပါးရိတ်စက်နဲ့ ၂၄၇၀၃ ဧကကို ရိတ်သိမ်းခြွေလှေ့ပေးတယ်၊ ကောက်စိုက်စက်တွေနဲ့ ဧက ၇၁၀ ကို စိုက်ပျိုးပေးပါတယ်၊ ပြီးတော့ စက်ကိရိယာတွေ သုံးစွဲမှုလွယ်ကူစေဖို့ စက်ကိရိယာတွေ ပြင်ဆင်ပေးတာကိုလည်း ဆောင်ရွက်ပေးပါတယ်" တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် ရေကြီးနစ်မြုပ်မှု မရှိစေရေး၊ ရေငန်ဝင်ရောက်မှုမရှိစေရေးအတွက် တာတမံ ၆၆ ခု၊ ရေနုတ်မြောင်း ၄၇၉ မြောင်းနှင့် ရေတံခါး ၄၅ ခု တည်ဆောက်ပြုပြင်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူခဲ့သည့် နှစ်နှစ်တာအတွင်း ငါးမွေးမြူရေးကန် ဧက ၁၂၃၅၅၀ နှင့် ပုစွန်မွေးမြူရေးကန် ၆၁၇၁၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပြီး အင်းပေါင်း ၁၇၇၇ ခုကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် မျိုးကောင်းမျိုးသန့် မွေးမြူနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။

"နှစ်နှစ်တာအတွင်းမှာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့ ငါးမျိုးပြန်းတီးမှုကို ကာကွယ်တဲ့အနေနဲ့ ငါးမျိုးစိုက်ထည့်မှု ငါးကောင်ရေ သိန်းပေါင်း ၃၇၀ ကျော်ကို စိုက်ထည့်နိုင်ခဲ့ပါတယ်။ မြစိမ်းရောင်စီမံကိန်း ငါးမွေးမြူရေးကဏ္ဍမှာဆိုရင်လည်း ကျေးရွာ ၇၄ ရွာအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ဟိုင်းကြီးကျွန်းမြို့ သမီးလှလိပ်ကျွန်း လိပ်မျိုးထိန်းသိမ်းရေးစခန်း၊ ဘိုကလေးမြို့နယ် ကဒုံကနိလိပ်မျိုးထိန်းသိမ်းရေးစခန်းတွေ ဖွင့်လှစ်ပြီး ရေသယံဇာတနဲ့ မျိုးသုဉ်းရှားပါး အဏ္ဏဝါထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့ပြလမ်း ၄၀၃၃ မိုင်၊ ကျေးလက်လမ်း မိုင် ၂၇၀၊ ကျောက်ချောနှင့် မြေသားလမ်း ၁၆ မိုင်၊ မြို့ပြတံတား/ရေပြွန် ၅၇၆ ခု၊ ကျေးလက်တံတား ၁၄၄ ခု အသစ်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းများ ပေါများသည့်အတွက် မြစ်ချောင်းများ ပြိုကျမှုနည်းပါးစေရန် မြစ်ကမ်းထိန်းသိမ်း

အထူးကဏ္ဍ [ ခ ] သို့ »»




ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာအုပ်စု၌ ပြုလုပ်သော နွေစပါးစံကွက် ရိတ်သိမ်းခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ပြီး နွေစပါးစံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။

"နှစ်နှစ်တာအတွင်းမှာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့ ငါးမျိုးပြန်းတီးမှုကို ကာကွယ်တဲ့အနေနဲ့ ငါးမျိုးစိုက်ထည့်မှု ငါးကောင်ရေ သိန်းပေါင်း ၃၇၀ ကျော်ကို စိုက်ထည့်နိုင်ခဲ့ပါတယ်။ မြစိမ်းရောင်စီမံကိန်း ငါးမွေးမြူရေးကဏ္ဍ မှာဆိုရင်လည်း ကျေးရွာ ၇၄ ရွာအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။"



မြောင်းမြပြည်သူ့ဆေးရုံ ခုတင် (၂၀၀) ဆံ့ တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်နေမှုကို တွေ့ရစဉ်။



ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ပန်းလှိုင်ရေတံခါး သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

အထူးကဏ္ဍ [ က ] မှ »»

ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး နှစ်နှစ်တာအတွင်း မြစ်ကမ်းထိန်းလုပ်ငန်း ၂၁ ခု ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ကမ်းပြိုကမ်းစားဖြစ်ပွားမှုကြောင့် နေအိမ်များ ဆုံးရှုံးခဲ့ရသည့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်မှ အိမ်ခြေ ၇၆၃ လုံး၊ အိမ်ထောင်စု ၇၆၄ စု၊ လူဦးရေ ၃၃၈၈ ဦးအတွက် မြေ ၄၇ ဒသမ ၅၅ ဧကကို ရန်ပုံငွေ ကျပ်သန်း ၁၉၃ ဒသမ ၁၇၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

"လေပြင်းဒဏ်ခံနိုင်ရေးအတွက် အိမ်တွေကို ပြင်ဆင်ပေးပါတယ်။ ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ အလုံး ၈၀၀ ကို ဆောက်ရွက်ပေးနိုင်ခဲ့တဲ့အပြင် ဖိုင်ဘာစက်လှေ ၁၃ စင်း၊ အသက်ကယ်အင်္ကျီအစုံ ၁၈၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနကို မြို့နယ်အဆင့်တွေမှာ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

"သဘာဝဘေးသင့်အိမ်ခြေ ၆၂၆၂၄ လုံး၊ လူဦးရေ ၂၃၈၁၉၃ ဦး၊ သေဆုံးသူ ၉၆ ဦး ရှိပါတယ်။ ဒီပြည်သူတွေအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းနဲ့ ထောက်ပံ့ငွေကျပ် ၁၀၀၆ သန်းကျော် ထောက်ပံ့ပေးခဲ့ပါတယ်။ မုန်တိုင်းခံအဆောက်အအုံ အရင်က ၅၅ လုံး ရှိတယ်။ အသစ် ငါးလုံးဆောက်လုပ်ပါတယ်။ ထပ်မံပြီး ၁၇ လုံး ဆောက်လုပ်မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအတွင်းမှာ စုစုပေါင်း ၇၇ လုံး ရှိလာမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို ပုသိမ်မြို့ရှိ အိမ်ထောင်စု ၅၀၀၀ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ကျန်ခရိုင်မြို့များတွင် အိမ်ထောင်စု ၅၀၀ စီအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပညာပေးဟောပြောမှု၊ ဇာတ်တိုက်လေ့ကျင့်မှု အပါအဝင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း ၃၂၅ ကြိမ်ကို ပြည်သူ ၅၅၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က မြောင်းမြကြိုးတံတားပြတ်ကျခဲ့သဖြင့် တံတားသစ်တည်ဆောက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့ဦးဆောင်မှုဖြင့် တစ်နှစ်အတွင်း ပြီးစီးရန် စီမံဆောင်ရွက်လျက်ရှိသည်။

"တည်ဆောက်ရေး ကာလမှာလည်း ခရီးသွားပြည်သူတွေ ကူးလူးသွားလာရေး ဇက်သင်္ဘော၊ ကူးတို့သင်္ဘောတွေနဲ့ အန္တရာယ်ကင်းရှင်းစွာသွားနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားပါတယ်။ ဧပြီလ ၁၀ ရက်နေ့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လာရောက်ပြီး လိုအပ်တာတွေ လမ်းညွှန်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၇ ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပေးထားကြောင်း သိရသည်။

"စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ပုသိမ်မြို့နယ် မီးလောင်ချိုင်ဒေသမှာ LNG ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ OFF-Shore Supply Base လုပ်ငန်းသုံးခုနဲ့ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းတွေ အပါအဝင် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၇ ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ လူတစ်ဦးပျမ်းမျှထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးကို ပြောရရင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၁၄၀၇၀၇၂ ကျပ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာဆိုရင် ၁၅၇၄၃၁၇ ကျပ် ရရှိပြီးဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိစေရန် ဆောင်ရွက်ခဲ့ပြီး ဓာတ်အားသုံးစွဲသူ ၂၄၁၁၈၃ ဦး တိုးတက်အသုံးပြုလာနိုင်စေရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဓာတ်တိုင် ၉၁၅၇ တိုင်ကို အစားထိုးလဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားလိုင်း ၂၃၉ ဒသမ ၅၇၅ မိုင်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"လျှပ်စစ်ကဏ္ဍမှာဆိုရင် ပုသိမ်မရမ်းချောင်းမှာ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံနဲ့ မြက်တိုမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ခြောက်မိုင် တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ ဓာတ်အားပေးစနစ်အနေနဲ့ ကျေးရွာ ၁၁၇ ရွာမီးလင်းရေး ဆောင်ရွက်နိုင်ပြီးတော့ ဓာတ်အားသုံးစွဲသူ ၂၄၁၁၈၃ ဦး ပိုမိုအသုံးပြု

အထူးကဏ္ဍ [ ဂ ] သို့ »»



၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က မြောင်းမြကြိုးတံတား ပြတ်ကျသွားမှုကြောင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူစေရန် ဇက်သင်္ဘောများ စီမံဆောင်ရွက်ပေးစဉ်။

"၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က မြောင်းမြကြိုးတံတားပြတ်ကျခဲ့သဖြင့် တံတားသစ်တည်ဆောက်ရေး ကာလမှာလည်း ခရီးသွားပြည်သူတွေ ကူးလူးသွားလာရေး ဇက်သင်္ဘော၊ ကူးတို့သင်္ဘောတွေနဲ့ အန္တရာယ်ကင်းရှင်းစွာ သွားနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားပါတယ်။"

အထူးကဏ္ဍ [ ခ ] မှ »»

လာနိုင်ခဲ့ပါတယ်။ ဓာတ်အားလိုင်း ၂၃၉ ဒသမ ၅၇၅ မိုင်၊ ဓာတ်တိုင် ၉၁၅၇ တိုင် အစားထိုးလဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းတွေ အပါအဝင် Solar စနစ်နဲ့ ကျေးရွာ ၈၃၃ ရွာမှာ လမ်းမီးတိုင်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု တိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ပညာရေးကဏ္ဍ တိုးတက်မှုရရှိစေရန် အခြေခံပညာကျောင်း ၉၈၁ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ၅၀ ကိုလည်း တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

“အခြေခံပညာကျောင်းပေါင်း ၉၈၁ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်၊ ကျောင်းဆောင်သစ်၊ အားကစားခန်းမ၊ ကျောင်းစာကြည့်တိုက် စုစုပေါင်း ၆၇၁ ဆောင်ကို အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်၊ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနတွေ ၅၀ အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် တက္ကသိုလ် သုံးခု၊ နည်းပညာတက္ကသိုလ် သုံးခု၊ ကွန်ပျူတာတက္ကသိုလ် သုံးခု၊ ပညာရေးကောလိပ် သုံးခုနှင့် စက်မှုလက်မှုသိပ္ပံရှိတဲ့အတွက် ပညာရေးကဏ္ဍတိုးတက်ဖို့ ပြည်ထောင်စုမူဝါဒနဲ့အညီ ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆရာဝန် ၉၂ ဦး၊ သူနာပြု ၂၁၉ ဦး၊ သူနာပြု/သားဖွား ၆၁၉ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဦးရေ ၄၁၀ နှင့် ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ အခြားဝန်ထမ်းဦးရေ ၆၁၀ ကို တိုးမြှင့်ခန့်ထားကာ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်ရန် ဆောင်ရွက်



ဟသ်ာတမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ဖွင့်လှစ်ပေးစဉ်။

ပေးခဲ့သည်။

ဆေးရုံများတွင် ဆေးပဒေသာပင် စိုက်ထူခြင်း၊ ကျေးလက်ကျန်းမာရေးဌာန ၆၃ ခုကို တိုးမြှင့်တည်ဆောက်ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်း ၇၂ တွင်း၊ သောက်သုံးရေကန် ၇၉ ခု၊ ရေတင်စက် အခု ၈၀ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

“ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မိုဘိုင်းဖုန်းစခန်း ၅၇၉ ခု၊ အော်တိုအိတ်ချိန်း ၃၉ ရုံးအထိ တည်ဆောက်ပြီး လူဦးရေ ၁၀၀ မှာ ၈၁ ဦးအထိ အသုံးပြုနိုင်ပြီဖြစ်ပါတယ်၊ နိုင်ငံတကာ ဆက်သွယ်ရေးဆက်ကြောင်းတည်ဆောက်မှုအနေနဲ့ ရေအောက်ကေဘယ်စနစ်ကို ပုသိမ်မြို့နယ် ငွေဆောင်မြို့မှာ တည်ဆောက်ပြီးစီးပြီးတော့ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါတယ်၊ MPT Own Branded

အထူးကဏ္ဍ [ ဃ ] သို့ »»



ဖျာပုံမြို့ ကမ်းနားလမ်းတွင် မြစ်ကမ်းပြိုကျမှုနည်းပါးစေရန် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

“ဆေးရုံများတွင် ဆေးပဒေသာပင် စိုက်ထူခြင်း၊ ကျေးလက်ကျန်းမာရေးဌာန ၆၃ ခုကို တိုးမြှင့်တည်ဆောက်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်း ၇၂ တွင်း၊ သောက်သုံး ရေကန် ၇၉ ခု၊ ရေတင်စက် အခု ၈၀ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့။”

အထူးကဏ္ဍ [ ၈ ] မှ »»

Shop ၁၀ ဆိုင် ဖွင့်လှစ်ပြီးတော့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသအားလုံးနီးပါးမှာ မိုဘိုင်းဖုန်းအသုံးပြုနိုင်ပြီဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ထိုသို့ တိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် အစိုးရအဖွဲ့၏ လုပ်ဆောင်ပေးနေမှုအပေါ် ဒေသခံ ဦးတင်အုန်းက “ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ ထင်သာမြင်သာရှိအောင် လုပ်ငန်းတွေ ဆောက်ရွက်နိုင်တာ တွေ့ရပါတယ်။ ဥပမာအနေနဲ့ ပုသိမ်မြို့မှာ LED လမ်းမီးတွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ မေတ္တာဦးတံတားကနေ အရုပ်ကြီးအဝိုင်းအထိ တိုင်ပေါင်း ၁၁၀ ကို အစိုးရအဖွဲ့က အကုန်အကျခံပြီး လုပ်နေတာရှိပါတယ်။ ဒီအရုပ်ကြီးကနေ မြို့အပြင်ထွက်တဲ့ ပုသိမ်-ရန်ကုန် လမ်းမှာဆိုရင်လည်း သိန်းပေါင်း ၃၆၀၀ ကျော် အကုန်အကျခံပြီးတော့ ဆောက်ရွက်နေတာရှိပါတယ်။

“ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ မြို့ပေါ်လမ်းတွေ အားလုံးရဲ့ ၉၀ ရာခိုင်နှုန်း ကျော်ကျော်လောက်ဟာ ကွန်ကရစ်လမ်းတွေချည်းပဲ။ အစိုးရနဲ့ပြည်သူပူးပေါင်းဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ထင်သာမြင်သာဖြစ်ပြီးတော့ ကျေနပ်အားရမှုဖြစ်ခဲ့ရပါတယ်။

“ဂျပန် JICA အဖွဲ့နဲ့ အစိုးရအဖွဲ့ပူးပေါင်းပြီး ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတွေကို ဒီနှစ်မှာ စတင်အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။ ပုသိမ်မြို့မှာ ပြီးတာနဲ့ မြောင်းမြနဲ့ ဝါးခယ်မမြို့မှာ ဆက်လုပ်မယ့် အစီအစဉ်ရှိတဲ့အတွက် ရေရှိသော်လည်းပဲ ရေကောင်းမသုံးရတဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးက မြို့တွေဟာ ကောင်းတဲ့ရေ ရတော့မယ်”ဟု ပြောသည်။

အလားတူ ဒေသခံတစ်ဦးဖြစ်သည့် ဦးဝင်းကြိုင်ကလည်း “ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ လှပကောင်းမွန်တဲ့ကမ်းခြေတွေ ရှိပါတယ်။ အနောက်ဘက်ကို မျက်နှာမူထားတဲ့ ကမ်းခြေတွေဖြစ်တဲ့အတွက် အင်မတန်တန်ဖိုးရှိပါတယ်။ ချောင်းသာ၊ ငွေဆောင်ဆိုတဲ့ ဖွံ့ဖြိုးပြီးသားကမ်းခြေဒေသနှစ်ခု ရှိပါတယ်။ အခု ငါ်ရန်ဂျီကျွန်း၊ ရွှေသောင်ယံဆိုတဲ့ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ ကမ်းခြေဒေသနှစ်ခုလည်း ပိုင်ဆိုင်ထားပါတယ်။ သမိုင်းဝင်မော်တင်စွန်းဘုရားရှိတဲ့ မော်တင်၊ ငွေတောင်ကမ်းခြေ ဒေသတွေကလည်း မကြာမီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားကဏ္ဍကိုလည်း ပိုပြီးမြှင့်တင်ဆောင်ရွက်ပေးစေလိုပါတယ်” ဟု အကြံပြုသည်။



ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြစဉ်။

တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ဆောင်ရွက်နေသည့် အခြေအနေအပေါ် ဝန်ကြီးချုပ်က “ဝန်ထမ်းတွေ အိမ်ရာရရှိရေးအတွက် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လေးခန်းတွဲ လေးထပ်အဆောက်အအုံ ငါးလုံး၊ အခန်းပေါင်း ၈၀ ကို ဆောက်လုပ်ပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းအိမ်ရာတွေ တောင်းခံလာမှုကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်”ဟု ပြောသည်။

ပြည်သူလူထုဝန်ဆောင်မှု ရယူသောလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အစိုးရဌာန ၂၃ ခု၏ လုပ်ငန်း ၆၃ ခုအတွက် (Standard of Procedure - SOP) ကို ဆောင်ရွက်လျက်ရှိပြီး မကြာမီ ပြီးစီးပါက သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ထို့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်မှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသေးသည့် အစိုးရသက်တမ်း သုံးနှစ်တာ ကာလအတွင်းမှာလည်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

“ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေး ဆောင်ရွက်မှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပြီး ကျန်ရှိနေသေးသည့် အစိုးရသက်တမ်း သုံးနှစ်တာ ကာလအတွင်း မှာလည်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။ ”



ဧရာဝတီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေသည့် ငါ်ရန်ဂျီကျွန်းကို တွေ့ရစဉ်။

# ဗုဒ္ဓတစ်ထောင် အကောက်တောင်သို့

**မာမာစိုး(ကြေးမုံ)**
**ဓာတ်ပုံ-ထက်မြလွန်း**

ထုံးဘိုမြို့ဆိပ်ကမ်းမှ ဧရာဝတီမြစ်ကို စက်လှေဖြင့် ၁၅ မိနစ်ခန့် ဆန်တက်သွားလျှင် ပထမဆုံးမြင်တွေ့ရသည်ကား ပဲခူးတိုင်းဒေသကြီး နယ်နိမိတ်တွင် တည်ထားသည့် တိုင်းဦးစေတီဖြစ်သည်။ ထို့နောက်သဘာဝကျောက်နံရံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော် အဆူဆူကို ဧရာဝတီမြစ်ပြင်ကြီးထဲမှ ရှုမငြီးဖွယ် ဖူးမြင်နိုင်ပြီဖြစ်သည်။ ထိုနေရာသည်ကား ကျွန်မတို့ မြန်မာနိုင်ငံတွင် အကောက်တောင်ဟု ဂုဏ်သတင်းကြီးသည့် နေရာဌာနပင် ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို ပန်းတောချောင်းဖြင့် နယ်နိမိတ်ခြားထားပြီး ကုန်းလမ်းဖြင့် သွားပါက ထိုချောင်းကိုဖြတ်၍ဆောက်လုပ်ထားသော အာဆီယံတံတားကို ဖြတ်ပြီး သွားကြရသည်။

အဆိုပါ နယ်နိမိတ်ကို ဖြတ်ကျော်ပြီးပါက "ကြိုဆိုပါ၏ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်" ဆိုသည့် ဆိုင်းဘုတ်က တောင်ထိပ်မှခရီးဦးကြိုလျက် ရှိသည်။ ထို့နောက် တောင်ကမ်းပါးယံတွင် ကိန်းဝပ်စံပယ်တော်မူနေကြသည့် ဗုဒ္ဓရုပ်ပွားတော်များကို ထပ်မံဖူးမြော်ခွင့်ရပြီးနောက် ရောတိုင်းအစ အကောက်တောင်ကဆိုသည့် ဗုဒ္ဓတစ်ထောင်အကောက်တောင်ကို ရောက်ရှိလို့လာပါသည်။ ဗုဒ္ဓတစ်ထောင် အကောက်တောင်သည် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နယ်စပ်အတွင်း ဧရာဝတီမြစ်ကမ်းထိပ် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းတည်ရှိပြီး ပုသိမ်-မုံရွာလမ်းမကြီးအနီး ထုံးဘိုမြို့မှတစ်ဆင့် သွားရောက်နိုင်သည်။ ကြံခင်းမြို့မှ တစ်ဆင့်လာရောက်ပါက တောင်ပေါ်အရောက် ၁၆ မိုင်ခန့် ဝေးကွာသည်။

ပြည်မြို့မှ လာမည်ဆိုပါက နဝဒေးတံတားကြီးကို ဖြတ်၍ ကား၊ ဆိုင်ကယ်တို့ဖြင့် နှစ်နာရီနီးပါးခန့်မောင်းရုံဖြင့် ထုံးဘိုမြို့သို့ရောက်ရှိမည်ဖြစ်သည်။ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုရှေးဟောင်းဘုရား ဗုဒ္ဓတစ်ထောင် အကောက်တောင် ထုံးဘိုမြို့"ဆိုသည့် အဝင်မုခ်ဦးလမ်းအတိုင်း သွားပါက ထုံးဘိုမြစ်ဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် အကောက်တောင်သို့ စက်လှေတစ်စင်းလျှင် ကျပ်တစ်သောင်းခွဲ ပေးရသည်။ စက်လှေတစ်စင်းကို လူအယောက် ၂၀ တင်ဆောင်ခွင့်ရှိပြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဘုရားများသမိုင်းနှင့် အကောင်တောင်တော် တစ်လျှောက်ရှိ ဘုရားပုထိုးများ၏ သမိုင်းကြောင်းကို လိုက်လံရှင်းလင်းပြောကြားပေးသည့် လမ်းညွှန် တစ်ယောက်ပါရှိပြီး ဘုရားဖူးပြည်သူများ၏ စေတနာကြေး ပေးသည့် ငွေသားကိုသာ လက်ခံကြသည်။

ကျောက်ဆောင်များတွင် အပေါက်များဖြစ်နေသည်မှာ ကုန်းဘောင်ခေတ်လှေထိုးသားများသည် ထိုးဝါးများကိုအသုံးပြု၍ ထိုးတက်ခဲ့ကြသောကြောင့် အပေါက်များ ကျန်ခဲ့သည်ဟု အဆိုရှိကြသည်။ ဧရာဝတီမြစ်ကို အသုံးပြု၍ အထက်ဘက်ဆိုလျှင် မန္တလေး၊ အောက်ဘက်ဆိုလျှင် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်တို့ကို စုန်ရေ၊ ဆန်ရေဖြင့် သွားကြရသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တော်က မြို့ဝန်ဦးကောက်ရသည် စုန်၊ ဆန် သွားလာနေကြသည့် တောင်စွန်းအခြေ၌ ရုံးစိုက်ကာ သဘော်၊ သမ္ဗန်တို့ကို အခွန်များကောက်ခံပြီး နေပြည်တော်သို့ ဆက်သရသည်။ ယင်းကိုအစွဲပြု၍ အကောက်တောင်ဟု ခေါ်ဝေါ်ကြသည်။ သမိုင်းများအရ ရှေးယခင်က ကျီးဖို၊ ကျီးမနှစ်ကောင်တို့သည် ကျီးသားငါးရာတို့ဖြင့် ထိုအကောက်တောင်တွင် ကောက်ပဲသီးနှံများ ကောက်ယူစားသုံးကြသည်။ ထိုတောင်မှ ကောက်ပဲသီးနှံတို့သည် မည်သည့်အရပ်ဒေသမှ အသီးအနှံတို့နှင့်မတူ အလွန်ချိုမြိန်ပြီး အရသာထူးကဲလှသည်။ ထို့မှစ၍ အစာကောက်တောင်ဟုလည်း ခေါ်ဆိုကြသည်။

ဧရာဝတီတိုင်းဒေသကြီးဘက် မြစ်တစ်လျှောက် တောင်ကမ်းပါးယံတို့၌လည်း တန်ခိုးကြီး ဗုဒ္ဓရုပ်ပွားတော်များစွာကို ဖူးမြော်ရမည်ဖြစ်သည်။ တောင်ကမ်းပါးယံများရှိ ချုံနွယ်များကို မရှင်းလင်းပေးပါက ဘုရားများကို ချုံနွယ်များ ဖုံးအုပ်သွားသောကြောင့် ပဲခူးတိုင်းဒေသကြီးမှ လူငယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ လူငယ်များ စုပေါင်းထားသည့် အကျိုးဆောင်လူငယ်အဖွဲ့က တစ်လ တစ်ခါ လာရောက်ရှင်းလင်းပေးကြသည်။

အကောက်တောင် တောင်ခြေသို့ရောက်လျှင် ကမ်းခြေမှ ပေ ၁၀၀၀ကျော်မြင့်သည့် ရွှေမြင်းတင်စေတီတော်မြတ် ကိန်းဝပ်ရာ တောင်ပေါ်သို့ ကွန်ကရစ်လမ်းလေး အတိုင်း ဆက်လက်ခရီးနှင်ရင်း တောင်ကမ်းပါးယံများတွင် ကိန်းဝပ်စံပယ်နေသည့် ဗုဒ္ဓရုပ်ပွားတော်များကို ရှေးမှူလက်ရာမပျက် ဖူးမြော်ကြရသည်။ အဆိုပါ ကွန်ကရစ် လမ်းတွင် စတီးလက်ရန်းများ တပ်ဆင်ပေးထားခြင်းကြောင့် ဘုရားဖူး ပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစွာ သွားလာနိုင်ကြသည်။ လမ်းဆုံးသည်နှင့် ရွှေမြင်းတင်စေတီတော်မြတ်ကြီး ကိန်းဝပ်ရာရင်ပြင်တော်ပေါ်သို့ ရောက်ရှိပြီး အဝင်ဝဝဲဘက်တွင် ရွှေထိရွှေပွား၊ ငွေထိငွေပွားသည်ဟု ယုံကြည်သဖြင့် မိမိတို့ပါလာသည့် လက်ဝတ်ရတနာများ၊ ပိုက်ဆံများဖြင့် ထိပွတ်၍ဆုတောင်းကြသည့် ရွှေချထားသော ကျောက်ပွားတစ်ခုရှိသည်။ ယင်းကျောက်ဖြင့် ထိတွေ့ထားသော ပိုက်ဆံများကို အဆောင်အဖြစ်ထားရှိပါက ငွေကြေးဥစ္စာများတိုးပွားနိုင်သည်ဟု ယုံကြည်ကြသည်။ ယင်းသို့ မပြုလုပ်တတ်သော ဘုရားဖူးများအစား လိုက်ပါလာကြသည့် လမ်းညွှန်များက ကိုယ်စားဆုတောင်းပေးခြင်းများလည်း ပြုလုပ်ပေးကြသည်။

ယင်းကျောက်ပွားနားတွင်ပင် ကျောက်ဖားရုပ်တုတစ်ခုရှိပြီး "ကျောက်ဖားရေလောင်း စီးပွားကောင်း"ဟုလည်း ယုံကြည်ကြ၍ ဘုရားဖူးများ ရေလောင်းဆုတောင်းကြသည်။ ရင်ပြင်တော်ပေါ်တွင် သီရိဘဂ်လွန်မင်းကြီး၏ သားတော်ကြီး မဟာပုဥ္စမင်းသားသည် သိကြားမင်းဆက်သသော သိန္ဓဝ နတ်မြင်းပျံဖြင့် ရွှေကိုတလေးတင်၍ ဌာပနာခဲ့သော ရွှေမြင်းတင်ဘုရားကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရမည်ဖြစ်သည်။ စေတီတော်၏ ဖိနပ်တော် အရပ်လေးမျက်နှာတွင် "အမျိုးအကျိုးအတွက် သာယာကောင်းမွန်နေသူ နောက်သို့ ကောင်းကျိုးများသာ အရိပ်ပမာရှိကြကုန်၏"၊ "လောကတွင် သီလပြည့်စုံပါက အလုံးစုံပြည့်စုံပြီဖြစ်သည်"၊ "အမှန်တရားအကြောင်းကို မသိပါက အမှန်တရားအကျိုးကို မရရှိနိုင်"၊ "လောကသုံးပါးတွင် ရဲရင့်ပြီး သတ္တိရှိသူများသည် မိမိပိုင်ပစ္စည်း ဥစ္စာများကို စွန့်လွှတ်လှူဒါန်းလေ့ရှိကြ၏"ဟူသော စာတန်းများကို ဘုရားဖူးများ ဖတ်ရှုမှတ်သားကြရသည်။

ရင်ပြင်တော်ပေါ်တွင် ယင်းစေတီတော်ကြီးအပြင် စေတီငယ်များ၊ ထိုင်တော်မူရုပ်ပွားတော်နှင့် သာသနိကအဆောက်အအုံများကို တွေ့မြင်ရမည်။ ထိုမှလှေကားထစ်အတိုင်းဆင်းသွားပါက အကောက်တောင် ဆရာတော်ဦးပညာဒီပကျောင်းထိုင်တော်မူသည့် ကျောင်းအတွင်း ဝင်ရောက်ဖူးမြော်ကြပြီးပါက ဆရာတော်က ဘုရားဖူးများကို သက်သတ်လွတ် ထမင်းဟင်းမျိုးစုံဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်။

ရှေ့သို့ ခရီးဆက်ပါက သဘာဝအတိုင်း တသွင်သွင်စီးဆင်းနေသည့် နတ်ရေကန်ကို တွေ့ရမည်ဖြစ်ပါသည်။ ဆေးအဖြစ်သောက်သုံးရန် ဘုရားဖူးများက ရေဘူးများဖြင့် ခပ်ယူလေ့ရှိကြသည်။ ထို့နောက် ညောင်ကိုးပင်ဆုတောင်းပြည့် ဝန်ချစေတီကို ဖူးတွေ့ရမည်ဖြစ်သည်။ ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားစော်ကားမိပါက ဝန်ချတောင်းပန်လျှင် အပြစ်များကျေအေးသောကြောင့် ဆုတောင်းပြည့် ဝန်ချစေတီဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကမ္ဘာလုံးစေတီကိုလည်း ဖူးတွေ့ရမည်ဖြစ်သည်။ ကမ္ဘာလုံးပေါ်သို့ လက်တင်၍ သုံးပတ် ပတ်ပါက မိမိ၏ လိုရာပန်းတိုင်ကို ရောက်ရှိနိုင်သည်ဟု ယုံကြည်ကြသည်။





အကောက်တောင်သို့ ဘုရားဖူးလာရောက်သူများသည် နောင်တော်ကြီးစေတီ၊ နောင်တော်လေးစေတီ၊ နဂါးတွင်း၊ ဦးပွားသိုက်တွင်း၊ ဂျုံးဂျုံးကျရေတံခွန် စသည့် နေရာများသို့လည်း သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

အကောက်တောင်ဆရာတော်က ဘုရားဖူးလာပြည်သူများ တည်းခိုနားနေနိုင်ရန် အခမဲ့ညအိပ်ဆောင်များ စီစဉ်ပေးထားသည့်အပြင် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများမှအစ စီစဉ်ပေးထားပြီး ရေချိုးကန်များလည်း ထားရှိသည်။ ဘုရားများဖူးမြော်ပြီး အပြန်ခရီးတွင် လှေဆိပ်၌ တိုကင်ပြားကိုပြ၍ စက်လှေဖြင့် ထုံးဘိုမြို့သို့ ပြန်နိုင်သည်။ အပြန်ခရီးတွင်လည်း ကျောက်ကမ်းပါးနံရံများတွင် ထုဆစ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ထပ်မံဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်သည်။ ။

# ကျေးရွာလက်လုပ်ဆည် မကြာခဏကျိုးသဖြင့် ဆည်မြောင်းဌာနက အမြန်ပြန်လည်ပြုပြင်တည်ဆောက်ပေးနေ



**မိတ္ထီလာ မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် ဝွေးတောက်သျှိုရေလှောင်တမံ(ခ) သီရိနန္ဒာကန်ကို အနီးရှိ မဘိမ်း၊ မလှိုင်ကုန်းကျေးရွာနှင့် ဘဟဲကျေးရွာတို့မှ တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးစိုက်ပျိုးရန်အတွက် ၁၉၉၈ ခုနှစ်က စုပေါင်း၍ လက်လုပ်ဆည်အဖြစ် တည်ဆောက်ခဲ့သည့် သီရိနန္ဒာကန်မှာ ယင်းဒေသရှိ တောင်သူလယ်သမားများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် တိရစ္ဆာန်များအတွက် ရေအလုံအလောက်ရရှိခဲ့သည်။ သို့သော် ထိုလက်လုပ်ဆည်မှာ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၁ ရက်နေ့ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည်။ ဒေသခံတောင်သူလယ်သမားများက ၂၀၁၁ ခုနှစ် မိုးကြိုကာလတွင် ထပ်မံပြင်ဆင်ခဲ့သော်လည်း တစ်လခန့်အကြာတွင် ပြန်လည်ပြိုကျပျက်စီးခဲ့ပြန်လည်။ ထို့ကြောင့် အနီးပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများမှာ အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်နေသဖြင့် ထပ်မံပြုပြင်နိုင်ခြင်း မရှိတော့၍ စိုက်ပျိုးရေအခက်အခဲများနှင့် ကြုံတွေ့နေကြကြောင်းသိရသည်။

ဝွေးတောက်သျှိုရေလှောင်တမံ(ခ) သီရိနန္ဒာကန် ပြိုကျပျက်စီးနေသဖြင့် မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်နှင့် မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်တို့က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးအဖွဲ့နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆည်မြောင်းဌာနက ကွင်းဆင်းလေ့လာပြီး ဝွေးတောက်သျှို(ခ)သီရိနန္ဒာကန်ကို စတင်တည်ဆောက်နေပြီဖြစ်သည်။

ယခုအခါ ဝွေးတောက်သျှို(ခ) သီရိနန္ဒာကန်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခင်သန်း ဦးဆောင်၍ ၂၀၁၈ ခုနှစ်မှစ၍ စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်တူးဖော်နေပြီဖြစ်သည်။ ဝွေးတောက်သျှို(ခ) သီရိနန္ဒာကန်ကို ဘုံဘယချောင်းအား ပိတ်၍ ရေဆင်းဧရိယာ လေးစတုရန်းမိုင်၊ မြေသားတမံ၊ တမံအမြင့် ပေ ၃၀၊ တမံအလျား ၅၂၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၄၁၁ ဧကပေ၊ ရေထုတ်ပြွန် အမှတ်(၁) ၁၈ လက်မ၊ အကျယ်သံပိုက် အလျား ၁၆၄ ပေ၊ ရေထုတ်ပြွန်(၂)အမျိုးအစား ၁၈ လက်မ၊ အကျယ်သံပိုက် အလျား ၁၂၈ ပေ၊ ရေပိုလွှဲ ကျောက်ဖြည့်သံကူကွန်ကရစ်၊ အကျယ် ပေ ၅၀၊ အလျား ၂၁၅ ပေ၊ ဆည်ရေသောက်ဧရိယာ ၁၀၀၀၊ နွေစပါး၊ မိုးစပါး အမြန်စိုက်ပျိုးနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် စက်ယန္တရား၊ လူအားဖြင့် အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်ရန် အမြန်တည်ဆောက်သွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင်းရှိ ဘဟဲ၊ မလှိုင်ကုန်းကျေးရွာများမှာ မိုးစပါး၊ နွေစပါးအပြင် မြေတောက်ပဲ၊ ထောပတ်ပဲ၊ ပဲတီစိမ်းများပါ စိုက်ပျိုးသဖြင့် စိုက်ပျိုးရေလိုအပ်နေသော ကျေးရွာများဖြစ်သည်။ ဘဟဲကျေးရွာမှာအိမ်ခြေ ၄၀၀ ကျော်ရှိပြီး လူဦးရေ ၁၆၅၀ ရှိကာ မလှိုင်ကုန်းကျေးရွာမှာ အိမ်ထောင်စု ၂၅၀ ရှိပြီး လူဦးရေ ၁၀၈၇ ရှိသည်။ ထိုကျေးရွာနှစ်ရွာတွင် လူဦးရေအပြင် နွား၊ ဆိတ်၊ ကျွဲများပါ မွေးမြူထားသဖြင့် နွားကောင်ရေ ၁၀၀၀ ကျော်နှင့် ကျွဲကောင်ရေ ၃၀၀ ကျော်ရှိရာ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေပါ အခက်အခဲတွေ့နေရသည်။ ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခင်သန်း ဦးဆောင်၍ ဝွေးတောက်သျှို(ခ) သီရိနန္ဒာကန်ကြီး ၂၀၁၉ ခုနှစ်အတွင်း အမြန်ဆုံးပြီးစီးရန် စက်အား၊ လူအားများဖြင့် အမြန်ဆုံးဆောင်ရွက်နေကြောင်း သိရသည်။

**မောင်ထီလာ**



# မန္တလေးကျုံးတောင်ဘက်ခြမ်းရှိ လူထုဧရိယာတွင် မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်း ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

**မန္တလေး မေ ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အများပြည်သူ အပန်းဖြေသွားလာမှု များပြားသည့် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် စီစဉ်သတ်မှတ်ပေးထားသည့် လူထုဧရိယာတွင် ပထမဦးဆုံးအဖြစ် မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းမှ ကျင်းပသည့် ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့တော်ဝန် ဒေါက်တာရဲလွင်က "မန္တလေးမြို့ရဲ့ အဓိက အပန်းဖြေသွားလာမှု အများဆုံးနေရာမှာ စာပေနဲ့ အနုပညာလုပ်ငန်း ပြသမိတ်ဆက်ပွဲတွေ ဆောင်ရွက်နိုင်ဖို့အတွက် ယခုလိုရွေးချယ်စီစဉ်ပေးတဲ့ နေရာမှာ ပထမဦးဆုံးအဖြစ် ပန်းချီပြပွဲကို လာရောက်ကျင်းပတဲ့အတွက် ကျေးဇူးတင်တယ်၊ နောင်မှာလည်း ယခုလိုပြပွဲတွေ အများကြီးလာရောက်ပြုလုပ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရေဆေးပန်းချီအသင်း နာယက ပန်းချီဆရာ ဒေါက်တာကိုကိုကြီးက "ဒီလို အများပြည်သူ သွားလာမှုများတဲ့နေရာမှာ ပြသနိုင်ဖို့ဆိုတာကလည်း မန္တလေးတိုင်းဒေသကြီးက သက်ဆိုင်ရာ တာဝန်ရှိသူတွေ ခွင့်ပြုပေးမှသာ ပြုလုပ်လို့ရတာပါ၊ ပထမဆုံး ကျေးဇူးတင်ရမှာက သက်ဆိုင်ရာတာဝန်ရှိသူတွေက စနစ်တကျနဲ့ ဒီနေရာမှာလုပ်ပါလို့ အားပေးတဲ့အတွက် ပြသဖြစ်တာပါ၊ ကျွန်တော်တို့ ပန်းချီဆရာအသင်းကလည်း ဒီလိုနေရာမျိုးမှာ ပြသပေးချင်တဲ့အတွက် အခုလို ပြသဖြစ်တာပါ"ဟု ပြောသည်။

အဆိုပါ အများပြည်သူ အပန်းဖြေသွားလာလျက်ရှိသည့် ကျုံးဘေးတွင် ထောက်တိုင်များဖြင့် ရေဆေးပန်းချီ ၈၀ ခန့်ကို ချိတ်ဆွဲပြသသွားမည်ဖြစ်ပြီး ဝယ်ယူသိမ်းဆည်းလိုပါက လေးချိုးဆိုဒ် တစ်ကားလျှင် ငွေကျပ် ၅၀၀၀၀ မှ ၈၀၀၀၀ အထိသာ ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ရေဆေးပန်းချီအသင်းမှာ ၁၅ ကြိမ်မြောက် အသင်းလှုပ်ရှားမှုပြပွဲအဖြစ် ပြသခြင်းဖြစ်ပြီး ယခုပြပွဲတွင် ပုံတူပန်းချီ၊ ရှုခင်းပန်းချီ၊ ကယ်ရီကေးချား ရေးဆွဲခြင်းအတွက် တစ်ပုံလျှင် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ဖြင့် ရေးဆွဲပေးမည်ဖြစ်ကာ အဆိုပါပြပွဲကို ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှလှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ်၊ စာရေးခုံနှင့် ထိုင်ခုံများ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ကျောင်းကုန်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီအုပ်စု ဆိပ်ဖူးနီကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဂျပန်နိုင်ငံ "နိပွန်ဖောင်ဒေးရှင်း"၏ လှူဒါန်းငွေဖြင့် ARTIC စီမံကိန်း ဒါရိုက်တာ ဦးစေတနာ အကောင်အထည်ဖော်ဆောင်ရွက်သော နှစ်ထပ်ကျောင်းဆောင်သစ်၊ စာရေးခုံနှင့် ထိုင်ခုံများ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းပညာညွှန်ကြားရေးမှူး ဒေါ်အေးအေးမြတ်၊ နိပွန်ဖောင်ဒေးရှင်းမှ မစ္စတာ မာအဲဒါ၊ သွားဆရာဝန်အဖွဲ့မှ မစ္စတာ ဆဲခိုရချီ၊ ARTIC စီမံကိန်း ဒါရိုက်တာ ဦးစေတနာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ကြပြီး တိုင်းပညာညွှန်ကြားရေးမှူး ဒေါ်အေးအေးမြတ်က ဝမ်းမြောက်စကား ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ မစ္စတာ မာအဲဒါနှင့် သွားဆရာဝန်အဖွဲ့မှ မစ္စတာ ဆဲခိုရချီတို့က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ARTIC ဒါရိုက်တာ ဦးစေတနာက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ကြကာ ကျောင်းအကျိုးဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ နိပွန်ဖောင်ဒေးရှင်းနှင့် သွားဆရာဝန်အဖွဲ့က လှူဒါန်းသော အလျားပေ ၇၀ × အနံပေ ၃၀၊ RC နှစ်ထပ်ကျောင်းဆောင်သစ်သည် ကာလတန်ဖိုးငွေကျပ် သိန်း ၈၇၀ နှင့် ကျေးရွာမှ ပူးပေါင်းပါဝင်ငွေ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၂၀၀ တို့ဖြစ်ပြီး စာရေးခုံ၊ ထိုင်ခုံ၊ ဂါလန် ၁၀၀၀ ဆံ့ရေကန်နှင့် သန့်စင်ခန်း နှစ်ခန်းတွဲအိမ်သာ နှစ်လုံးပါ လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် အခမ်းအနားအပြီးတွင် ကလေးငယ်များကို သွားကျန်းမာရေး အသိပညာပေးဟောပြောကာ သွားစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် ညောင်ရေသွန်းပွဲကျင်းပ

**ရန်ကုန် မေ ၁**

မင်္ဂလာဒုံမြို့နယ် ပလရအပိုင် ရွှေနှင်းဆီရပ်ကွက် မဏိဇောတမိုးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက်တွင် ၂၀၁၇-၂၀၁၈ အမှတ်(၉) ဓမ္မစကူးလ် သင်တန်းဆင်းပွဲနှင့် (၅)နှစ်ပြည့် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၂၉ နံနက် ၈ နာရီက ကျောင်းတိုက် ဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

ဆက်လက်၍ ကျောင်းတိုက်ဆရာတော် အရှင်ဓမ္မာစာရ၏ ဩဝါဒကို ခံယူပြီး အကျိုးတော်ဆောင်အဖွဲ့များ၊ ဓမ္မစကူးလ် သင်ကြားရေးတာဝန်ခံဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ညနေ ၃ နာရီတွင် ကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းလှူကြကြောင်း သိရသည်။ **ဝင်းမင်း**

# နယ်မြေအခြေအနေအရ တိမ်းရှောင်လာသော ပြည်သူများအား ဆန်ရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၁**

မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်အတွင်းမှ နယ်မြေအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော ပြည်သူများအား ၎င်းတို့ ယာယီနေထိုင်ရာ ဘုရားကျောင်းဝင်းများအတွင်း အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာများ၊ UN လက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ဆန်အိတ်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UN အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက နောင်နန်းရပ်ကွက်ရှိ တြိနတီဘုရားကျောင်းဝင်းအတွင်း၌ ခေတ္တနေထိုင်သည့် အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၅၅၂ ဦးတို့အတွက် နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေး၊ ပညာရေးနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်အိတ် ၇၀ နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၇၇၃၀၀ နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူးက ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မုန့်များကို ဝေငှကျွေးမွေးကြကာ တိမ်းရှောင် မိသားစုများ၏ ယာယီနေထိုင်ရာ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြစ်ဆုံကျေးရွာအုပ်စု တန်ဖရဲကျေးရွာ မာရီယာကောင်းကင်ဘုံသခင်မဘုရားကျောင်းဝင်း၌ နေထိုင်သည့် အိမ်ထောင်စု ၃၃၇ စု၊ လူဦးရေ ၂၁၅၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၈၅၄၃၀၀ နှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် UN အဖွဲ့အစည်းများအနေဖြင့် စာရင်းများကောက်ခံရယူပြီး လိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ချင်းပြည်နယ် မြို့နယ်သုံးခု၌ အောက်ချင်းငှက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မင်းတပ် မေ ၁**

ချင်းပြည်နယ်တွင် နေထိုင်ကျက်စားသော ချင်းတိုင်းရင်းသားတို့၏ အမှတ်သင်္ကေတ အောက်ချင်းငှက်များ မြန်မာနိုင်ငံအတွင်း ချင်းပြည်နယ်၌သာ အများဆုံးမြင်တွေ့ရပြီး ယခင် ဆယ်စုနှစ်ကအထိ ချင်းတောင်ဒေသတွင် နေရာအနှံ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ သစ်တော၊ ဝါးတောများတွင် ကျက်စားနေထိုင်ကြသော်လည်း ယခုအခါ အောက်ချင်းငှက်ကောင်ရေ သိသိသာသာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး လျော့နည်းလာခဲ့ရာ အုပ်စုဖွဲ့ပျံသန်းနေထိုင်ကျက်စားမှုမှာလည်း ရှားပါးလာခြင်းကြောင့် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်တို့တွင် ထိန်းသိမ်းမှုများ ပြုလုပ်နေကြောင်း သိရသည်။



"အရင်က အောက်ချင်းငှက်တစ်အုပ်ဆို အကောင် ၂၀ ကနေ ၃၀ ပါတယ်၊ အခုဆို တစ်အုပ်စုဆို ခြောက်ကောင်လောက်ပဲ တွေ့ရတော့တယ်၊ အောက်ချင်းငှက်တွေ ရှားပါးလာတာက သူတို့နေထိုင်တဲ့တောတွေ ပြုန်းတီးကုန်တာရယ်၊ အောက်ချင်းငှက်တွေကို သတ်စားကြပြီး သူတို့အမြီးက အမွေးကို ရိုးရာပွဲတော်တွေမှာ ခေါင်းမှာ အလှဆင်ဖို့အတွက် သတ်ကြတာတွေကြောင့် ရှားပါးလာတာပါ" ဟု မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတိတ်ထန်းက ပြောသည်။

ချင်းပြည်နယ်ရှိ အောက်ချင်းငှက်များနှင့် တောင်ဇလပ်ပန်းများကို ထိန်းသိမ်းရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသကဲ့သို့ ချင်းပြည်နယ်ရေးရာကော်မတီကလည်း အောက်ချင်းငှက်များ နေထိုင်ကျက်စားရာ မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များနှင့် တောင်ဇလပ်ပန်းများ ပွင့်ဖူးရာ မင်းတပ်၊ ကန်ပက်လက်မြို့တို့ကို ထိန်းသိမ်းရန် နေရာများအဖြစ် သတ်မှတ်ကာ သားငှက်ထိန်းသိမ်းရေးအဖွဲ့က ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က အောက်ချင်းငှက်နှင့် ပတ်သက်၍ လေ့လာခဲ့ရာ အောက်ချင်းငှက်များ ယခင်ထက် ပိုမိုသိသာစွာ ရှားပါးလာခြင်းကြောင့် ၂၀၁၇ ခုနှစ် နှစ်လယ်မှစ၍ ထိန်းသိမ်းဆောင်ရွက်နေကြောင်း ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောကြားသည်။

"ချင်းပြည်နယ်ရဲ့ အမှတ်သညာဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့ သဘာဝအလှဟာ တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်တယ်၊ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သညာဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကို ဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးဖြစ်နေပြီ၊ အဲဒီလိုမှ ပြန်မထိန်းသိမ်းရင် ချင်းပြည်နယ်အမှတ်တံဆိပ်ဖြစ်တဲ့ အောက်ချင်းငှက်တွေ ပျောက်ကွယ်သွားတော့မှာပါ" ဟု ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွါလ်(ခ)ဦးလှိုင်အောင်က ပြောသည်။

၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များတွင် ရှားပါးတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုလုပ်ရန် တားမြစ်ထားပြီး ဖမ်းဆီးသတ်ဖြတ်ပါက ထိရောက်စွာ အရေးယူရန် မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အကြောင်းကြားထားကာ သားငှက်ထိန်းသိမ်းရေးအဖွဲ့က ပြီးခဲ့သည့် နှစ်အတွင်းက ချင်းပြည်နယ်နေရာအချို့တွင် အောက်ချင်းငှက်ကို သတ်ဖြတ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဟု ဆိုင်းဘုတ်များ စိုက်ထူလျက် အောက်ချင်းငှက်ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်ချင်းငှက်များသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များတွင် ပါဝင်ပြီး အောက်ချင်းငှက်များကို ဖမ်းဆီးသတ်ဖြတ်ပါက သယံဇာတများ စီမံအုပ်ချုပ်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ၁၉၉၄ နှင့် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေ ၂၀၁၂ တို့ဖြင့် အရေးယူခံရမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

**ဇိုဟေဆာ**

# ရေသတ္တဝါများ ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ

**ဟိုင်းကြီးကျွန်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်တွင် မြို့ငါးလုပ်ငန်းဦးစီးဌာနက ရေသတ္တဝါများဖမ်းဆီးခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆိုင်းဘုတ်များကို မြို့အဝင်အမှတ်(၁)ရပ်ကွက်ရှိ ဆိပ်ကမ်းတွင် ဧပြီ ၂၉ ရက် နံနက်ပိုင်းက စိုက်ထူခဲ့ရာ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

အသိပညာပေးဆိုင်းဘုတ်တွင် တားမြစ်ထားသော ရှားပါးရေသတ္တဝါများနှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေစုဆောင်းခြင်း၊ သိုလှောင်သိမ်းဆည်းခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရန်၊ ပေါက်ကွဲပစ္စည်းများ၊ ရေနေသတ္တဝါများအား အန္တရာယ်ဖြစ်စေတတ်သော အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများအသုံးပြု၍ ငါးဖမ်းဆီးခြင်း မပြုလုပ်ရန်၊ ဥနှင့် ငါးရစ်ကို မဖမ်းကြရန် ထည့်သွင်းဖော်ပြထားသည်။

ရေသယံဇာတများ မျိုးသုဉ်းမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် တားမြစ်ငါးဖမ်းရာသီ၊ ငါးဖမ်းဧရိယာ သတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမင်းချွန်သူက ပြောသည်။

ထို့အပြင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ငါးဖမ်းဧရိယာများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်းလည်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးစိုက်ခင်းများ စိမ်းလန်းနေသည့် တတိယစပါးကျီ မူးမြစ်ဝှမ်းလွင်ပြင်



**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်း တည်ဆောက်ထားသည့် သဖန်းဆိပ်ရေလှောင်တမံနှင့် ရေသောက်စနစ်များသည် မြန်မာနိုင်ငံ၏ တတိယစပါးကျီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွက် မိုးစပါးဧကငါးသိန်းကျော်၊ နွေစပါးနှင့် နွေသီးနှံဧက သုံးသိန်းကျော် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မူးမြစ်ဝှမ်းလွင်ပြင်ဒေသမှ တောင်သူများ၏ အဓိကအားထားရာ ဆည်တစ်ခုဖြစ်သည်။ သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးလျာထားဧက ၁၀၆၇၄၁ ဧကတွင် စိုက်ဧက ၁၀၄၄၇၄ ဧကနှင့် နွေသီးနှံလျာထားဧက ၇၀၃၇၀ တွင် စိုက်ဧက ၇၇၇၂၈ ဧက စိုက်ပျိုးနိုင်ခဲ့၍ စုစုပေါင်း လျာထားဧက ၃၇၇၁၁၁ ဧကတွင် ၃၈၂၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ၅၀၉၁ ဧကနှင့် ယခင်နှစ်စိုက်ဧကထက် ၁၉၉၁၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်းထံမှ သိရသည်။

ဆည်ရေရရှိမှုနှင့် နွေစပါးစိုက်ပျိုးမှု အခြေအနေတို့နှင့် ပတ်သက်၍ ရွှေဘိုမြို့နယ် ချိပါတောင်ရွာမှ တောင်သူကြီး ဦးဆန်းထွန်းက "ဒီနှစ်သဖန်းဆိပ်ဆည်အတွင်း ရေပိုမိုသိုလှောင်နိုင်တယ်လို့ ကြားသိရတဲ့အတွက် နွေစပါးနဲ့ နွေသီးနှံနှစ်မျိုး စိုက်ပျိုးဖို့လျာထားခဲ့သော်လည်း တောင်သူများက နွေစပါးကို ပိုမိုစိုက်ပျိုးခဲ့ပါတယ်၊ အခုဆိုရင် နွေစပါးထွန်တုံးပိတ်ပါပြီ၊ ကျွန်တော်တို့ဒေသမှာ မိုးဦးနောက်ကျတတ်တယ်၊ ဒါကြောင့် မိုးစပါးပျိုးထောင်ဖို့ကို ဆည်ရေကိုပဲ အဓိကအားထားရတယ်၊ ဒီနှစ်မှာ နွေစပါးကိုလည်း အောင်မြင်တဲ့အထိ ဆည်ရေအခက်အခဲမရှိ ပြည့်စုံလုံလောက်စွာပေးဝေနိုင်တဲ့အပြင် မိုးစပါးပျိုးထောင်ရေအတွက်ပါ ဆည်ရေလုံလောက်စွာ ပေးဝေနိုင်တယ်လို့ ကြားသိရတဲ့အတွက် တောင်သူတွေ ဝမ်းသာနေကြပါတယ်၊ ယခင် သဖန်းဆိပ်ဆည် မတည်ဆောက်ခင် ကာဘိုးရေလွှဲဆည်က မိုးစပါး တစ်သီးကိုသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း သဖန်းဆိပ်ဆည် တည်ဆောက်ပြီးချိန်မှစလို့ မိုးစပါးရော နွေစပါးပါ နှစ်သီးစိုက်ပျိုးလာနိုင်ခဲ့တယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းမြို့နယ်များတွင် သဖန်းဆိပ်ဆည်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးနှင့် နွေသီးနှံ ၃၈၂၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ရွှေဘိုခရိုင်လွင်ပြင်ဒေသအား နွေခေါင်ခေါင်တွင် မိုးရာသီနှင့်မခြား နွေစပါးစိုက်ခင်းများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်နိုင်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပေးဝေခြင်း၊ ရေဘေးကာကွယ်ခြင်းနှင့် လယ်ယာမြေများ ဆားငန်ရေဝင်ရောက်မှုကာကွယ်ခြင်း အစရှိသည့် ရေစီမံခန့်ခွဲခြင်းများကို ဆောင်ရွက်ပေးနိုင်ရန် ရေလှောင်တမံနှင့် ရေသောက်စနစ်များ တည်ဆောက်ခြင်း၊ ရေနုတ်မြောင်း၊ ရေထိန်းတံခါးနှင့် တာဖို့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ - အောင်မိုး**

# မီးဘေးအန္တရာယ် နာဂစ်ကဲ့သို့ မခံစားရစေရန် လိုအပ်နေ

မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသများနှင့် ရန်ကုန်မြို့တွင် ၂၀၀၈ ခုနှစ် မေ ၂ ရက် မွန်းလွဲပိုင်းစ၍ ဝင်ရောက်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကို ယင်းဒေသနေ ပြည်သူများခံစားခဲ့ရသည်မှာ ဆယ်စုနှစ်တစ်စုတာရှိလာပြီဖြစ်သည်။

သဘာဝဒီရေတောများ ဖုံးလွှမ်းခဲ့သော မြစ်ဝကျွန်းပေါ်ဒေသတွင် လယ်ကွက်အသစ်များ ဖော်ထုတ်ခြင်း၊ မီးသွေးဖုတ်ရန် ထင်းခုတ်ခြင်းများ များပြားလာသဖြင့် သစ်တောကြိုးဝိုင်းအများစု လယ်မြေအဖြစ် ပြောင်းလဲလာသကဲ့သို့ ဒီရေတောများ ပြုန်းတီးပျောက်ကွယ်လာခဲ့သည်။ ယင်းကဲ့သို့ ဒီရေတောများ ပျောက်ကွယ်ခြင်းကြောင့် နာဂစ်မုန်တိုင်း တိုက်ခတ်လာချိန် လူသားများ၊ လုပ်ငန်းခွင်များ၊ အိုးအိမ်အဆောက်အအုံများ၊ တိရစ္ဆာန်များ သေကျေ၊ ထိခိုက်ပျက်စီးခြင်းများခဲ့ရသည်။

ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၊ စေတနာရှင်များ၏ကူညီလှူဒါန်းဆောင်ရွက်ပေးခြင်းနှင့်အတူ နိုင်ငံတော်အစိုးရ၏ ထိရောက်သော ဆောင်ရွက်ပေးခြင်းကြောင့် နှစ်အနည်းငယ်အတွင်း ယင်းဒေသများတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်ကို မြင်တွေ့ရသည်။

ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ မူလအခြေအနေထက် ကျော်လွန်လာသော်လည်း နာဂစ်ဒဏ်ခံဒေသများမှ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလုပ်ကိုင်သူ အရေအတွက် များပြားလာသည်။ သို့သော် နေထိုင်ရာအိုးအိမ်မရှိသဖြင့် အထူးသဖြင့် လှိုင်သာယာမြို့နယ်အတွင်း၌ ကျူးကျော်နေထိုင်သူအရေအတွက် များလာရသည်။

နာဂစ်ဒဏ်ခံ မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသများ၌ ယင်းကာလတွင် ရေလမ်းတစ်မျိုးတည်းဖြင့်သာ သွားလာနေရခြင်းမှ ယခုအခါ ကားလမ်းများဖြင့် သွားလာနိုင်သည်။ ယင်းမြို့များသို့ ကားလမ်းကွန်ရက်သဖွယ် ဖောက်လုပ်ပေးထားရာ လမ်းကြောင်းအမျိုးမျိုးဖြင့် သွားလာနိုင်သည်။ မြစ်ကူးတံတားအချို့ တည်ဆောက်ရန် ကျန်ရှိနေသေး၍ လပွတ္တာခရိုင် ပြင်စလူပင်လယ်ပိုင်းဒေသများနှင့် လှိုင်းဘုန်းဒေသသို့ ကားလမ်းမပေါက်သေးသည်မှလွဲ၍ လမ်းကွန်ရက်ပေါင်း ၁၁ လမ်းအနက် အများစုမှာ နာဂစ်ဒဏ်ခံ အပြီး အသုံးပြု၍ရလာသည်။

> **စက်သုံးဆီရောင်းချခြင်းကို သက်ဆိုင်ရာမှ တရားဝင်ရောင်းချခြင်းသာ ခွင့်ပြုထားသော်လည်း တရားမဝင်အရောင်းဆိုင်များ လူနေရပ်ကွက်အတွင်း ဖွင့်လှစ်ခြင်းများပြားနေရာ မီးဘေးကြုံတွေ့လာရချိန်တွင် ပြည်သူများ အိုးအိမ်ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့လာ**

လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာသည့်အတွက် ယင်းဒေသများတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စပါးဈေးကောင်းလာခြင်းကြောင့် ဝင်ငွေတိုးလာကြသည်။

ယခင်က ရန်ကုန်မှ နေ့စဉ်မှာယူနေရသော ဟင်းသီးဟင်းရွက်များ၊ ဘုရားပန်းများ ဒေသအတွင်းစိုက်ပျိုးလာ၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလာနိုင်သည်။ ဒီရေတောများ ပြုန်းတီးနေဆဲဖြစ်၍ ငါးဖမ်းလုပ်ငန်းများ ကျဆင်းလာသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းလာသော်လည်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုမှာ အချိန်ပြည့်မရသေးသဖြင့် လောင်စာဆီအားကိုးခြင်းများနေရာ မီးဘေးအန္တရာယ် စိုးရိမ်နေရသည်ဟု ဒေသခံများက ပြောသည်။ မြို့ပေါ်တွင် အိမ်သုံးမီးများ အချိန်ပြည့်မရသဖြင့် ပုဂ္ဂလိကမီးစက်များကို ရပ်ကွက်အလိုက် ညဦးပိုင်းအချိန်အတွက် မီးတစ်ပွင့်လျှင် တစ်လ ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် အခပေးအသုံးပြုနေရသည်။

တရားဝင်ဖွင့်ခွင့်ရသော စက်သုံးဆီအရောင်းဆိုင်သာမက တရားမဝင်အရောင်းဆိုင်များ ဒေသအတွင်း အများအပြား မြင်တွေ့ရဆဲဖြစ်သည်။ ဘိုကလေးမြို့လယ်ပိုင်းတွင် လောင်စာဆီကြောင့် မီးလောင်ခြင်းအပါအဝင် မီးဘေး နှစ်ကြိမ်တိုင် တစ်နှစ်အတွင်း ကြုံတွေ့လာရသည်။ မော်လမြိုင်ကျွန်း မြို့မျက်နှာစာတန်း သင်္ဘောဆိပ်ကမ်းတစ်လျှောက် လောင်စာဆီများ ပီပါလိုက်ထားရှိရောင်းချနေသည်ကို ယခုနှစ်ပိုင်းမြင်တွေ့ရရာ မြို့သူမြို့သားများအနေဖြင့် နာဂစ်ဒဏ်ခံစားရသကဲ့သို့ မီးဘေးဒဏ်ခံစားရမည်ကို စိုးရိမ်နေကြသည်ဟု ယင်းကမ်းနားဆီဆိုင်အနီး (၇)ရပ်ကွက်နေ ဒေါ်သန်းက ဆိုသည်။

ချောင်းစပ်ရေပြင်ပေါ်တွင် ပီပါလိုက် အများအပြား ထားရှိရောင်းချခြင်းသည် စိုးရိမ်ရခြင်းနည်းသည်ဟု သာမန်အားဖြင့် ဆိုနိုင်သည်။ သို့သော် မော်ကျွန်းဒေသမှ စက်သုံးဆီတင်တစ်ထပ်ရေယာဉ်တစ်စင်း ရန်ကုန်၊ ဒလဘက်ကမ်းနားတွင် စက်သုံးဆီတင်ဆောင်စဉ် မီးလောင်၍ရေယာဉ်နစ်မြုပ်ပြီး ရေယာဉ်ပိုင်ရှင်အပါအဝင် လူ သုံးဦး ပျောက်ဆုံးနေဆဲရှိသည့် ဖြစ်စဉ်ရှိခဲ့သည်မှာ နှစ်အနည်းငယ် ကြာမြင့်သေးသည်ဟု ခရီးသည်တင်ရေယာဉ်မောင်းတစ်ဦးက ဆိုသည်။

ထို့အတူ လောင်စာဆီအနည်းငယ် ရောင်းချသောကုန်စုံဆိုင်တွင် မီးစတင်လောင်ရာမှ မြို့လယ် (၄)ရပ်ကွက် ကမ်းနားရှိ အိမ်ကြီးအိမ်ကောင်းအချို့ မီးလောင်ကျွမ်းသည့်ဖြစ်စဉ်သည်လည်း မော်ကျွန်းမြို့တွင် ကြုံတွေ့ခဲ့ရဖူးသည်ဟု ယင်းမီးလောင်ခြင်းတွင် ပါဝင်ခဲ့သူ ကိုညီကဆိုသည်။

လူသားတို့ကြောင့် ဒီရေတောများ ပျောက်ကွယ်ခြင်းနှင့်အတူ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်လာချိန် ပိုမိုဆိုးရွားစွာ ကြုံတွေ့ခဲ့ပြီးဖြစ်သည်။ ပုံမှန်ထက် အပူဒဏ်ပိုမိုပြင်းထန်လာသော ယခုကာလတွင် လောင်စာဆီများ လူနေရပ်ကွက်အတွင်း အများအပြားထားရှိ ရောင်းချနေခြင်းသည် မကြာခဏ ဖော်ပြနေသော အနယ်နယ်အရပ်ရပ်မှ မီးဘေးသတင်းများကဲ့သို့ နာဂစ်ဒဏ်ခံစားခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသ မော်ကျွန်းမြို့တွင် မီးဘေးအန္တရာယ်ကင်းဝေးရန် လောင်စာဆီထားသို ရောင်းချနေခြင်းအပေါ် သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူပေးသင့်သည်။

မြို့မျက်နှာစာတန်း ကမ်းနားတစ်လျှောက် လောင်စာဆီအများအပြား ထားရှိရောင်းချနေသည့် ဆိုင်ကြီးဆိုင်ငယ်များ ရှိနေသကဲ့သို့ ခြံဝင်းဖြင့် တရားဝင် စက်သုံးဆီဝင်းကပ်လျက်ရောင်းချခြင်း၊ လောင်စာဆီတင်ရေယာဉ်အချို့ ယင်းနေရာဆိပ်ကမ်းတွင် မြင်တွေ့ရခြင်း၊ မြို့တွင်းတွင် ပန့်ဆိုင်အများအပြား ရောင်းချနေသည်ကို မြင်တွေ့ရသည်။

စက်သုံးဆီရောင်းချခြင်းကို သက်ဆိုင်ရာမှ တရားဝင်ရောင်းချခြင်းသာ ခွင့်ပြုထားသော်လည်း တရားမဝင် အရောင်းဆိုင်များ လူနေရပ်ကွက်အတွင်း ဖွင့်လှစ်ခြင်းများပြားနေရာ မီးဘေးကြုံတွေ့လာရချိန်တွင် ပြည်သူများ အိုးအိမ်ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့လာရသည်။ လူနေရပ်ကွက်အတွင်း စက်သုံးဆီရောင်းချခြင်းကို သက်ဆိုင်ရာမှ မီးဘေးအန္တရာယ်ကြောင့် ရောင်းချခွင့်မပြုသင့်ပါဟု ဒေသခံ ကိုတင့်က ဆိုသည်။

ရန်ကုန်မြို့အပါအဝင် မြို့အချို့တွင် တရားဝင် စက်သုံးဆီအရောင်းဆိုင်အချို့ လူနေရပ်ကွက်အတွင်းဖွင့်လှစ်ရန် စီစဉ်နေခြင်းအပေါ် ယင်းနေရာဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူများက ကန့်ကွက်တင်ပြသည့် သတင်းများ ဖတ်ရှုရသည်။ မော်ကျွန်းမြို့တွင်မူ တရားဝင်စက်သုံးဆီနှင့်အပြိုင် စက်သုံးဆီများ၊ ပီပါအများအပြား လူနေရပ်ကွက်အတွင်း ထားရှိရောင်းချနေခြင်းများပြားနေဆဲဖြစ်ရာ သက်ဆိုင်ရာမှ အရေးယူပေးသင့်သည်ဟု ယင်းစက်သုံးဆီအရောင်းဆိုင်များဝန်းကျင်နေသူများက ဆိုသည်။

သို့မှသာ နာဂစ်ဒဏ်ခံအပြီး ဆယ်စုနှစ်တစ်စုကာလအတွင်း ဖွံ့ဖြိုးလာသော မြို့ပြသည် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းမှ ကင်းဝေးလာမည်ဟု ဒေသခံများက ဆိုသည်။

မောင်စေအောင်